

www.burmeseclassic.com
လုံးချင်းဝတ္ထုသစ်
ရင်မြတ်နိုး
နက်ရှိုင်းသော
ကမ္ဘာသစ်တစ်ခုဆီ
BURMESE CLASSIC .com
2013
www.burmeseclassic.com

www.burmeseclassic.com

# နက်ရှိုင်းသော
# ကမ္ဘာသစ်တစ်ခုဆီ

## ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင် ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုရှိုင်မာရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေး ... 
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

မိုးလပြည့် စာပေ
အမှတ်–၂၂၃၊ ၃–လွှာ၊ ၃၁–လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
: ၀၉ ၅၁၆၃၇၆၄၊ ၀၉ ၅၀၈၉၈၉၄

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြေသံ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဗိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅-၈၃

ရှင်မြတ်နိုး

နက်ရှိုင်းသောကမ္ဘာသစ်တစ်ခုဆီ/ရှင်မြတ်နိုး။ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၃။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) နက်ရှိုင်းသောကမ္ဘာသစ်တစ်ခုဆီ


BURMESE CLASSIC .com

အခန်း ( ၁ )

ဒီအချိန်လောက်ဆိုရင် ...

ညီပြာညက်တစ်ယောက် စပို့ရှပ် အဖြူရောင်လေး၊ ပေါင်ရင်းလောက်တိုတို ဘောင်းဘီလား စ ကပ်လားပင်မသိတဲ့ အနက်ရောင်လေးနှင့် တွဲဖက်ဝတ်ဆင်၍ အားကစားကွင်းထဲ ရောက်နေပြီ ဖြစ်သည်။

အအိပ်ကြီးလွန်းတဲ့ ညာဏ်သော်တစ်ယောက် စောစောစီးစီးသူလည်းထပြီး အားကစား ဝတ်စုံကိုလဲပစ်လိုက်၏။

မေမေက ထလာသေးသည်။

"ညာဏ် သားစောစောစီးစီး ဘယ်သွားမလို့လဲ၊ ထူးထူးဆန်းဆန်း ငပျင်းလေးကများ စာကျက်ဖို့ နိုးရင်မထဘူး"

"ညာဏ် အားကစားလုပ်မလို့ မေမေ ... ကျန်းမာရေးအတွက်ပါ"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ရွှေဉာဏ် နွေခေါင်ခေါင်ကြီး ဘာအားကစားလဲ ချွေးတွေထွက်ရတဲ့အထဲ"

"သွားပြီနော် မေမေရေ"

ဒီနေ့တော့ ဘယ်သူတွေ လာတားတား ...

ဉာဏ်ကတော့ မြို့နယ်အားကစားကွင်းကို သွားရမယ်။

ဘာဖြစ်လို့လဲဆိုတော့ ညိုပြာညက်ကြောင့်လေ။

နွေစဉ် မနက်စောစောစီးစီး ညိုပြာညက်က အားကစားလုပ်တတ်ကြောင်း သူသတင်းရထားသည်။

"ညိုပြာက ရုပ်ရှင်မင်းသမီးရူးလေ ... ကိုယ်ကာယလှဖို့ရော ကျန်းမာသန်စွမ်းဖို့ရော အားကစားလုပ်တယ်၊ နေပူပူ မိုးရွာရွာပဲ"

ညိုပြာညက်သူငယ်ချင်း ပန်းနုလွှာက ပြောတာ။

ဉာဏ်တို့ သူငယ်ချင်းသုံးယောက် ရှိနေသည်။

ပန်းနုလွှာ ...

ညိုပြာညက် ...

ဉာဏ်သော် ...

မူကြိုတက်ထဲက အတူတူ။

မိခင်တွေချင်းကလည်း သူငယ်ချင်းတွေ။

ဆယ်တန်းစားမေးပွဲ ဖြေပြီးသည်အထိ သူငယ်ချင်းတွေပဲ။

ဆယ်တန်းစာမေးပွဲကလည်း ဖြေပြီးသွားတော့ ဉာဏ်သော်





လွတ်ချင်တိုင်းလွတ်နေ၏။

ဘယ်သူကပဲဖြစ်ဖြစ် စာမေးပွဲ ဖြေနိုင်လားလို့မေးရင်တောင် စာရင်းထွက်မှသိမယ်ဟု ဖြေခဲ့သည်။

"ဟုတ်တယ်လေ ဒီအချိန်မှာမေးရင်တော့ ဖြေနိုင်တယ်ပဲ ပြောကြမှာပဲ စာမေးပွဲအောင်စာရင်း ထွက်မှအားလုံးသိရတာပဲ"

ဉာဏ်သော် ဆယ်တန်းစာမေးပွဲ ဖြေခါနီးမှ အသည်းနှလုံးတွေက အချစ်တွေယိုဖိတ်ရာကနေ သူငယ်ချင်း ညိုပြာညက်ကိုမှ ချစ်မိသွားရသည်။

ပေါ်တင်လည်း မပြောရဲ။ ပြာပြာက မာနကြီးကြီး သူ့ကို နည်းနည်းလေးမှ အထင်ကြီးတာမဟုတ်။

ပြာပြာ စိတ်ဆိုးမှာကြောက်၍ စာမေးပွဲပြီးသည်အထိ အောင့်အီး သည်းခံနေရသည်။

"ပြာပြာရေ ဘယ်လိုလုပ်မလဲ၊ ဉာဏ်သော် ဆိုတဲ့ကောင်က သူငယ်ချင်းအဖြစ်ကနေ ရုပ်စဲပြီး ချစ်သူတွေအဖြစ် ပိုင်ဆိုင်လိုနေတယ်လေ"

သူငယ်ချင်း သုံးယောက်ထဲတွင် ပန်းနုလွှာ (ခေါ်)လွှာလွှာ့ ထံ ရင်ဖွင့်ပြောပြ အကူအညီတောင်းဖြစ်ပေမယ့် လွှာလွှာက ပိုဆိုးသေးတယ်။

စာဂျပိုး ကျောင်းစာမှကျောင်းစာ။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေကလည်း ချမ်းသာသည်။

သူ့အဖေက နိုင်ငံခြားမှာ အလုပ်လုပ်နေတာ။

အချစ်ရေးတွေဘာတွေ သွားပြောလိုက်ရင် သူငယ်ချင်းအဖြစ်ကတောင် ရပ်စဲပစ်လိုက်နိုင်၏။

ညဏ့်ဘာသာ ပြာပြာ့ကို နှစ်ယောက်ထဲ တွေ့နိုင်မည့် အခွင့်အရေးကို ရှာရမည်ဖြစ်သည်။

"ပြာပြာရယ် နှလုံးသား ခံစားချက်ဆိုတာ ခက်တယ်ဟာ ညဏ်လည်း ဘယ်လိုဖြစ်သွားမှန်းမသိဘူး ... ပြာပြာ့ကို ချစ်မိသွားတယ်"

ညဏ်သော်နှင့် ပြာပြာကတော့ စီးပွားရေး အသင့်တင့်ပဲ ရှိကြသည်။

ညဏ့်အဖေက ကုမ္ပဏီမှာ ကားမောင်းတာပါ။

မေမေက ပွဲစား တစ်ခါတစ်လေတော့လည်း အဆင်ပြေပါတယ်။

ညဏ်သော့်မှာ ညီမလေးတစ်ယောက်ရှိသည်။

ငယ်သေး၏။

အခုမှ ငါးတန်း။

ပြာပြာ့မှာ အဖေမရှိတော့။

အမေက ဈေးထဲမှာ အဝတ်အထည်ဆိုင် ဖွင့်ထား၏။ သူတို့





မိခင်သုံးယောက်ကလည်း ကျောင်းနေဖက်သူငယ်ချင်းတွေပဲ။

"ပြာပြာရယ် နင်နဲ့ငါကသူငယ်ချင်းတွေလေ ... နင်က တစ်နေ့တခြား ချောလာတယ် ... အားကစားလုပ်တော့ တကယ် တောင့်တယ်၊ ဒါကြောင့် ... ငါချစ်မိသွားတာထင်တယ်"

ညဏ့်အိမ်နှင့် အားကစားကွင်းက နည်းနည်းဝေးသည်။

ပြာပြာတို့ အိမ်နဲ့က နီးတာပဲ။

ညဏ်နှင့်လွှာလွှာက အိမ်ချင်းသိပ်မဝေး။

လွှာလွှာတို့က ခြံဝန်းနှင့်နှစ်ထပ်တိုက်။

ညဏ်စက်ဘီးကို အားကုန်နင်းရင်း အားကစားကွင်းဆီ ရောက်လာသည်။

"ညဏ် ရှင်က အားကစားလုပ်မလို့လား"

"ဟင် ... လွှာလွှာ နင်ကရော"

"လွှာကတော့ စိတ်မပါဘူးဟာ၊ ပြာလေးအတင်း ဖုန်းဆက်ခေါ်လို့ပါ၊ သူနဲ့ အားကစားလာလုပ်တဲ့"

"ဟုတ်လား"

"အင်းလေ"

သေရောပဲ သူက ပြာပြာတစ်ယောက်ထဲ ရှိမယ်ထင်တာပါ။

နှစ်ယောက်ထဲ တွေ့ချင်ပါတယ်ဆိုမှ ငရှုပ်မ ...

လွှာလွှာကလည်း စက်ဘီးနှင့်ပဲ အားကစားဝတ်စုံနှင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာအနီရောင်၊ အောက်က အဖြူရောင်ဘောင်းဘီရှည်နှင့် ဉာဏ်နှင့် တိုင်ပင် မထားဘဲ လာတူနေကြသည်။

"နင်က"

"နင်ကရော"

"နင်ငါ့ဝတ်စုံကို လာချောင်းကြည့်ပြီး လိုက်ဝတ်တာမဟုတ်လား လှလှ ..."

"အမယ်လေး ကြီးကြီးကျယ်ကျယ် နင့်ကိုသတိတောင် မရဘူး၊ စိတ်ကူးထဲမှာတောင် မရှိတာ၊ လှာက ကျောင်းစာပဲ စိတ်ဝင်စားတာဟဲ့၊ ငါ အခုလေ တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူးဘယ်နှစ်ခုပါမလဲ၊ မြန်မာပြည်တစ်ပြည်လုံး ပထမ ဖြစ်ချင်တာ၊ အရမ်းတော့ ဖြေနိုင်တယ်၊ ငါကနိုင်ငံခြားမှာ ကျောင်းသွားတက်မယ် ... အမေရိကားလေ"

လှာလှ့ စကားတွေ၊ အတွေးတွေက မြင့်လွန်းလို့ ဉာဏ် အမြင်ကတ်တာပဲ။

မိဘတွေကလည်း ငွေကြေး အဆင်ပြေကြသည်။

လှာလှာ ရည်မှန်းနိုင်တာပဲ။

ဉာဏ်ကတော့ ကျမလားတောင် မသိဘူး။

စာမေးပွဲဖြေကာနီးမှ အချစ်တွေပဲ တွေးနေမိသည်။

"ပြာလေး အတင်းခေါ်တာနဲ့ စာမေးပွဲလည်းပြီးပြီပဲတဲ့၊ သူ





ကအလှအပကို ဦးစားပေးနေတာ ... လှာက ပညာရေးပဲ"

လှာ စိတ်ညစ် ပူပူအိုက်အိုက်ကြီး ဖြာကတော့လေ တစ်ရက်တောင် အားကစားလုပ်တာ မပြတ်ခဲ့ဘူး။

လှာကအိမ်မှာပဲလုပ်တာပါ။

လှာ့အခန်းထဲမှာ စက်တွေရှိတယ်။

အအေးခန်း။

အခုတော့ ပူလိုက်တာ။

"နင်ကရော ဉာဏ် ငပျင်းကထူးထူးခြားခြားပါလား၊ နင်မရှိးတော့ဘူးနော် ကောင်စုတ်"

"ဘာမရှိးသားတာလဲ ငါစာတွေ ကျက်စရာမရှိတော့ ပျင်းပြီး ယောင်ချာချာဖြစ်လာလို့ ထွက်လာတာ"

"အောင်မယ်လေး ... ရွှေဉာဏ် နင်ကများ စာတွေဘယ်လောက်ကျက်လို့လဲ ... အန်တီမေကပြောတယ် နင်စာမကျက်လို့ စိတ်ညစ်တယ်တဲ့"

"ဘာပြောတယ်"

"နင့်အမေက ပြောတာပဲလေ"

မေမေကတော့ဗျာ လွန်တယ် ...

ကိုယ့်သားအကြောင်း မကောင်းပြောရလား ...

လှာလှာက အထင်သေးချင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာ ကြားသွားရင် ဘယ်လိုလုပ်မလဲ ...

လွှာ့ကိုပိတ်ရင်လည်း ပြောမှာပဲ ပိုတောင်ဆိုးဦးမယ်။

"သွားမယ်လေ ... ကောင်းတာပေါ့ဟဲ့ သုံးယောက်ဆိုတော့ မပျင်းတော့ဘူးပေါ့၊ ပြာ ... စောင့်နေလိမ့်မယ်"

"ငါလည်း ပျင်းတော့ပျင်းပေမယ့် ပြာပြာ့ကို အားကျလို့လေ"

"သွားကြမယ်"

ပြာပြာ့ကို အားကျလို့တဲ့။

ရွှေဉာဏ် မဖြစ်နိုင်တာ။

အဓိပ္ပာယ် မရှိဘူး။

ငပျင်းကများ။

လွှာ့နှုတ်ခမ်းလေးက တွန့်မဲ့နေသည်။

ပြာပြာက စောင့်နေ၏။

ဉာဏ်သော့်ကို တွေ့တော့ လွှာ့လိုပဲ နှုတ်ခမ်းလေး တွန့်မဲ့သွားသည်။

"နင်ရောလား"

"ဘာလဲဟ၊ ဉာဏ် အားကစားလာလုပ်တာ နင်တို့က ဘာဖြစ်လို့ အထူးအဆန်းဖြစ်ရတာလဲ"

"နင် စိတ်ဝင်စားလာတော့လည်း ဝမ်းသာပါတယ် ပြာတို့





အဖော်ရတာပေါ့"

လွှာ နင်ငရှုပ်မ ပြာနဲ့ငါ နှစ်ယောက်ထဲဆိုရင် အိုကေမှာပဲ။

စောစောစီးစီး ထလာခဲ့တာ။

ပြာပြာ အရမ်းချောသည်။

ပေါင်တံဖွေးဖွေးလေးတွေက ဖြောင့်စင်းနေတာပဲ။

နုနုဖတ်ဖတ် မျက်နှာလေးက မင်းသမီးရှုံးမယ်။

"ဟဲ့ ရွှေဉာဏ် ... ပြေးလေ အားကစားကွင်း တစ်ပတ်"

"နင်တို့ဟာ နင်တို့ ပြေးပါ၊ ငါက ကြက်တောင်ပဲရိုက်မှာ"

ဉာဏ်က အကြံနှင့် ပြာပြာ့ကိုတွေ့လျှင် နှစ်ယောက်သား ကြက်တောင်ရိုက်ဖို့အတွက် ယူလာခဲ့တာပါ။

"ဟဲ့ ... နင်ကဘယ်သူနဲ့ ရိုက်မလို့လဲ၊ နင်တစ်ယောက်ထဲ ရိုက်မှာလား"

"ကြက်တောင်ပဲ တစ်ယောက်ထဲရိုက်လို့ရတယ် ... ငါက ဟိုနံရံကိုရိုက်မှာ ဘောလုံးနဲ့လေ"

ကံကောင်းသွားတာက သူ့အိတ်ထဲမှာ ဘောလုံးအသေးလေး တစ်လုံးပါလာခဲ့သည်။

"လွှာ နင်ဟာလေ ... ကြံကြံဖန်ဖန် တွေးတတ်တယ်"

လွှာ့စကားကြောင့် ...

ဉာဏ် ကယောင်ကတမ်းနှင့် အူတူတူ ဖြစ်သွားရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲထိန်းနိုင်ပြီး ဘောလုံးကို ထုတ်၍ အားကစားကွင်း အုတ်တံတိုင်းကို ရိုက်ပစ်သည်။

"လှသာ နင်ရှုပ်လို့ပဲ၊ ပြာပြာနဲ့ငါ နှစ်ယောက်ထဲ ဘယ်လောက် ငြိမ့်လိုက်မလဲ"

လှသာနှင့်ပြာပြာတို့က ကွင်းတစ်ပတ် ပြေးနေကြသည်။

ညဏ် လိုက်လို့ကောင်းမလား။

မိန်းကလေးတွေနှင့်သူ ဒေါသဖြစ်ဖြစ်နှင့် အားကစားကွင်း အုတ်တံတိုင်းကိုပဲ ဘောလုံးနှင့် တဖောင်းဖောင်း ရိုက်ပစ်လိုက်၏။

ပြာပြာက ရှေ့မှပြေးနေကာ လှသာလှသာက မောနေသည်။

"လှသာရ နင်စာဂျပိုးပဲ လုပ်နေတယ် ... ကြည့် မောနေပြီ"

"ကွင်းကြီးပတ်ပြေးရတာကိုဟာ၊ လှသာက အိမ်မှာပဲ စက်တွေနဲ့ လုပ်တာ"

"လှသာ သက်တောင့်သက်တာ လုပ်နေတာပါ ပြာ သိတယ်၊ အခုလို ပြာပြာ့ ခန္ဓာကိုယ်လေး ကျော့ရှင်းတောင့်တင်းနေတာ အားကစားကို ငယ်ငယ်လေးထဲက လိုက်စားထားတာ နင်သိပါတယ်"

"အင်း"

"လှသာ အရမ်းမောလာပြီ၊ ခဏနားအုံးမယ်လေ ပြာရာ"

"နားလေ ပြာတော့ဆက်ပြေးဦးမယ်"





သူ့နားရောက်တော့ လှသာက ရပ်ပစ်လိုက်သည်။

နားနေ၏။

ညဏ် ဘယ်လိုလုပ်ရမလဲ။

ပြာပြာ့နောက် လိုက်သွားချင်သည်။

"ညဏ်"

"ဘာလဲဟ"

"နင့်မျက်နှာကြီးက ဘာဖြစ်နေတာလဲ ညဏ်ရ၊ အောက်သိုးသိုးကြီးနဲ့ပါလား ... ဘာဖြစ်လာလို့လဲ"

"အဲဒါကြောင့် ငါအားကစားလုပ်မလို့ အစောကြီးထွက်လာတာလေ၊ မေမေနဲ့ ကျိုင်ပူလာလို့"

"နင်ကလဲနင်ပဲ ... အန်တီနှင်းဆီ စကားမှနားမထောင်တာ အန်တီက စာပဲကြိုးစားစေချင်တာလေ"

"ဘာဖြစ်လို့ နင်ကရော ငါ့ဆို မကောင်းပြောနေရတာလဲ လှသာ"

"စေတနာနဲ့ပြောတာပါဟ"

"တော်ပြီဟာ ပြေးလိုက်အုံးမယ် ... နင် နေခဲ့တော့"

"ညဏ် ... ရွှေညဏ်"

သူပြေးထွက်လာခဲ့သည်။

ပြာပြာနောက် လိုက်ချင်နေတာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



လှာလှာ ရှုပ်နေလို့ ပြာပြာ့နားရောက်လာသည်။

"ဟဲ့ညာဏ် … လှာတစ်ယောက်ထဲ ထားခဲ့လား"

"စကားများလို့"

"ညာဏ်ကလဲ"

"ညာဏ့်ကို ဆုံးမစကားပြောလို့ ထွက်လာတာ နားငြီးလာလို့ ထွက်လာတာလေ"

ပြာပြာနှင့်ယှဉ်၍ ညာဏ်ပြေးရတာ … ဘယ်လောက်များ ရင်တုန်ရလဲ …

ပြာ့မျက်နှာလေးကို မသိမသာခိုးကြည့်ရင်း ညာဏ် တစ်ယောက် မိုးမမြင်လေမမြင် ပျော်သွားရတာ ရှေ့မှာ တားထားတဲ့ အကာအရံကို မတွေ့တော့ဘဲ တိုက်မိလေသည်။

"အား … အမယ်လေး"

"ဘုန်း"

"ဒုက္ခပါပဲဟယ် … ညာဏ် ဘယ်လိုဖြစ်ရတာလဲ"

"အား … ကျွတ် … ကျွတ် မမြင်လိုက်ဘူးဟာ"

"ထနိုင်လား"

"မထနိုင်တော့ဘူး"

"ပြာ … ထူပေးပါ့မယ်"

ပြာပြာက သူ့ကိုဆွဲပြီးထူပေးစဉ် သူက ထနိုင်လျက်နှင့်





မျက်နှာကိုရှုံ့မဲ့၍ မထနိုင်သလိုလဲပြိုကျတော့ ပြာပြာကဆက်ပြီး တွဲထားသည်။

"နင်ကလဲဟယ် ရရဲ့လား … ညာဏ်တစ်ကောင်ကလည်း ဘာကယ်ပါပဲ၊ ထလေ အရမ်းနာသွားလား ဘယ်ထိသွားလဲ"

"ဘာမှတော့ မဖြစ်ပါဘူး ပြာပြာရာ၊ ညာဏ်တော့ ဒီနေ့တစ်နေ့လုံး ကံမကောင်းဘူး၊ အမေနဲ့လည်း ကျိုင်နေတယ်"

"ဘာဖြစ်လို့လဲ ညာဏ် အန်တီနှင်းဆီက သနားပါတယ်၊ သားသမီးတွေအတွက် အမြဲတမ်း ပြာယာခတ်အောင် စီစဉ်ပေးနေခဲ့တာပါ"

"ညီမလေးအတွက်ပါဟာ ညာဏ့်အတွက် နည်းနည်းလေးတောင် ဂရုစိုက်တာမဟုတ်ဘူး … ပြဿနာပဲရှာနေတာဟ"

ပြာပြာများ သနားမလားလို့ မေမေနှင့်ကျိုင်တက်လာသည်ဟု လုပ်ကြံပြောပစ်လိုက်သည်။

"ပြာပြာ"

"ဟင်"

"နင်က မင်းသမီးဖြစ်ချင်တာနော်"

"အင်းလေ"

"နင်က အရမ်းချောတယ်၊ အရုပ်အမောင်းရော၊ ခန္ဓာကိုယ်အလှရော … တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ နာမည်ကြီးမှာသေချာ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ဟုတ်လို့လား ညဏ်ရ ... နင်ကလည်း ဘယ်တုန်းကမှ ငါ့အလှအပတွေကို အာရုံစိုက်သွားရတာလဲ”

ပြာပြာက ရယ်မောပြောဆိုသည်။

ညဏ် ဘာဆက်ပြောရမှန်းမသိ။

ငယ်သူငယ်ချင်းတွေ ဖြစ်ကြပေမယ့် ပြာပြာ့ကို ချစ်တယ် လို့ပြောဖို့ တော်တော်လေး စဉ်းစားနေရ၏။

ဒီကြားထဲ ပြာ့ကို ညုကလီးယားလွှတ်ဖို့ စကားလုံးနုနုလေး ရွေးချယ်နေတုန်း ရှေ့ပ်မလွှာလွှာ ရောက်လာ၍ ပြာပြာ ထားခဲ့ပြီး သူ ဆက်ပြောလာခဲ့ရသည်။

ကု

အခန်း ( ၂ )

“ပြာပြာ ညဏ်ကကြောင်ပဲ တကယ့်ကို အူတူတူနော်”

“အင်းလေ ဘာကောင်မှန်းမသိဘူး ... လွှာ နင့်ကိုတော့လေ ကျန်းမာရေးကောင်းစေချင်တယ်၊ နင်ကနိုင်ငံခြားမှာ သွားနေမှာမဟုတ်လား ... စာလည်း စာပေ့ါဟယ်”

“အင်းပါ ကျေးဇူးရှင်ကြီးရဲ့”

“ညဏ် လာတော့လည်း အဖော်ရတာပေါ့”

“အင်း”

အားကစားကွင်းကနေ ပြာပြာ့ကို စက်ဘီးပေါ်တင်နင်းပြီး ပြန်ပို့ခဲ့သည်။

ပြာပြာ့အမေက အလှအပတွေပြင်ပြီး အပြင်ထွက်ဖို့ ပြင်နေ၏။

သမီးကို လွှာ့မာမီလောက် ဂရုမစိုက်ဘူးဟုထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြာ ပြန်လာပြီလား ... လွှာလွှာလေးရော ပါလာတာပဲ၊ အိမ်ထဲဝင်အုံးလေ ... တစ်ခုခုစားသွား"

"ဟုတ်တယ်လွှာရ အိမ်ထဲဝင်အုံး ... မေမေက အပြင်သွားမှာဟ ပြာတစ်ယောက်ထဲ"

လွှာက Speaking တက်နေလို့ မနေချင်။

သူငယ်ချင်းတွေနှင့် အချိန်မဖြုန်းချင်၍ ဖြစ်သည်။

"မနေတော့ဘူး ပြာ ... ငါလည်း သင်တန်းသွားရဦးမယ်"

"လုပ်ပြီဟာ"

"လွှာလေးက စာအရမ်းကြိုးစားတာပဲ၊ ပြာပြာကတော့လေ ရုပ်ရှင်မင်းသမီးတဲ့ မော်ဒယ်လုပ်မယ်တဲ့ သူ့ဆန္ဒပဲလေ"

ပြာ့မေမေ ဒေါ်လှလေးကတော့ ... အိတ်လေးဆွဲပြီး ထွက်သွားသည်။

ပွဲစားတဲ့။

ပြာ့အတွက်တော့ ရင်လေးစရာပဲ။

အန်တီလှလေးကို ကြည့်ရတာ အပူအပင်ကင်းမဲ့နေပြီး အရွယ်နှင့် မလိုက်ဖက်စွာ အလှအပတွေ ပြင်လွန်းနေသည်ဟု ထင်သည်။

"ငါသွားပြီ ပြာပြာ"

"လွှာ"





"ဟင်"

"နင့်အမေက နင့်ကိုအရမ်း ဂရုစိုက်တယ်လို့ ငါထင်တယ် ငါ့အမေကတော့လေ ငါ့အတွက်ဆို စိတ်ထဲမှာမထည့်ထားဘူး ... လောင်းကစားဝိုင်းတွေမှာ အချိန်ကုန်နေတာ နင်သတိထားမိလား"

"ဟင် ... ဟုတ်လား ပြာ"

"ဟုတ်တယ် ... ပြာလေ ... ရုပ်ရှင်မင်းသမီး ဖြစ်ချင်တယ်၊ ပြီးတော့လေ ... ပြာလက်ထပ်မယ်ဆိုရင်တောင် ချမ်းသာတဲ့ယောက်ျားကိုပဲ လက်ထပ်မယ်"

"နင်ကလဲဟယ်"

"တကယ်ပြောတာဟ ... ဘဝတူချင်း စိတ်ကူးထဲတောင် မထည့်ဘူး၊ နင့်ဘဝကိုလည်း ငါအရမ်းအားကျတာပဲ၊ ဟဲ့ ... နင်တို့အိမ်ကိုလာလာနေတဲ့ ကိုသတိုးဆွေဆိုတာလေ နင်နဲ့ဘာလဲ"

"ဘာမှမဟုတ်ဘူး၊ ဟဲ့ ... ပြာပြာ ကိုသတိုး လာလည်တာမှ နှစ်ခါပဲရှိသေးတယ်"

"နှစ်ခါလုံး ပြာနဲ့ဆုံတယ်လေ လွှာပဲမိတ်ဆက်ပေးတာ"

"အင်း ... ဟုတ်တယ်နော်"

"လွှာ့မာမီက လွှာနဲ့များ မှန်းထားတာလား"

"မဟုတ်ပါဘူး၊ ဒယ်ဒီ့ကိစ္စကြောင့်ပါ မာမီနဲ့ပြောနေတာပဲ တို့ထက်အသက်ကြီးတယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းချမ်းသာပုံပဲနော်"

"နင်စိတ်ဝင်စားနေပြီလား ပြာ"

"အင်း"

"ငါ ငှါးပေးမယ်"

"တကယ်လား"

"တကယ်ပေါ့ဟဲ့"

"ဒီတစ်ခါလာလည်ရင်လေ ပြာ့ဆီခေါ်လာခဲ့မယ် သိလား"

"ကျေးဇူးရှင်မကြီးရဲ့ ကျေးဇူးကို လုံးဝမမေ့ပါဘူးနော်"

ပြာတို့ အိမ်ကနေထွက်လာတော့ သူမတို့ ရပ်ကွက်လမ်းထိပ်မှာ ညဏ်ကိုတွေ့ရသည်။

လွှာနှင့်ညဏ်က ရပ်ကွက်ချင်းက မျက်နှာချင်းဆိုင်။

ညဏ်တို့က အလယ်အလတ်ရပ်ကွက် လွှာတို့နေတာက သူဌေးရပ်ကွက် ခြံကြီးဝန်းကြီးတွေနှင့် နေထိုင်ကြသည်။

"နင် အခုမှပြန်လာတာလား လွှာလွှာ"

"အင်း ... ပြာတို့အိမ်မှာ ဘယ်သူမှမရှိလို့ စကားဝင်ပြောနေတာ"

"ဒါဆို အိမ်မှာ ပြာပြာတစ်ယောက်ထဲပေါ့"

"အင်း"

သူသွားရင်ကောင်းမလား ပြာပြာတစ်ယောက်ထဲတဲ့။

**ဖိုးလပြည့်စာပေ**



သူတို့နှင့်ပြာပြာက နည်းနည်းလေးလှမ်းနေသည်။

"နေပါဦး ... ရွှေညဏ်က မပြန်သေးဘဲ ဘာလုပ်နေတာလဲ၊ ငွှာ့ကို စောင့်နေတာလား"

"မစောင့်ပါဘူး၊ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့နေလို့ အက်ဖက်ရှည်ဆိုင်ထိုင်ပြီး ထလာတာ"

"သွားတော့မယ်"

လွှာ့ကိုပြောပြပြီး အကူအညီတောင်းရင် ကောင်းမလားပဲ ဖြစ်သေးပါဘူး။

လွှာက ရည်းစားထားတာတွေ ဘာတွေမကြိုက်ဘူး။

ပြီးတော့ သူငယ်ချင်းဖြစ်နေတယ်။

ပြာ့ဆီပဲ သွားရမယ်။

"ညဏ်"

"ဟင်"

"နင်ဘာတွေ ဖြစ်နေတာလဲ အူကြောင်ကြောင်နဲ့"

"ဘာမှမဖြစ်ပါဘူး၊ နင်ကလဲ ဘာအူကြောင်ကြောင်လဲ"

ဒီကောင်ညဏ် မရိုးတော့ဘူး။

ရှက်ကိုးရှက်ကန်းနဲ့ပဲ ...

ပြာနဲ့လွှာ တစ်ယောက်ယောက်ထဲက ဘယ်သူ့ကိုကြိုက်နေတာလဲ။

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



လွှာ့ကိုလား မဖြစ်နိုင်ပါဘူး။

ပြာ့ပဲ ဖြစ်မယ်။

ပြာက ပြင်ပြင်ဆင်ဆင်နဲ့ အပျိုကြီးရှုံးတယ်။

"ငါသွားပြီနော် ဉာဏ်"

"အေး"

ဉာဏ်ရပ်နေဆဲပင် ...

လွှာလည်းသူမတို့ရပ်ကွက်ဘက် စက်ဘီးကိုနင်းလာခဲ့သည်။

မာမီကဒယ်ဒီနှင့် ဖုန်းပြောနေ၏။

လွှာ့မာမီက မိသားစုကိစ္စတွေကို သမီးအား အသိမပေးတတ်။

"သွား ... သွား ရေချိုးအဝတ်စားလဲ"

"အင်းပါ"

သူမအခန်းဆီပဲ အပြေးကလေးလာခဲ့သည်။

လွှာ့ဘဝက ဒယ်ဒီနိုင်ငံခြားမှာ နေတာကလွဲပြီး အရာရာပြည့်စုံခဲ့သည်။

ဒယ်ဒီက ငွေပို့ပေးခဲ့၏။

သမီးလေးမျက်နှာမငယ်စေရ။

အိပ်ခန်းထဲရောက်တော့ အဝတ်အစားလဲပြီး ရေချိုးခန်းထဲဝင်မည်လုပ်တော့ မဆီမဆိုင် ဉာဏ်သော်ကို သတိရမိသွားသည်။





"ဉာဏ်သော် ဒီကောင်မရိုးတော့ဘူး ... ပြာပြာ့ကိုများကြိုက်နေတာလား ပြာပြာ့ဆီ ဖုန်းဆက်မေးရင် ကောင်းမလားပဲ၊ ဟွန်း ... လွှာနဲ့ ဘာဆိုင်လို့လဲ၊ သူ့ဘာသာ သူ ကြိုက်ချင်ရာကြိုက်လေ၊ ဉာဏ် အလကားကောင် ဘာမှအသုံးကျတာမဟုတ်ဘူး"

ဉာဏ့်ကိုလွှာ ပိုပြီး သံယောဇဉ်တွယ်ရပေမယ့် ဒီကောင်က ပြာမှပြာ အလှမက်တယ်။

လွှာလည်း ချောမောလှပသူပါပဲ။

ပြာ့လောက် အလှအပမပြင်လို့။

မာမီကလည်း ပညာရေးပဲ အလှအပနဲ့ အဝတ်အစားတွေမှာ မသုံးပေ။

"သမီးလွှာ အရေးကြီးတာက တစ်နေ့နေ့မှာ ပညာတက်တစ်ယောက်ဖြစ်ဖို့ပဲ ... တစ်ဦးတည်းသော သမီးလေးဖြစ်လို့ မာမီစိတ်ပူတယ်"

မာမီကပြောထားသည်။

လွှာလည်းပညာရေးကို စိတ်ဝင်စားပါတယ်။

တခါတလေတော့လည်း ဉာဏ်သော့်ကို သတိရမိသလိုပဲ လွမ်းဆွတ်နေသည်။

လွှာ့ နှုတ်ခမ်းလေးတွေစုထော်ပြီး ဉာဏ့်အကြောင်း မတွေးတော့ဘူးဟု စိတ်ကူးပြီး ရေချိုးခန်းထဲဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီး အပြင်ပြန်ထွက်လာတော့ မာမီကအိမ်ရှေ့မှာ နှင်းဆီရောက်နေလို့ မာမီက အပြင်သွားဦးမယ်တဲ့။

"ညဏ်မေမေ ရောက်လာတာလား"

"ဟုတ်တယ် ... မာမီ အပြင်ကို သွားဦးမယ်"

"ဒယ်ဒီက ဘာပြောသေးလဲ၊ ဘယ်တော့လောက် ပြန်လာမှာလဲ"

"တစ်လလောက်ပဲ ကြာမယ်သမီး၊ ဒယ်ဒီပြန်လာမှာပါ"

"ဝမ်းသာလိုက်တာ မာမီရယ်၊ ဒယ်ဒီ့ကို တွေ့ချင်နေတာ၊ ပူဆာစရာတွေလည်း ရှိလို့ပါ"

"သွားပြီနော် ... သမီးလည်း ကျူရှင်သွားရမယ်မဟုတ်လား၊ ဒရိုင်ဘာပို့လိုက်မယ်"

"ဟုတ်"

မာမီထွက်သွားသည်။

ညဏ်မေမေက ပွဲစားမို့ တခါတလေ မာမီက မိတ်ဆွေတွေ စပ်ပေးတတ်သည်။

ပြာ့မေမေကလည်း ပွဲစားပဲ။

ဒါပေမယ့် အကျင့်စရိုက်ချင်းက ဆန့်ကျင်ဘက်ပါ။

ညဏ် မေမေက ရိုးသားသည်။

သူ့သားသမီးတွေအတွက် အမြဲတမ်းအလုပ် ကြိုးစားဖြစ်





သည်။

"ညဏ် ... နှင်းရော ပြာပြာ့ဆီရောက်နေပြီလား"

ညဏ် ဘယ်မှာလဲဆိုတာ လွှာသိချင်နေသည်။

သူမ ဖုန်းဆက်ပြီး စပ်စုမယ်ပဲရှိသေးတယ် ပြာကဖုန်းဆက်၏။

ညဏ် ရောက်နေတယ်တဲ့ တို့တွေ ထမင်းလက်ဆုံစားဖို့ နှင်းလာခဲ့တဲ့။

"လွှာက ကျူရှင်သွားရအုံးမယ်ပြာပြာ ... နှင်းနဲ့ညဏ်ပဲ စားကြပါတော့ဟာ"

ညဏ်ကပြာ့ဆီက ဖုန်းကိုယူပြီး သူမကိုပြောသည်။

"လွှာလာခဲ့ပါ ... တို့နှစ်ယောက်ထဲလေ နှင်းမပါလို့တကယ်ပဲ စိတ်မကောင်းဘူးဟာ"

"မလာပါဘူး ... နှင်းကတမင် နှစ်ယောက်ထဲနေချင်လို့ သွားတာလေ ... လွှာ မသိဘူးထင်နေလို့လား ရွှေညဏ်"

"နှင်းကလဲ နှင်းသိရင်နင့်ဝမ်းထဲထား ... နင်မလာဘူးလား လွှာလွှာစုတ်"

"မလာဘူး"

"ပြီးရောဟာ"

ညဏ်ကတော့ လွှာလွှာမလာဘူးပဲ ငြင်းပါစေဟု ... ဆု



www.burmeseclassic.com

www.burmeseclassic.com



တောင်းပြည့်ဝသွားသည်။

တကယ်ပဲ လွှာကပြင်းနေ၏။

ညဏ် ကံကောင်းတာပဲ။

"ဘာတဲ့လဲ ညဏ်"

"မလာနိုင်ဘူးတဲ့ ... သူက သင်တန်းသွားရမှာတဲ့ သူက ပညာရေးမှပညာရေးပဲ"

"တကယ်ပါပဲ ညဏ်ရယ်၊ လွှာကတော့လေ ... မတတ်နိုင်ဘူးလေ၊ ငါလည်း ပျင်းနေတာပဲ၊ တို့နှစ်ယောက်ပဲစားမယ်"

"ကောင်းတယ်ပြာပြာ ... ဘယ်တတ်နိုင်မလဲဟ ... တို့နှစ်ယောက်ပဲ စားကြမယ်"

"အင်း ... တို့နှစ်ယောက် ခေါက်ဆွဲပြုတ်စားကြမလား"

"ပြာတော့ မပြုတ်တက်ဘူး ... ပြာ့လက်သည်းတွေ ထိမှာကြောက်လို့ ညဏ်ပြုတ်တက်လား"

"ရတာပေါ့ ... ခေါက်ဆွဲပြုတ်လေးလောက်တော့"

"ထမင်းကလဲ နှစ်ယောက်ထဲ စားရတာပျင်းတယ်၊ ခေါက်ဆွဲပြုတ်စားမယ်၊ ကြက်ဥလည်းထည့်နော်"

"အင်းပါပြာ ... ဒီမှာပဲထိုင်နေ ညဏ်လုပ်ပေးမယ်"

"ညဏ်ကရော လက်ကျောတင်းတင်း လုပ်တတ်လို့လား"

"စောင့်ကြည့်လေ ... ပြာ့အကြိုက်သာပြော ပျော့ပျော့





လား၊ မာမာလား"

"ပျော့ပျော့"

"ကောင်းပြီ ... သုံးမိနစ်ပဲစောင့်"

ညဏ် စားသောက်ခန်းထဲ ဝင်လာခဲ့သည်။

ပြဿနာပဲ။

တကယ်တော့ ပြာပြာ့ရှေ့မှာ အမှတ်လိုချင်တာနဲ့ ခေါက်ဆွဲပြုတ်တတ်တယ်လို့ ပြောလိုက်တာပါ။

မေမေကသူ့ကို ကျောင်းစာပဲ လုပ်ခိုင်းတာပါ။

ဘာမှမလုပ်တတ်ဘူး။

ပြာပြာ သိသွားရင်လည်း အထင်သေးခံရပြီး အရှက်ကွဲလိမ့်မယ်။

ခေါက်ဆွဲပြုတ်လေးပဲ ဘာခက်တာမှတ်လို့ ရေနွေးဆူရင် ခေါက်ဆွဲထည့်၊ ပါလာတဲ့ အထုပ်တွေ ဖောက်ထည့် ဒါပဲ။

"ပြာပြာ့ရှေ့မှာ အမှတ်ယူရမယ် ပြာပြာအထင်ကြီးအောင် လုပ်ပြရမယ်၊ လွှာလွှာရေ ... ဒီနေ့တော့ နင့်ကို အရမ်းကျေးဇူးတင်သွားပြီ"

သူ ရေနွေးထည့်သည်။

ဂက်စ်မီးဖိုဖြစ်နေ၍ ညဏ်မဖွင့်တတ်။

ညဏ်တို့အိမ်က လျှပ်စစ်မီးဖိုပဲသုံးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာတို့အိမ်မှာ တကယ့် ပြဿနာပဲ။

မေမေ့ကို ဖုန်းလှမ်းဆက်လိုက်ရင် ကောင်းမယ် ထင်တယ်။

မေမေ့အိမ်မှာ ဖုန်းမရှိ။

သုံးလေးအိမ်ကျော်မှ ဖုန်းကို လှမ်းဆက်လိုက်သည်။

မေမေက တော်တော်နှင့်မလာလို့ ဉာဏ် ချွေးပြန်ချင်လာသည်။

"မေမေ ဘာတွေလုပ်နေလဲ၊ ဒုက္ခပါပဲ ... ကြာလို့ ပြာပြာဝင်လာရင် ပြဿနာ"

ဉာဏ် နေမထိထိုင်မသာနှင့် ဧည့်ခန်းထဲ မသိမသာ ပြေးကြည့်တော့ ပြာပြာကစာဖတ်ပြီး ရယ်နေသည်။

တော်သေးတယ် ... စာအုပ်ထဲမှာ စိတ်ဝင်စားနေလို့။

"ဟဲလို ... ဟဲလို"

"အား ... မေမေလား၊ ဉာဏ်ပါ"

"ဉာဏ် ဘာဖြစ်လို့လဲ၊ ဘယ်ကနေဆက်နေတာလဲ"

"မေမေ ပြာတို့အိမ်ကပါ ... သားခေါက်ဆွဲပြုတ်ချင်လို့ ဂက်စ်မီးဖိုကို ဘယ်လိုဖွင့်ရမလဲဟင်"

"ဘာ ... ဟဲ့ ရွှေဉာဏ်ရဲ့ မေမေဘယ်သိမလဲ ... လျှပ်စစ်နဲ့ပဲ ချက်တာ၊ မီးမလာရင် မီးသွေးနဲ့လေ၊ ပြာပြာမသိဘူးလား ... သူ့ကို မေးပေါ့"





"ပြာပြာတို့ ဈေးသွားနေကြလို့ပါ ... သူငယ်ချင်းတွေစုပြီး ထမင်းချက်စားမလို့ပါ"

"အမယ်လေး ဉာဏ်ရယ် ... သား ဘာမှမလုပ်တတ်ပါဘူး၊ မလုပ်နဲ့ မီးတွေဘာတွေလောင်မယ်၊ ပြာပြာတို့ လာမှလုပ်"

"သား ဗိုက်ဆာနေလို့ပါ"

"ဒုက္ခပါပဲ ... မုန့်တွေစားလေ မေမေမအားသေးဘူး ... ဒါလေးများကွယ် အလုပ်ရှုပ်အောင် ဖုန်းဆက်ရလား ရွှေဉာဏ်ရဲ့ မသိဘူး မလုပ်နဲ့ ..."

မေမေက ဖုန်းကိုချပစ်လိုက်သည်။

သေချင်တာပဲ ပြာပြာ့ကို လှမ်းခေါ်လိုက်ဖို့ စိတ်ကူးမိပေမယ့် မဖြစ်သေးပါဘူး။

ပြာပြာ အထင်ကြီးသွားအောင် ဖြစ်သည်။

"ကိုယ့်ဟာကိုယ်ပဲ လုပ်မယ်ကွာ ... ယောကျ်ားပဲဟာ"

ဉာဏ် ဘာမှစဉ်းစားမနေတော့ပဲ ဂက်စ်မီးဖိုမှ ခလုတ်လေးကိုဖိ၍ လှည့်ပစ်လိုက်သည်။

"ဖောင်း ..."

"အား ... အမယ်လေး ... ဘုန်း"

မီးတောက်ကြီးက မထင်မှတ်ပဲ ထတောက်လာသဖြင့် ဉာဏ် ကြောက်လန့်တကြားအော်ပြီး ခုန်လိုက်တာ ကြမ်းပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်လန်ကျသွားတော့ ပြာ မီးခန်းထဲသို့ပြေးဝင်လာသည်။

"ဟဲ့ ... ဟဲ့ ညဏ် ဘာဖြစ်တာလဲဟင် မီးတောက်ကြီး ညဏ်က အများကြီးတဲင်ထားတာကို မလုပ်တတ်ရင်လည်း ပြာ့ကို ခေါ်လေ၊ ထ ... ယောက်ျားဖြစ်ပြီး သတ္တိကြောင်လိုက်တာ"

ညဏ် ရှက်လိုက်တာ ပြာပြာ့အသံက အထင်သေးတဲ့ အသံတွေ။

သွားပါပြီ ...

အသုံးမကျလိုက်တာ။

ပြာပြာနှင့် မျက်နှာချင်းဆိုင်ရတာ မျက်နှာပူလွန်း၍ ညဏ် ပြန်လာခဲ့ရသည်။

အခန်း ( ၃ )

"လွှာရယ် အရမ်းရယ်ရတယ်သိလား ... ရွှေညဏ်စုဝ်လေ လက်စွမ်းပြချင်တာနဲ့ မီးဖိုခန်းထဲဝင်သွားပြီး ဂတ်စ်မီးဖိုကိုဖွင့်တာ ပက်လက်လန်ကျလို့ဟယ် ... ပြာတော့လေ တစ်ယောက်ထဲ ရယ်တာ အူတက်မတတ်ပဲ"

လွှာမရယ်နိုင်။

ညဏ့်အတွက် စိတ်ပူမိသွားရသည်။

ဒီကောင် ဘာလုပ်တတ်လို့လဲ။

သူ့အမေကလဲ ပညာပဲကြိုးစားစေချင်တာပါ။

တစ်ဦးတည်းသောသားအတွက် အရမ်းချစ်ပြီး အလိုလိုက်ထားတဲ့ကောင် တော်တော်ရှုည်တယ်။

"ပြာရာ ရယ်စရာထက် စိုးရိမ်စရာနော် ... ညည်းကောင် လက်စွမ်းပြချင်တာက အရေးမကြီးဘူး ... မီးလောင်ရင်ဒုက္ခ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်နော်၊ ဒီကောင်လည်း ရှက်ပြီးလစ်တော့တာပဲ”

ကောင်းတယ်။

ပြာပြာ့ကိုနင် ကြိုက်နေပြီ မဟုတ်လား ညဏ်။

ပြာပြာရဲ့အနာဂတ် အိမ်ထောင်ပြုရေး ရည်မှန်းချက်က အရမ်းကြီးတယ်ဟဲ့။

နင့်လိုကောင်ကို မသုံးဘူး။

“ဟဲ့ ... လွှာ၊ အခုတလော ညဏ့်ရဲ့ အမူယာက တစ်မျိုးကြီးပဲနော် ... သတိထားမိလား”

“မသိဘူး ... ဒီကောင်က ငကြောင်ပါ”

“နင့်အစ်ကိုရော”

“မနက်ဖြန်လာမယ်တဲ့ ... ဒယ်ဒီက ပစ္စည်းတွေ ပို့ခိုင်းလို့တဲ့”

“လာရင် မမေ့နဲ့နော် ယောက်မ ... ”

“ဟုတ်ကဲ့ ကောင်းပါပြီ ... စိတ်ချပါ၊ အောင်သွယ်တော် လုပ်ပေးပါ့မယ်”

ပြာ့ကိုလည်း ကိုသတိုးနှင့်အောင်သွယ်ပေး ဖြစ်မိသည်။

ညဏ် ...

အရှုံးကောင်က ပြာ့ကို ... မှန်းချင်မှန်းနေမှာပဲ။

လွှာတစ်ယောက် ညဏ့်ဆီပြေးပြီး ဘာတွေဖြစ်လဲ မေးချင်နေ၏။





ထို့ကြောင့်ပင် ပြာပြာ့ကိုနှုတ်ဆက်ပြန်လာခဲ့သည်။

ညဏ်တို့ ရပ်ကွက်ဘက် လှည့်လာခဲ့၏။

ရွှေညဏ်ကတော့ အိပ်ယာပေါ်မှာ လဲနေသည်။

“လွှာရောက်လာတာလား ... ဒီမှာ ညဏ်လေ ဖျားနေတယ်”

“ဟင်”

အန်တီနှင်းဆီက သားကိုပြုစုနေရင်းပြောသည်။

ညက တစ်ညလုံး ခြံထဲမှာထိုင်ပြီး ဂစ်တာတီးတယ်လေ။ အဲ့ဒီခုံတန်းပေါ် အိပ်ပျော်သွားတာ မိုးလင်းမှသိတယ်ဟု ပြော၏။

ညဏ်ရယ် ... နင် တကယ်ပဲ အသည်းကွဲနေတာလား။

“အန်တီနှင်းဆီလည်း ကိစ္စရှိတယ် ... ပွဲဖြစ်မလားလို့ သွားရမယ်လေ”

“သွားလေအန်တီ ... လွှာရှိပါတယ်၊ ဒီကောင့်ကို ပြုစုပေးမယ်”

“ဖြစ်ပါ့မလား၊ လွှာလွှာလေးရယ် ... သမီးအမေက အချိန်ကို အရမ်းတန်ဖိုးထားတဲ့သူ လွှာစာကျက်ပါ”

“ရပါတယ်၊ မာမီလည်း အလုပ်များနေတယ်၊ လွှာအားနေပါတယ်၊ အန်တီသွားစရာရှိတာသွား”



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး ... ကျေးဇူးပဲ"

အန်တီနှင်းဆီထွက်သွားမှ ဉာဏ်နှင့်လွှာ နှစ်ယောက်ထဲကျန်ခဲ့ပြီး မျက်နှာညိုးညိုးနွမ်းနွမ်းကို စေ့စေ့ကြည့်သည်။

"ဘာကြည့်နေတာလဲ လွှာလွှာ ... နင် ပြန်တော့"

"မပြန်ဘူး ... နင်မနေ့က ကံကောင်းလို့ မီးမလောင်တာဆို နင်ပြုတ်ကျသွားတာ ဘာဖြစ်သေးလဲ"

"ဘာမှ မဖြစ်ဘူး"

"ငါစိတ်ပူလို့ပါဟဲ့ ဉာဏ်ရယ်၊ နင်ဘာတွေလုပ်နေတာလဲ၊ ရှုံးကြောင်ကြောင်နဲ့ ပြာပြာ့ရှေ့မှာ ... လက်စွမ်းပြလိုက်တာ မဟုတ်လား"

လွှာလွှာက သူ့နဖူးကိုလာစမ်းပြီး စိုးရိမ်တကြီးမျက်လုံးလေးတွေနှင့် ကြည့်ပြီးမေးနေသည်။

ပြာပြာနဲ့တခြားစီပဲ။

သူပြုတ်ကျတာကို ပြာပြာ အူလှိုက်သဲလှိုက် ရယ်ရက်၏။ အပြစ်တင်သေးသည်။

"ပြာပြာပြောတော့လေ ငါမရယ်နိုင်ဘူး ... နင့်အတွက် စိတ်ပူသွားတယ်၊ မီးလောင်နိုင်တယ်နော်၊ နင်ကဘာလုပ်တတ်လို့လဲ၊ ပိုက်ဆံမရှိတဲ့အိမ်က ရွှေမင်းသားလေးလေ"

"ဘာပိုက်ဆံမရှိတဲ့အိမ်ကလည်း နင်လာပြီးတော့ အထင်





မသေးနဲ့နော် ... နင့်လို ပိုက်ဆံချမ်းသာတဲ့အိမ်က သရဲမကို အထင်မကြီးဘူး"

"ဟယ် ကြည့်စမ်း ... ဉာဏ်စုတ်၊ ပြောလိုက်တာ ... သူ့ကိုတော့ ရွှေမင်းသားလေးနဲ့နှိုင်းရတယ်၊ အသုံးမကျတဲ့ကောင်"

သူမ စိတ်တိုစိုနှင့် ဉာဏ့်ကို လက်သီးဆုတ်လေးနှင့် ထုရိုက်ပြီးမှ နာသွားလားဆိုပြီး မျက်ဆန်ပြူးပြူးလေးနှင့် ကြည့်သည်။

"နင်က နေမကောင်းတဲ့ကောင်ပဲ ... လွှာ ခွင့်လွှတ်လိုက်မယ်၊ ကော်ဖီသောက်မလား၊ ပေါင်မုန့်ထောပတ်သုတ်စားမလား ပြောလေ"

"သူဌေးအိမ်ကသရဲမလေးက ဘာတွေလာပြောနေတာလဲ၊ တို့အိမ်မှာ ဒါတွေမရှိဘူး"

"လွှာ ... သွားယူလာပေးမယ်လေ၊ စားချင်တာသာ ပြောစမ်းပါ"

"စားမယ်"

"ခဏစောင့်နော်"

"သွား"

လွှာလွှာ စက်ဘီးလေးနှင့် ပြန်ထွက်သွားသည်။

ဉာဏ့်အပေါ် လွှာ့လောက် ပြာပြာကသံယောဇဉ်ရှိလျှင် ဘယ်လောက် ကောင်းမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ညဏ် ရှက်ပြီး တစ်ညလုံးအပြင်မှာ ဂစ်တာ ထိုင်တီးနေရင်း အိပ်ပျော်သွားခဲ့သည်။

"ပြာပြာရယ် ညဏ့်ရင်ထဲက ခံစားချက်တွေကို ဘယ်လို ပြောရမလဲ၊ ကိုယ်အိပ်လို့တောင် မပျော်တော့ဘူး ... ပြာစိတ်ဝင်စား အောင် ဘယ်လိုလုပ်ရမလဲ"

သူတွေးနေမိတာက ပြာပြာ့အကြောင်းတွေပါ။

အရမ်းလှတဲ့ ပြာပြာ။

ညိုပြာညက်ဆိုပေမယ့် ပြာပြာက ဖြူဝင်းအိနေသည်။

လှာလည်း ချောပါတယ်။

အသားဖြူဖြူ ဝင်းဝင်းလေးပါပဲ။

ဒါပေမယ့် အရမ်းစာမှစာ ကြိုးစားပြီး သူ့ကိုလည်း စာအရမ်း ကျက်ခိုင်းလွန်း၍ စိတ်ပျက်စရာ ကောင်းနေသည်။

လှာလှာက သူနှင့်ပတ်သက်လာရင်တော့ သံယောဇဉ်ကြီး ၏။

ခဏကြာတော့ လှာစားစရာတွေ တပွေ့တပိုက်နှင့် ရောက် လာသည်။

"ညဏ် ဗိုက်ဆာနေပြီလား ... ငါလေ မုန့်တွေအများကြီး ယူလာတယ်၊ ကွေကာအုပ်ရော နင်ဘာစားမလဲ ... ပြီးတော့လေ လိုလိုမယ်မယ် ပေါင်မုန့်ပိုပြီး ကင်လာခဲ့တယ် ... ထောပတ်သုတ်





ပေးမယ်"

"အင်း"

လှာက စားစရာတွေ မုန့်တွေအများကြီး ယူလာပြီး အန်တီ တို့လည်း ကျွေးနော်ဆိုပြီး၊ သူ့ကိုယ်တိုင် ပေါင်မုန့်ကို ထောပတ် သုတ်သည်။

"လှာလှာ"

"ပြောလေ ... "

"နင်ရော ဂက်စ်မီးဖို ဖွင့်တတ်လား"

"မဖွင့်တတ်ဘူး ... ငါတို့အိမ်မှာက အလုပ်သမားတွေပဲ လုပ် တာ၊ နင့်အတွက် ပေါင်မုန့်မီးကင်တောင် အလုပ်သမားတွေကို မေး ပြီး လှာကိုယ်တိုင် လုပ်လာတာ"

"နင်လည်း ကြည့်လုပ်နော် ... စေတနာတွေ ရေစီးကမ်းပြို လိုက်ပြီး မီးလောင်မယ်"

"လှာက နင့်လိုအစွမ်းပြချင်တာ မဟုတ်ပါဘူး၊ စေတနာနဲ့ပဲ မလုပ်တတ်လည်း လုပ်တတ်တဲ့သူကို မေးပြီးမှလုပ်တာ"

"ကျေးဇူးတင်ပါတယ် ... သရဲမလေးရယ်"

"ညဏ်နော်"

လှာကတော့ ညဏ့်ကို ... ထုရိုက်ပစ်ဖို့ လက်ရွယ်ပြီးမှ မရိုက်ရက်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုပြန်ရုတ်ပြီး ကွေကာအုပ် တစ်ခွက်ဖျော်သည်။

"စား ... ကွေကာအုပ်လည်း သောက်နော်၊ ဒါမှအားရှိမှာ"

အခုတစ်လော မေမေကပွဲမဖြစ်ဘဲ ဖေဖေ့လုပ်အားခနှင့် စားသောက်နေရတာ ညဏ်တို့အိမ်မှာ ရိက္ခာပြတ်နေသည်။

အတော်ပဲလွှာရေ ကျေးဇူးတင်တယ်။

ပါးစပ်ကတော့ မပြော။

လွှာက သူ့ကို ဆရာကြီး လာလာလုပ်နေတတ်တာ အမြင်ကတ်၏။

ကွေကာအုပ်တစ်ခွက်နှင့် ပေါင်မုန့်မီးကင် ထောပတ်သုတ်က အရသာ ရှိလွန်းသည်။

"စားပြီးရင် ဆေးသောက်"

"အေးပါဟ"

"ရော့လေ"

လွှာလွှာက ဆေးတွေနှင့် ရေတစ်ခွက်ကိုပါ ခပ်ပေးသည်။

ညဏ် ဆေးသောက်လိုက်၏။

အဖျားနည်းနည်း ကျလာ၍ နေထိုင်ကောင်းသွားသည်။

"ရပြီ ... နင်ပြန်တော့"

"ပြန်မှာပါဟဲ့၊ လုပ်လည်းလုပ်ပေးရသေးတယ်၊ မောင်းထုတ်မနေနဲ့နော် ကောင်စုတ် ... "





"ငါ အိပ်ဦးမယ်"

"နင်တစ်ယောက်ထဲ ဖြစ်ပါ့မလား၊ ပြာပြာ့ကို ဖုန်းဆက်လေ၊ ငါတို့နှစ်ယောက် စောင့်ပေးမယ်"

"နင်ဆက်လိုက်"

ပြာပြာ့ဆီ ဖုန်းဆက်မယ်ဆိုတော့ ညဏ်ရင်ခုန်နေသည်။

ပြာပြာ လာမလား ...

သူနေမကောင်းဘူး။

ဖျားနေတယ်ဆိုရင် ပြာပြာ ဘယ်လိုဖြစ်သွားမလဲ။

စိတ်ပူမှာလား စိုးရိမ်တကြီးနှင့် ပြေးလာမှာလား။

"ဟဲ့ ... ရော့ ... နင်ပြောလိုက်"

"လွှာပြောပါဟာ နေမကောင်းပါဘူးဆိုမှ ခေါင်းမူးနေလို့"

ပြာပြာနှင့်ဖုန်းပြောရမှာ ညဏ်လန့်နေသည်။

ကြင်နာ ပြပါ့မလား။

သူ့ကို ပြာပြာက စိတ်ဝင်စားတာမဟုတ်။

ပြာပြာ ငြင်းပစ်မှာ ညဏ် မကြားလိုပေ။

လွှာက ဖုန်းပြောနေ၏။

ညဏ် ရင်ထိတ်နေသည်။

"ပြာပြာရေ ဒီမှာ ရွှေညဏ်လေ ဖျားတော်မူနေတယ် ... ပြာ လာခဲ့မလား ... ညဏ်တို့ အိမ်ကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"မအားဘူး"

"ဘာဖြစ်လို့လဲ"

"နောက်မှပဲ လာကြည့်မယ်ဟာ၊ ဘာမှလည်းမဟုတ်ပါဘူး။ ညဏ်က ပျော့"

"ပြီးရောဟာ"

လွှာကတော့ ဖုန်းကိုဒေါသတကြီး ပိတ်ပစ်သည်။

"ပြာကလဲလေ ... မအားလို့တဲ့ညဏ်၊ နောက်နေ့မှတဲ့ သူငယ်ချင်းတစ်ယောက် နေမကောင်းတာကို ဘာတွေမအားရလဲ မသိဘူး"

"ရပါတယ်ဟာ ... ငါကယောက်ျားပဲ ပြာပြာကပျော့ညံ့တာ မကြိုက်ဘူးလေ၊ နင်ပြန်တော့"

"ပြန်မယ်ကောင်စုတ် ... စေတနာနဲ့လည်း လုပ်ပေးရသေးတယ်၊ နင် ဖြစ္စ်တယ်နော်"

"ဖြစ်တယ်"

"ကောင်းပြီလေ ... လွှာ သွားတော့မယ်"

"သွား"

လွှာ အပြင်သို့ထွက်လာပြီးမှ ညဏ်ကို စိတ်မချဘူး။

ကိုယ်က ပူနေသေးတယ်။

တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ။





သူမ စိတ်မချသဖြင့် အိမ်လေးထဲ ပြန်ဝင်လာခဲ့သည်။

"ညဏ်"

"ဘာလဲဟ"

"ရော့ ငါ့ဖုန်းယူထားလိုက်၊ အရေးအကြောင်းရှိရင် ငါ့အိမ်ကို ဖုန်းဆက်လေ၊ နင်ကနေမကောင်းတော့ အပြင်ကိုမထွက်နိုင်ဘူး မဟုတ်လား"

"ပေးထားခဲ့လေ ကျေးဇူးပဲနော် လွှာလွှာ"

"ပြန်ပြီနော်"

လွှာလွှာ ပြန်ထွက်သွားသည်။

အတော်ပဲ သူ့ကို ဖုန်းပေးထားခဲ့သည်။

"ပြာပြာ့ဆီ ဖုန်းဆက်ရင် ကောင်းမလား"

ဖုန်းရှိနေတုန်း ပြာပြာ့ဆီဖုန်းဆက်ပြီး ညှိရမယ်။

သူ ဖုန်းဆက်လိုက်သည်။

"လွှာလား"

"မဟုတ်ဘူး ... ငါလေ ညဏ်"

"ဟင် နင်ဆက်တာက လွှာ့ဖုန်း"

"ဟုတ်တယ်ပြာ ... ညဏ်နေမကောင်းလို့ တစ်ခုခုဖြစ်ရင် ဖုန်းဆက်နိုင်အောင် ထားခဲ့တာ"

"နင့်ကိုတော့ လွှာက သံယောဇဉ်ရှိတယ်နော် ညဏ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြာပြာ"

"ပြော"

"ပြာကရော ဘာတွေလုပ်လို့ မအားရတာလဲ ... ညဏ်က မျှော်နေတယ် လာခဲ့ပါလား"

"မအားဘူးညဏ် ဒီမှာလေ ငါ မော်ဒယ်သင်တန်းတက်မလို့ သွားစရာရှိတယ်"

"ဘာပြောတယ်"

"ညဏ်ရယ် နင်ကလဲ အလန့်တကြားနဲ့ အော်လိုက်တော့ ဘာဖြစ်လို့လဲဟ မေမေနဲ့ချိန်းထားတယ် ... သင်တန်းသွားအပ်မလို့လေ"

ပြာပြာ မော်ဒယ်သင်တန်း တက်မယ်ဆိုတော့ ညဏ်နည်းနည်းလေးမှ သဘောမကျပါ။

ညဏ်နှင့် အနေဝေးမှာ စိုးရိမ်သွားခဲ့ရသည်။

ပြာပြာ့ကို တားချင်ပါတယ်။

ပြာပြာက လက်ခံမှာမဟုတ်မှန်းလည်း သူသိနေသည်။

"ပြာပြာ"

"ပြော"

"ဒီသင်တန်းကို မတက်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး ညဏ် ... ဒါက ငါ့ရဲ့ရည်မှန်းချက်လေ လုပ်ကို





လုပ်ရမယ် ... နင်ဘာဖြစ်နေတာလဲ၊ ဘဝကိုဒီအတိုင်း မဖြတ်သန်းနိုင်ဘူးညဏ်၊ တိုးတက်ရာ တိုးတက်ကြောင်းကို ကြည့်ရမယ်"

"တိုးတက်ရာ တိုးတက်ကြောင်း ဟုတ်လားပြာ၊ အလုပ်တွေရှိပါတယ်၊ ညဏ်တို့ တိုင်ပင်ပြီး လုပ်ကြမယ်လေ"

"တော်ပါတော့ဟာ ငါသွားရတော့မယ် ညဏ်၊ ငါကရည်မှန်းချက်ကြီးတယ်ဟ၊ ငါလက်ထပ်မယ်ဆိုရင်တောင် အရမ်းချမ်းသာတဲ့သူ မိဘအသိုင်းအဝိုင်း အကောင်းဆုံးဖြစ်ရမယ် ... ငါအလှတွေ ကြွယ်တုန်း ရှာမလို့လေ"

"ပြာပြာ"

"သွားပြီ ... နင်ယောကျ်ား မဟုတ်ဘူးလား ညဏ်သော်၊ ဒီလောက်လေး နေမကောင်းဖြစ်တာနဲ့ ဟိုလူ့ဖုန်းဆက် ဒီလူ့ဖုန်းဆက်နဲ့ နင့်နားမှာ ဘယ်သူက လာနေပေးနိုင်မှာလဲ၊ ပြာတို့က ငယ်တော့တာ မဟုတ်ဘူး၊ ဘဝအတွက် ခြေလှမ်းစရတော့မယ် သိလား"

ပြာပြာ ဒေါသတကြီးပြောပြီး ဖုန်းကိုပိတ်ပစ်လိုက်သည်။

ညဏ်လည်း လွှာ့ဖုန်းလေးကို ငေးကြောင်စွာ ကြည့်နေ၏။

ပြာ့ဆီ ဖုန်းဆက်မိတာမှားတာပဲ ...

လွှာ့ကြောင့်။

ရည်ကျောပြီး ဖုန်းထားခဲ့လို့ ...

ပြာပြာ စိတ်ဆိုးသွားတာ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညဏ်ကလည်း ညဏ်ပဲ။ ပြာပြာ့အတွက် ညဏ်က ဘာလုပ်ပေးနိုင်မှာလဲ ပြာပြာလည်း အသင့်တင့်ပဲ။

ပြာပြာ့အမေက ပွဲစားဆိုပေမယ့် အသုံးအဖြုန်းကြီးသည်။

"ညဏ် မင်းကရော ဘာကောင်လဲ ... ပြာပြာပြောသွားတာတွေ့လား၊ မင်းလိုကောင်ကို မသုံးဘူးတဲ့"

ပြာပြာနှင့်ညဏ် အလှမ်းဝေးသွားသလို ခံစားရသည်။

ပြာပြာက ချမ်းသာချင်လွန်းသူ။

လွှာတို့က ချမ်းသာပြီးသားပဲ။

ပြာပြာ့ဘဝလေးကို ညဏ်သနားမိနေ၏။

သူ့ အခုချက်ချင်းပဲ သူဌေး ဖြစ်ချင်လာရသည်။

"ဖေဖေနဲ့မေမေကလဲ အစောကြီးထဲက ချမ်းသာအောင်လုပ်ထားကြတာ မဟုတ်ဘူး ... သားအခုမျက်နှာငယ်နေရပြီ ... ဘယ်လိုလုပ်ရမလဲ"

ညဏ်တစ်ယောက်ထဲ ကြေကြေကွဲကွဲနှင့် မိဘတွေကိုအပြစ်တင်မိသည်။

လွှာ့အဖေဆို နိုင်ငံခြားမှာ အလုပ်လုပ်နေတာ။

ဝင်ငွေ ဘယ်လောက်ကောင်းလဲ။

သူ့အဖေက ကုမ္ပဏီမှာ ကားမောင်းသမား။

အမေက ရပ်ကွက်ထဲက ပွဲစားအသေးလေး။





ပြာပြာ့ကြောင့် ရင်တွေပူလောင်လောင်ကြီး ကိုယ်ကပိုပြီးအဖျားတွေ ထပ်တက်ပြီလား မသိတော့ဘူး။

ဂ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ညဏ်က ပြာပြာ့ကို တစ်ဖက်သတ်ကြိုက်နေပြီဆိုတာ လှာ သိလိုက်သည်။

လှာ့ကိုကျတော့ သရဲမတဲ့ … ဘာသရဲမလဲ။

သူမ မှန်ရှေ့မှာ ရယ်မိနေသည်။

“ဒီရုပ်လာ့းသရဲမ … လှာက ပြာ့လို ပြင်ပြင်ဆင်ဆင် မနေလို့ ပါနော် … ကြီးကျယ်နေလိုက်တာ လှာ့လို မိန်းကလေးမျိုးကိုများ ဟွန်း”

လှာ နှုတ်ခမ်းလေးတွေ တွန့်မဲ့သွားသည်။

ညဏ်ကောင်စုတ် …

နင်ကရော ရုပ်လေးချောတာပဲရှိတာ ဘာအသုံးကျလို့လဲ။

ဟုတ်တယ် …

နင်နဲ့ ပြာပြာနဲ့ပဲတန်တယ် …





ကြိုက် … ကြိုက် … ။

လှာ့နှုတ်ခမ်းလေး ရှုပုတ်နေသည်။

“လှာကတော့ … ညဏ့်အပေါ် ကောင်းပြလိုက်ရတာ၊ သံယောဇဉ်ကြီးရတယ် … သူကတော့ ပြာမှပြာ”

ညဏ် ဖုန်းလည်းမဆက်ဘူး။

နေကောင်းလို့ထင်တယ်။

နင့်ဆီက ဖုန်းကို မမျှော်ပါဘူး ညဏ်ရယ်။

လှာက တစ်ခုခုအရေးပေါ်မှ ဆက်လို့ပြောခဲ့တာပဲ။

မမျှော်လင့်ဘူးဆိုမှ ဖုန်းလာ၍ သူကြည့်လိုက်တော့ ပြာပြာ ဖြစ်နေသည်။

“လှာရေ … ညဏ်တော့ စိတ်မမှန်တော့ဘူးထင်တယ်၊ နင့်ဆီကဖုန်းယူထားပြီး ငါ့ဆီဖုန်းဆက်တယ်”

“ဘာ”

“ညဏ်ပေါ့ … ပြာက အလုပ်မအားဘူး ပြောတာကို သူ့ဆီ လာရမယ်တဲ့၊ ပြာကမော်ဒယ်သင်တန်း သွားအပ်မလို့ ပြောလိုက်တော့ ဒေါသတကြီး တားနေတယ်”

“ညဏ်က ပြာတစ်ခုခုဖြစ်မှာ စိုးရိမ်လို့နေမှာပါ”

“ပြာတော့လေ ဒီကောင့်ကို ပြောင်းလဲလာလို့ သူ့ငွေးကိုပဲ ယူမှာလို့ ဝိတ်ပြောလိုက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ပြာကလည်းဟယ် ညဏ်နေမှမကောင်းတာပဲ ... ဖြူ့ကို စိတ်ပူလို့ပါ၊ အခြေအနေက ဘာပြောင်းရမှာလဲဟယ်"

"နင်မသိပါဘူး၊ ပြာကတော့ အဲဒါမျိုးဆိုရင် သူငယ်ချင်းအဖြစ်ကနေ ရပ်ဆိုင်းပစ်လိုက်မှာပဲ"

"ပြာရယ် သည်းခံပါ၊ ညဏ်ကလဲ အေးပါတယ်၊ ဖြူစင်တယ် တို့ငယ်သူငယ်ချင်းတွေပဲလေ"

"အင်းလေ ... သူငယ်ချင်းမို့ပေါ့၊ ပြာကရည်မှန်းချက်ကြီး တယ်နော်၊ ဒါပဲဟာ ... သင်တန်းသွားအပ်ရမယ်လေ"

"အင်း"

ပြာက ဖုန်းချသွားသည်။

ညဏ်စုတ် သူများဖုန်းကို ယူထားပြီး ဘာဖြစ်လို့ တခြားသူဆီ ဆက်ရတာလဲ။

လွှာ့ဆီတော့ မဆက်ဘဲ နေနိုင်တယ်။

ကောင်းပါတယ် ...

လွှာကလည်း နင့်အပေါ်တွယ်နေတဲ့ သံယောဇဉ်တွေ ဖြတ်တောက်ပစ်တော့မှာပါ။

"သမီးရေ"

"မာမီ"

"ဒယ်ဒီက ဖုန်းပြောချင်လို့တဲ့ ... သမီးဖုန်းက ဆက်သွယ်လို့





မရဘူးတဲ့၊ ဒီမှာ"

"ဟုတ်ကဲ့ ... လွှာ့ဖုန်း မကောင်းဘူးထင်တယ် မာမီ"

"ရော့ ... ပြောလိုက်"

"ဟုတ်ကဲ့"

တော်ပါသေးရဲ့ ဒယ်ဒီဖုန်းဆက်တာ ညဏ့်ဆီ ဝင်မသွားလို့။

"ဟယ်လို ... ဒယ်ဒီလား"

"အင်း ... သမီးလေး နေကောင်းလားကွာ"

"ကောင်းပါတယ် ဒယ်ဒီ ... လွမ်းနေပြီ ဘယ်တော့ပြန်လာမှာလဲ"

"တစ်လလောက် နေရအုံးမယ် ... ဒယ်ဒီခွင့်မရသေးလို့ပါ၊ သမီးလေး စာကြိုးစားနော် ... တက်သင့်တဲ့ သင်တန်းတွေလည်း တက်ထား၊ ဒယ်ဒီ့ဆီကို လာဖို့လေ"

"ဟုတ်ကဲ့ တက်နေပါတယ် ဒယ်ဒီ ... လွှာ့အတွက် စိတ်မပူပါနဲ့"

"မောင်သတိုးကိုလေ ဒယ်ဒီ သမီးလိုချင်တာတွေ ထပ်ပို့ပြင်ထားတယ် ... ဒယ်ဒီကတော့လေ မောင်သတိုးနဲ့ပဲ ဘာသာစကားတွေလေ့ကျင့်ဖို့ လုပ်စေချင်တယ် ... စကားပြောဆိုတာ ပြောမယ့်သူ ရှိမှလေ"

"ဟုတ်ကဲ့ပါ ... ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီလွှတ်ထားတယ် ... သမီး မာမီ့ကိုလည်း ပြောထားပြီးပြီ၊ မောင်သတိုးရောက်လာရင် အစီအစဉ် စဆွဲတော့နော်"

"ဟုတ်ကဲ့"

"သမီးလေးကို ချစ်တယ်"

"ဒယ်ဒီ့ကိုလည်း ချစ်တယ်၊ အရမ်းလွမ်းတယ်၊ တွေ့ချင်နေပြီ အမြန်ပြန်လာပါ"

"OK"

ဒယ်ဒီ့ဆီက ဖုန်းလာသဖြင့် စောစောကဒေါသတွေနှင့် မွန်းကြပ်နေတဲ့လွှာ စိတ်တွေပြေလျော့သွားရသည်။

ကိုသတိုး လာမယ်တဲ့။

ပြာပြာပြောထားတဲ့ စကားတွေကို ကြားယောင်လာရသည်။

"နင့်အစ်ကို သတိုးလိုယောကျ်ားမျိုးကိုမှ ပြာကစိတ်ဝင်စားတာ၊ မိတ်ဆက်ပေးနော်ဟဲ့ ... နင်ကရော ကိုသတိုးကို ဘယ်လိုသတ်မှတ်လဲ"

"အစ်ကိုပေါ့၊ လွှာက ကိုယ်ချစ်တဲ့သူကိုပဲ ယူမှာ၊ ချမ်းသာတာတွေ မချမ်းသာတာတွေ မစဉ်းစားဘူး"

"လွှာကတော့ ဟုတ်တာပေါ့လေ၊ ပိုက်ဆံရှိတာကိုး ပြာကတော့ အကြီးကြီးမှန်းတယ်"





ကိုသတိုးကလည်း ယောကျ်ားပီသပြီး ချောမောသူပါပဲ။

လွှာက အစ်ကိုတစ်ယောက်ကဲ့သို့ပဲ ခင်မင်မိနေသည်။

စီးပွားရေးမှာလည်း အောင်မြင်နေတာပဲ အထင်တော့ကြီးပါ။

အင်းလေ ...

ပြာနဲ့ပဲနီးစပ်သွားအောင် မိတ်ဆက်ပေးမယ်။

ပြာက ... ကိုင်းကြီးကြီးမှာ နားချင်တာလေ။

"လွှာရေ မာမီအရောင်းအဝယ်ကိစ္စနဲ့ အပြင်သွားဦးမယ် ... သမီး လိုအပ်တာတွေ မာမီအားလုံး စီစဉ်ထားတယ်နော်"

"ဟုတ်ကဲ့ မာမီ ... "

"မောင်သတိုးရောက်လာရင် သမီးစာသင်ဖို့ကိစ္စ ဆွေးနွေးနော်"

"ဟုတ်ကဲ့ ... ဒါနဲ့မာမီ သမီးတစ်ယောက်ထဲဆို ပြင်းတယ်၊ ပြာနဲ့ညဏ်ကိုရော ခေါ်သင်ချင်တယ်၊ ကိုသတိုး သဘောတူရင်လေ"

"ကောင်းပါတယ် ... ဒီကလေးနှစ်ယောက်ကလဲ မာမီ့ သားသမီးတွေပဲ ဖြစ်ထွန်းစေချင်ပါတယ် ... ခေါ်သင်ပေးလိုက်ပါ"

"ဝမ်းသာလိုက်တာ မာမီရယ် ... ဒါမှစိတ်သဘောထားပြည့်ဝတဲ့ တို့မာမီ"

"မာမီ သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



မာမီ အခုတလော အပြင်ကို ထွက်လွန်းနေသည်ဟု ထင်နေပေမယ့်လည်း လှွာ့အပေါ်တော့ တာဝန်ကျေလွန်းသည်။

လွတ်လပ်ပျော်ရွှင်စွာ နေထိုင်စေခဲ့၏။

လှွာ့သူငယ်ချင်းတွေကိုလည်း မာမီက အဆင့်အတန်း မခွဲခြားခဲ့ပေ။

သူမ သဘောအကျဆုံးပင်။

"သမီးလေးလှွာရေ ဧည့်သည်ရောက်နေတယ်"

အိမ်ဖော်အဒေါ်ကြီး ဒေါ်ခင်ညွှာက လာခေါ်သည်။

ကိုသတိုး ထင်တယ်။ သူမအောက်ထပ်သို့ ဆင်းလာခဲ့၏။ ကိုသတိုး ဖြစ်နေသည်။

"လှွာလေး ... အန်ကယ်က ပန်းသည်းတွေ ပို့ခိုင်းလိုက်တယ် လှွာလေး မှာထားတာတွေလေ"

"Thank You"

"မလိုပါဘူးကွာ ... ကိုကိုက လှွာလေးအတွက် လိုအပ်တာတွေ လုပ်ပေးချင်တာပါ"

"ကိုသတိုး"

"ပြောလေ"

"ဒယ်ဒီကပြောတယ်၊ လှွာတို့ Speaking သင်ဖို့လေ"

"ဟုတ်တယ် လှွာလေး ... ကိုကိုလည်း အဲဒီကိစ္စလာတာ





လေ ... ဘယ်အချိန်စပေးရမလဲ၊ ကိုကို အားတဲ့အချိန်က စနေ၊ တနင်္ဂနွေ ဝိတ်ရက်တွေပဲလေ"

လှွာ စဉ်းစားနေမိသည်။

ကိုသတိုးက ကိုကိုဟုပြောဆိုတာကိုလည်း မကြိုက်ပါ။

ပြီးတော့ လှွာလေးတဲ့ ဘယ်လိုကြီးလဲ။

စိတ်ထဲမှာ မနှစ်သက်သလိုကြီး ဖြစ်နေသည်။

ဒါပေမယ့်လဲ ...

လှွာ မသိချင်ယောင် ဆောင်နေလိုက်သည်။

"လှွာတို့ သူငယ်ချင်းသုံးယောက် သင်ချင်ပါတယ်ကိုသတိုး"

"လှွာလေး"

"ရှင်"

"ဘာလို့ ကိုသတိုးကို စိမ်းစိမ်းကားကားကြီး ခေါ်နေတာလဲ၊ ကိုကိုလို့ခေါ်လေ"

"အင်း ဟုတ်ကဲ့ ... "

ကိုကိုလို့ မခေါ်ချင်ပါဘူး။

လှွာ လုံးဝမခေါ်နိုင်။

သူမက နှုတ်သွက်လျှာသွက်တော့မဟုတ်။

ဒယ်ဒီ့ဆန္ဒ ဖြစ်နေ၍လည်း ကိုသတိုးအား ကလန်ကဆန် မလုပ်ချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းသုံးယောက် သင်မယ်နော်၊ ရမလား"

ကိုကိုဆိုတဲ့ အသုံးအနှုန်းကို မပါအောင် သတိထားပြီး လှွာ ပြောရသည်။

"ရတယ်လေ ... လှွာလေး ဆန္ဒပါပဲ"

"ကျေးဇူးပဲ"

"ဟော့ကောင်မလေး Thank You လို့ပြောလေ၊ လျှာရဲအောင် လို့ ကျင့်ရမယ်နော်"

"Yes"

"OK"

နှစ်ယောက်သား ရယ်မောမိကြသည်။

ညဏ်က ဘာပြောမလဲ။

လှွာနှင့်ကိုသတိုးတို့ နှစ်ယောက်ထဲသင်ရင်လည်း ပြာပြာက စိတ်ပုတ်တယ်ဟု ပြောဦးမယ်။

ပြာပြာတစ်ယောက်ထဲ ခေါ်သင်ရင်လည်း ညဏ်က စိတ်ဆိုး ဦးမယ်။

ညဏ့်ကိုလည်း ပညာတက်စေချင်သည်။

"လှွာလေး"

"ရှင်"

"တစ်ယောက်ထဲ ဘာတွေစဉ်းစားနေတာလဲ"





"ညဏ့် အတွက်ပါ"

"ဘာဖြစ်လို့လဲ ကောင်မလေးလား"

"မဟုတ်ပါဘူး ကောင်လေးပါ"

"ကောင်လေးအကြောင်းကို လှွာလေးက ဘာဖြစ်လို့ စဉ်း စားနေတာလဲ"

"သူငယ်ချင်းပါ။ ညဏ်က ဆင်းရဲတယ်လေ၊ သင်တန်းတွေ တက်စေချင်တာပါ"

လှွာလေးကို သတိုးကြည့်မိသည်။

ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။

ပညာလည်းတော်ပြီး အရမ်းကြိုးစား၍ သတိုး နှစ်သက်မိ၏။

သူ့ထက်ငယ်ပေမယ့် သတိုး ... စိတ်ဝင်စားမိသွားရသည်။

"လှွာ့ကို ဘာကြည့်နေတာလဲ သရဲမနဲ့တူလို့လားဟင်"

"မတူပါဘူးကွာ ဒီလောက် ချောမောလှပတဲ့ ရွှေမင်းသမီး လေးက ဘယ်လိုလုပ် သရဲမနဲ့တူမှာလဲ"

"ရွှေမင်းသမီး"

"အင်းလေ"

ညဏ်ကောင်စုတ် ...

သူများကရွှေမင်းသမီးလေးတဲ့ သူက သရဲမတဲ့ အလှအပကို မခံစားတတ်တဲ့ကောင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ..."

"အမယ်လေး"

"ဘာတွေ တစ်ယောက်ထဲတွေးပြီး ပြုံးနေရတာလဲ"

"လန့်လိုက်တာ လွှာ့ကို သရဲမနဲ့တူတယ်လို့ ပြောတဲ့ကောင်လေ"

"ဘယ်ကောင်လဲကွာ ပြောစမ်း ... ကိုကိုစိန်ခေါ်ပြီး လက်သီးနဲ့ထိုးပစ်မယ် ပြောစမ်း"

"မပြောတော့ပါဘူး ထားလိုက်ပါ"

ညကျနာမည်တော့ ... ထုတ်ဖော်မပြောတော့ပါဘူး။

တော်ကြာ ကိုသတိုးက တစ်မျိုးထင်နေဦးမယ်။

"မနက်ဖြန် စနေဆိုတော့ မနက်ထဲက သင်တန်းစမယ်နော် လွှာလေး ... စည်းကမ်းတကျသင်ရမယ်၊ လွှာလေးပြောပြထားပါ"

"ဟုတ်"

"လွှာလေးကြောင့်ပါ၊ ကိုကိုကလွှာလေးကိုပဲ တစ်ယောက်ထဲ သီးသန့်သင်ပေးချင်တာ"

"သုံးယောက်လုပ်ပါနော် သုံးယောက် ... သူငယ်ချင်း သုံးယောက်က တစ်ယောက်ကောင်းစားရင် တစ်ယောက်က ကူညီစောင့်ရှောက်ဖို့ ကတိပြုထားကြလို့ပါ"

လွှာလေးကို သူသတိထားမိနေတာက သူ့ကိုစကားပြော





လျှင် ကိုကိုဟုမသုံးမိအောင် သတိထားပြောနေသည်။

ဒီကောင်မလေး ရိုးသားတယ်။

ဖြူစင်တယ်။

နှုတ်ကမသွက်ဘူး။

သတိုး၁၀ တစ်သက်လုံး လက်တွဲချင်တဲ့မိန်းကလေးက အပြစ်ကင်းစင်တဲ့ မိန်းကလေးမျိုး။

"လွှာလေး"

"ရှင်"

"မင်းဆီကနေ ကိုကို ကတိတစ်ခုတော့ လိုချင်တယ်"

"ဘာကတိလဲဟင်"

"အန်ကယ်ဆန်နီက သူ့သမီးတစ်ယောက်ထဲကိုပဲ သင်ပေးဖို့ ပြောထားတာ၊ အခုသုံးယောက်တောင် သင်ပေးရမယ်လေ"

"မာမီက သဘောတူတယ်လေ"

"ဘာပဲဖြစ်ဖြစ်ကွာ ကိုကို့ဘက်ကနေ တောင်းဆိုချင်တယ်"

သူမ လန့်လာသည်။

ဘာတွေတောင်းဆိုမှာလဲ။

ဘုရားရေ ...

ချစ်ရေးဆိုမှာလား။

လက်ထပ်ခွင့်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်တော့ လက်မခံနိုင်ဘူး။

အပြတ်သားဆုံး ငြင်းဆန်ပစ်ဖို့ စဉ်းစားထားတယ်။

"တောင်းလေ လှသွာလိုက်လျှောပေးနိုင်တာပဲ တောင်းပါနော် တစ်ယောက်နဲ့တစ်ယောက် ပဋိပက္ခ မဖြစ်ချင်လို့ပါ"

"လှသွာလေးက စကားတတ်သားပဲ ကိုကို့ကို ပိတ်ပြောတာလား"

"မဟုတ်ပါဘူး တောင်းပါ"

"ကိုကိုလို့ခေါ် ..."

"ဟင်"

"မင်း ... ကိုကိုဆိုတဲ့စကားလုံးကို ရှောင်ပြီးပြောနေတာ ကိုကို သိတယ် ... ဘယ်လိုလဲ"

"ဒါက ဘာမှမခက်ပါဘူး"

"မခက်ရင် ခေါ်လေ"

ကိုကိုတဲ့ လှသွာ လုံးဝမခေါ်ချင်။

ဒါပေမယ့်လည်း ဒယ်ဒီ့အမိန့် ဖြစ်နေသည်။

ဒယ်ဒီက ... ဒါလုပ်ဆိုလုပ်မှ လှသွာတို့သားအမိ နှစ်ယောက်လုံး ငြင်းပိုင်ခွင့်မရှိကြ။

စိတ်ထဲမှာ ကိုကိုဟုခေါ်ရမှာလေးကိုပင် ဝန်လေးနေမိ၏။

သူမက ဉာဏ်ကလွဲပြီး တစ်ခြားယောကျ်ားလေး တစ်





ယောက်နှင့် အရောတဝင် ရင်းရင်းနှီးနှီး မနေထိုင်လိုပေ။

ကိုသတိုးကို ရင်းရင်းနှီးနှီးနဲ့ ကိုကိုလို့ခေါ်လိုက်ရင် ဉာဏ် ဘာပြောမလဲ။

သဝန်ကြောင်မှာလား။

ဒါမှမဟုတ် ...

သဘောကျ ကျေနပ်နေမှာလား။

ပြုံးပြုံးနဲ့ရင်းနှီးရင်သာ ဉာဏ်ဒေါသဖြစ်မှာပဲ။

"လှသွာလေး ... ဒါလေးခေါ်ရတာ ဘာဖြစ်လို့ဝန်လေးနေတာလဲကွာ၊ မခေါ်ချင်ဘူးလား"

"ခေါ်ချင်ပါတယ် ... ဝန်လေးစရာလည်း အကြောင်းမရှိပါဘူး၊ ကိုယ့်အစ်ကိုပဲဟာ၊ ကိုကို ... "

"ဟုတ်ပြီ ... ထပ်ခေါ်ဦး"

"ကိုကို ... "

"ကိုကို ... "

"ကိုကို ... "

သူမကအရွဲ့တိုက်ပြီး ကိုကိုဟု ဆယ်ကြိမ်လောက် ခေါ်နေတာကိုပင် သူကမတားဘဲ သဘောကျရယ်နေသည်။

လှသွာ နည်းနည်းလေးတော့ အသားယူတယ်ထင်ပြီး ဒေါသ ထွက်ချင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မလွဲ သာမရှောင်သာလို့ပါနော်။

ညဏ်သော်ကလွဲပြီး ဘယ်ယောကျ်ားနဲ့မှ ပတ်သက်ချင်တာမဟုတ်ဘူး။

ရှင်ကတော့ ပြာပြာ့အတွက်ပဲ ကိုသတိုး နောက်ကောက်ကျသွားအောင် ပြာပြာ့ကို ညှုကလီးယား လွှတ်ခိုင်းလိုက်မယ်။

ကိုသတိုး တော်တော်နှင့်မပြန်၍ လွှာ အောင့်အီးသည်းခံ စကားပြောနေရသည်။

ဣ

အခန်း ( ၅ )

"ဟယ် လွှာရယ် ... ပျော်လိုက်တာ၊ ပြာပြာ့မျှော်လင့်ချက်ပဲ၊ လွှာယောက်မ ... နှင် သူ့ကိုလုံးဝ မကြိုက်ဘူးနော်"

"မကြိုက်ပါဘူး ... လွှာက ချစ်ရေးချစ်ရာတွေကိုလည်း စိတ်ဝင်စားတာမှမဟုတ်တာ၊ ရှင့်အတွက် တမင်ဖန်ထားရတာ"

"ကျေးဇူးပဲဟာ ယောက်မ ဘာစားမလဲ"

"မစားပါဘူး ... လွှာကတောင် ကျေးဇူးမှာ"

"ညဏ့်ကို ဘယ်လိုလုပ်မလဲ"

"အာဖြစ်လို့လဲ ... ညဏ့်ကိုလည်း သင်စေချင်တယ်ဟာ ယောကျ်ားလေးက ပိုပြီးလိုအပ်တယ်၊ ညဏ် သင်ပါ့မလားမဲ"

"အလကားသင်မှာမျှား ထားလိုက်ဟာ၊ ညဏ်ပါရင် အာရုံနောက်တယ် ... ပြဿနာကောင်"

ပြာရယ် နှင့်ကိုတော့ ညဏ်က ချစ်လိုက်ရတာ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြာမှပြာ လွှာ့ကိုတောင် လုံးဝသံယောဇဉ်မရှိဘူး။

သူ့အနားကပ်ရင်တောင် မောင်းထုတ်ပစ်တယ်။

လွှာ ငိုချင်သွားသည်။

"ဉာဏ်ကိုတော့ ... ခေါ်ရမယ်၊ သူငယ်ချင်းတွေပဲလေ တစ်ယောက်ကောင်းစားရင် တစ်ယောက်ကကူညီရမှာပဲ"

"ခေါ်ကြည့်လေ"

"အတော်ပဲ ဉာဏ့်ကိုဖုန်းပေးထားတယ်၊ ဆက်ရအောင် နင်ဆက်လိုက်ပါ့ဟယ် ပြာ"

"မဆက်ချင်ဘူးဟာ သူငယ်ချင်းဖြစ်နေလို့သာပဲ၊ ဒီကောင်က ပြဿနာ"

"လုပ်ပါဟယ် ပြာရယ်၊ သူလာတက်အောင်ပါ လွှာကတော့ သူတက်မှစိတ်ဖြောင့်မှာမို့ပါ၊ ရှင့်ကိုလည်း ဖန်ထားပေးရသေးတယ်နော်"

"နင်ကလဲဟယ် တကယ်ပါပဲ"

"လုပ်ပါယောက်မရဲ့ ပြာခေါ်မှဒင်းက လာတက်မှာ"

"ဟွန်း"

ဉာဏ့်ဆီမှာ ပေးထားသောဖုန်းနံပါတ်ကိုနှိပ်ပြီး ပြာ့ကို လှမ်းပေးလိုက်သည်။

ပြာက နှုတ်ခမ်းတစူစူ။





လွှာအတင်းဆက်ခိုင်းရ၏။

ဉာဏ် နင့်ကိုတက်စေချင်လို့ပါ။

ဉာဏ်မပါရင် လွှာတကယ်ပဲ စိတ်မဖြောင့်။

"ဉာဏ်သော်လား ... ပြာပါ၊ ဒီမှာလေ တို့သင်တန်းတက်ဖို့ အင်္ဂလိပ်စကားပြောဟဲ့ လွှာ့အစ်ကိုဝမ်းကွဲက သင်ပေးမှာ တို့သုံးယောက်လေ ပြာတောင်ရောက်နေပြီ"

"ဘယ်အချိန်လဲ"

"အခု နင်လာခဲ့လေ ... ပြာတောင်ရောက်နေပြီဟဲ့"

"အင်းလေ လာခဲ့မယ် ... "

"ကောင်းပြီလေ စောင့်နေမယ် ... မြန်မြန်လာနော် ဉာဏ်သော်"

"အင်း"

ပြာကမျက်နှာလေး တွန့်မဲ့၍လာခဲ့မယ်တဲ့ ရွှေဉာဏ်ကဆိုပြီး ဖုန်းပြန်ပေးသည်။

အမယ်လေး ...

လာမယ်ဆို တော်ပါသေးရဲ့ဟု လွှာတွေးရင်း စိတ်အေးသွားရ၏။

နင်ကလေ ဉာဏ် ... အရမ်းဘက်လိုက်တယ်။

ငါနဲ့ဆို ငြင်းမှာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မုန်းစရာကောင်းတဲ့ကောင်။

"ဟဲ့ ... လွှာ"

"အမယ်လေးဟယ် ပြာကလဲအလန့်တကြား ဘာလဲ"

"နင်ဘာတွေစဉ်းစားနေတာလဲ၊ အရမ်းငိုင်သွားတယ်"

"ဘာမှမဟုတ်ပါဘူး"

"လွှာ"

"ပြော"

"ငါမေးမယ် နင့်ရင်ထဲမှာရှိတာ အမှန်အတိုင်းဝန်ခံ"

"ဘာလဲဟ ပြာကလဲ"

"နင် ရွှေညာဏ့်ကို စိတ်ဝင်စားနေတယ် မဟုတ်လား ... အမှန်အတိုင်းဖြေနော်"

"ဟာမဟုတ်တာ ... သူငယ်ချင်းမို့ သံယောဇဉ်တွယ်တာပဲ ရှိတယ်၊ ဒီကောင်က အူကြောင်ကြောင်နဲ့ ဘဝအတွက် အနာဂတ် ရှိစေချင်တာပါ"

"ဟုတ်ရဲ့လား"

"လွှာက ... နိုင်ငံခြားကိုသွားရမှာပဲ၊ ပညာသင်ဖို့လေ ရှင်တို့နဲ့ တောင်တွေ့ဖို့က တစ်လနှစ်လလောက်ပဲ ရှိတော့တာ မာမီက အပူ တပြင်းလုပ်နေပြီ"

"အေးဟယ် တကယ်ပဲ ... ငါတော့ အရမ်းလွမ်းကျန်ရစ်





တော့မယ်၊ ဟဲ့ယောက်မ နင့်အစ်ကိုနဲ့တော့ အောင်သွယ်ပေးထား ခဲ့နော်"

"အေးပါဟဲ့ ..."

ညာဏ်ရယ် ရှင့်အတွက်တော့ စိတ်မကောင်းပါဘူးနော်။

ပြာကလေနင့်ကို အထင်သေးနေတာပဲ။

မဆန်းပါဘူး ...

လွှာဘယ်လို ပြောရမလဲ ကိုသတိုးနဲ့ မြန်မြန်နီးစပ်သွားရင် လည်း ပြီးတာပဲ။

ညာဏ့်စိတ်တွေ ပြတ်သားစေချင်သည်။

"ကလင် ... ကလင်"

"ဟဲ့ ... ညာဏ်လာပြီ"

ပြာက မျက်နှာလေးတင်းတင်းလေး ဖြစ်သွားရသလောက် လွှာကတော့ ထခုန်မတတ်ဖြစ်သွားရသည်။

ညာဏ် ဝင်လာ၏။

သူမကို ဖုန်းပြန်ပေးနေသည်။

"နင်ယူထားလေညာဏ်၊ အရေးတကြီးကိစ္စရှိရင် ဆက်သွယ် လို့ရတာပေါ့၊ လွှာ့ဆီမှာ ဒယ်ဒီကထပ်ပို့လိုက်တော့ တစ်လုံးရှိတယ်"

"မယူထားချင်ပါဘူး၊ လွှာပြန်ယူပါ ငါကယောက်ျားလေး မိန်းကလေးတစ်ယောက်ဆီက ဘာလက်ဆောင်မှ မယူချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီ။

ပြာ့ရှေ့မှာဆို လှူစွမ်းကောင်း လုပ်ပြချင်နေတယ်။

ပြာက အရေးမလုပ်။

စာအုပ်လှန်ဖတ်နေသည်။

လှာကတော့ ညဏ် မျက်နှာမငယ်ရအောင် ပြာယာခတ် လုပ်နေရ၏။

ရွှေညဏ့်ကို သနားတယ်။ မိန်းကလေးတွေရှေ့မှာ ခေါင်းမော့ ဝံ့ကြွားနိုင်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်စေချင်လိုက်တာ။

ကိုသတိုးလိုပေါ့။

ပြာပြာလုပ်ပြနေတဲ့ ပုံစံကိုလည်း လှာမုန်းမိသည်။

ကောင်မစုတ် ပြာပြာ ...

"ညဏ် ... နင်အိမ်ကနေ ဘာမှမစားခဲ့ဘူးမဟုတ်လား။ ကြွေကာအုပ် ဖျော်ပေးမယ်၊ ပေါင်မုန့်လည်း မီးကင်ပေးမယ်လေ"

"မစားပါဘူး ... ညဏ် စားလာတယ်"

နင့်အကြောင်း ငါသိပါတယ် ညဏ်ရယ်။

နင်အိပ်နေတာ မဟုတ်လား။

အိပ်ပုတ်ကြီးတဲ့ကောင် ပြာပြာ့အသံကြားတာနဲ့ နင် ပြေးလာတာပဲ။

"မရဘူး စားရမယ်၊ လှာဖျော်ခဲ့တာလေ စားပါ၊ ဒီနေ့တနေ့





တာလုံး လှာအစားအသောက်အားလုံး တာဝန်ယူမယ်"

"ဟဲ့လှာ ... သူမှမစားချင်တာ စားလာလို့နေမှာပေါ့"

"ဟုတ်တယ် ... ငါ စားလာတယ်"

ညဏ်ငြင်းနေပေမယ့် ဗိုက်ကဆာလာသည်။

မေမေက ထမင်းကြော်စားသွားဆိုတာတောင် ညဏ်မစား ခဲ့။

ပြာ့ကို တွေ့ချင်လွန်း၍ ဖြစ်သည်။

"ညဏ်ရယ် နင်ကလဲ စားနေကျများ၊ အိမ်က စားလာလာ စားလာလာ စားရမယ်၊ ဒေါ်ဒေါ်ကြီးရေ ကြွေကာအုပ်တစ်ခွက်နဲ့ ပေါင်မုန့်မီးကင် ထောပတ်သုတ်ပေးပါ"

"အေးပါကွယ်"

ကိုသတိုးက မလာသေးပေ။

ညဏ်ဗိုက်ဆာနေမှာလည်း စိုးရိမ်နေ၍ တောင်းတောင်း ပန်ပန်နှင့် ကျွေးနေရသည်။

"ပြာပြာ ... နင်ကဘာတွေ ပဲပေးနေတာလဲဟဲ့ ညဏ့်ကို စားပြောလေ"

ပြာပြာ့နားကပ်ပြီး လှာ တိုးတိုးလေးပြောရသည်။

"ညဏ်မလာရင် လှာကသင်တန်းကို ဖျက်ပစ်မှာနော်"

ပြာ့ကိုလည်း ခြိမ်းခြောက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ့်ကလဲ တည်တည်လေးပဲ။

နင် မာနရှိစမ်းပါ။

ပြာပြာက ဘာမို့လို့လဲ။

ဉာဏ် စား၍ လွှာစိတ်အေးသွားရသည်။

"ကိုကို လာပြီ"

"ဟဲ့ နင်က ကိုကိုတဲ့လား ... ပြာကရော ကိုကိုပဲခေါ်မယ်"

"သဘော"

ဉာဏ် ... ပြဿနာမရှာပါစေနဲ့။

ဘုရားရှင် ကယ်ပါနော်။

တပည့်တော်မက ဉာဏ့်ကို ပညာတတ်စေချင်ပါတယ်။

လွှာ ကြိတ်ပြီး ဆုတောင်းနေရသည်။

"တပည့်တွေ ရောက်နေကြတာပဲ၊ တော်လိုက်တာ ကြိုးစားကြမယ့်ပုံပဲ"

"ဟုတ်ကဲ့"

"မိတ်ဆက်ပေးပါဦး"

"ဟုတ်ကဲ့ ... သူကညီမပြာညက်ပါ ပြာပြာလို့ခေါ်တယ်၊ သူက ဉာဏ်သော်ပါ ဉာဏ်လို့ခေါ်တယ်၊ ဒါကတို့ အစ်ကိုဝမ်းကွဲ ကိုသတိုးတဲ့ အမေရိကားက ပြန်လာတာမကြာသေးဘူး"

ဉာဏ်ကတော့ ပြာပြာ့အကြည့်တွေကို မနှစ်သက်မိပေ။





ကိုသတိုးက သူ့ထက်သာနေသည်။

ပညာပဲ သာတာပါ။

ရုပ်ရည်က သူကသာတယ်ဟု တွေးမိနေ၏။

ပြာပြာအပြိုးတွေ ... ဝေလို့ပဲ။

ကိုသတိုးကတော့ အေးဆေးပဲ။

"ကိုကိုကတော့ ... ဆရာတစ်ယောက်လိုမျိုး အရမ်းကြောက်လန့် တင်းကြပ်နေစရာ မလိုပါဘူး၊ အစ်ကိုတစ်ယောက်အနေနဲ့ပဲ ရင်းရင်းနှီးနှီး ပြောဆိုဆွေးနွေးကြတာပေါ့ လေ့ကျင့်နိုင်ဖို့တ အဓိကနော်"

"ဟုတ်"

ဖြေနေတာက ပြာပြာပဲ။

မျက်ဝန်းတွေက ကိုသတိုးထံမှ မခွာတော့။

ဉာဏ်ဒေါသ ဖြစ်ချင်နေသည်။

သူ့တို့မိသားစုက ပိုက်ဆံ မတတ်နိုင်။

သင်တန်းတွေ တက်ချင်ပေမယ့် ပိုက်ဆံကမရှိ။

သူ့အတွက် မေမေပညာသင်ကြားစရိတ် အကြွေးတောင်တင်ခဲ့၏။

ထို့ကြောင့်ပင် လွှာခေါ်တဲ့ အခမဲ့သင်တန်းတက်ချင်တာရော ပြာပြာပါ တက်နေ၍ သူရောက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စကြမယ်၊ ကိုကိုရှင်းပြတာကို နားထောင်ကြနော်"

"ဟုတ်"

"ဟုတ်"

"ဟုတ်ကဲ့"

လွှာကတော့ ဉာဏ့်မျက်နှာလေးကိုပဲ အရိပ်တကြည့်ကြည့်။

ဉာဏ် စိတ်ဝင်တစား သင်တာကိုလိုလားနေသည်။

တော်သေးတာက ဉာဏ်စိတ်ဝင်စားတယ်။

တရိုတသေ နားထောင်နေ၏။

လွှာက သင်တန်းတွေ တက်ထားတော့မခက်ခဲ။

"နားမလည်တာရှိရင် မေးနော်"

"ကိုကို"

"အင်း"

"ပြာကသိပ်မရဲဘူး၊ ဘယ်လိုလုပ်ရမလဲဟင်၊ အင်္ဂလိပ်စာလည်း ညံ့တယ်၊ ကိုကို နည်းနည်းလေး စိတ်ရှည်ပေးပါလို့ပြောချင်တာပါ"

ပြာကတော့လုပ်ပြီ လေသံကညုတုတု ...

ဉာဏ့်မျက်နှာ တင်းခနဲ ဖြစ်သွားတာကို လွှာတွေ့လိုက်သည်။

"ရပါတယ် ပြာပြာ၊ အစပဲရှိသေးတယ်၊ မင်းကတော့ ပိုပြီး





အာရုံစိုက်ပါ၊ ကြိုးစားလေ"

"ဟုတ်"

ပြာပြာ နှင့်အချိုးကဘာလဲ။

အခုမှတစ်ရက်ပဲ ရှိသေးတယ်။

ဉာဏ်ဒေါသ ထွက်ချင်နေသည်။

တရားဝင်လဲ ဒေါသမဖြစ်ရဲ။

သူနှင့် ပြာက ... သူငယ်ချင်းတွေအဆင့်လေ ...

ပြာပြာကိုယ်တိုင်က သူ ဝင်ရောက်ပြောဆို တားဆီးခဲ့တာတွေကို မကြိုက်။

မော်ဒယ်သင်တန်းတက်တာ တားမိလို့ ပြာ စိတ်ဆိုးနေပုံပင်။

"ဉာဏ်"

"ခင်ဗျာ"

"မင်းစိတ်တွေ လွင့်နေတယ်ထင်တယ်၊ ကိုယ်သိနေတယ်"

"ဗျာ"

"ကိုကိုစောစောက ပြောတာသိလား"

"ဟင် ... ကျွန်တော်မကြားလိုက်ဘူး"

"ဒါကြောင့် ... မင်းစိတ်တွေ လွင့်နေတယ်လို့ ပြောတာပေါ့"

"ဉာဏ်နော် စိတ်မဝင်စားပဲနဲ့တော့ လာမတက်နဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်တယ်၊ ကိုကို့ကို အားနာဦး ... ”

ပြာပြာကပါ ဝင်ပြောတော့ ညဏ်ဒေါသတွေ ထောင်းခနဲ ထွက်သွားသည်။

ပြာပြာကပေါ်တင်ကြီး ကောနေတာပဲ။

ဆရာက ဒီလောက်မဟုတ် ရယ်ရယ်မောမောနှင့် ပြောတာပါ။

“နင့်ကြောင့် တို့တွေ အခက်တွေ့လိမ့်မယ်ထင်တယ် ညဏ်သော်၊ စိတ်မှမဝင်စားတာ”

ညဏ်ကျောပိုးအိတ်ကလေးကို ယူပြီးထလိုက်တော့ လွှာက ပြာပြာသလဲဝင်၍ တောင်းပန်သည်။

“ပြာ နင်ဘယ်လိုပြောလိုက်တာလဲ၊ ဒုက္ခပါပဲဟာ ... ညဏ် မသွားပါနဲ့ တောင်းပန်ပါတယ် ... တို့သူငယ်ချင်း သုံးယောက်ထဲမှာ ညဏ်ကိုပဲ ထွက်မသွားစေချင်ဘူး ... နေပါဦးဟာ နော် ... ”

“ငါက အသုံးမကျတဲ့ကောင်ပဲ လွှာ ... နင်တို့ပဲ သင်ကြပါ၊ ဆရာ တောင်းပန်ပါတယ် ... ခွင့်ပြုပါဦး ... ”

“ညဏ် ထိုင်ပါဦးကွာ၊ တစ်ရက်ပဲရှိသေးတယ်၊ စိတ်မာတော် မကျပါနဲ့ ဆက်ကြိုးစားပါ ... ထိုင်”

သတိုးကလည်း လွှာ့မျက်နှာလေး ညှိုးမှိုင်းသွားရတာ ညဏ်သော့်အား ဆက်သင်စေချင်တဲ့ဆန္ဒ ရှိနေတာသိလိုက်၍ လွှာ ပျော်





စေရန် ညဏ်သော့်အား တားဆီးနေရသည်။

“ကျွန်တော့်ကြောင့် အနှောက်အယှက်ဖြစ်မယ် ဆရာ၊ မဖြစ်နိုင်တော့ပါဘူး၊ ကျွန်တော့်အပြင်မှာပဲ တက်နိုင်အောင် ကြိုးစားပါ့မယ်”

“ညဏ်”

“ကျေးဇူးပဲကွာ ... ငါနဲ့မဖြစ်ပါဘူး လုပ်မနေနဲ့တော့”

ညဏ်က ဘယ်လိုမှတားဆီးမရတော့ဘဲ ထွက်သွားသည်။

လွှာထိုင်၍ပင် ငိုပစ်ချင်သွားရ၏။

ညဏ်တို့ မိသားစုအခြေအနေကို လွှာသိနေသည်။

“နင့်မှာ သင်တန်းခရှိလို့လား ရွှေညဏ် ... အလကားမာန် တက်နေတယ်၊ နင့်အမေမှာအကြွေးတွေနဲ့ ငါ့အမေဆီက အတိုးတွေ တောင် မပေးနိုင်ဘူးဟဲ့”

လွှာ့ရင်ထဲမှာ ဆို့တက်နေ၍ စကားပင်မပြောနိုင်ပေ။

ပြာ့ကိုလည်း အမြင်ကတ်နေသည်။

ဒီလောက်အထိ ချွတ်ရလား။

သူငယ်ချင်းတွေပဲဟာ။ ပြာကိုက ဆတ်ဆတ်ထိမခံတာ။

“လွှာ နေပါစေဟာ ... ညဏ်သော်က ငရှုပ်ပါ၊ နင့်အနာ ဂါတ်ကိုပါ ဖျက်ဆီးပစ်မယ့်ကောင်”

“ဘာပြောတယ်ပြာ၊ နင်လွန်တာ သူကယောကျ်ားလေးဟဲ့



www.burmeseclassic.com

www.burmeseclassic.com



မာနရှိတယ်၊ နင် ဒီလောက်အထိ မပြောသင့်ဘူးနော် ပြာ … ညနေ သွားတောင်းပန်လိုက်”

“မတောင်းပန်ပါဘူး … နင်ကရော ဘာဖြစ်နေတာလဲ၊ ထားလိုက်ပါ”

မထားနိုင်ဘူး …

ဉာဏ်က ငါ့ရဲ့နှလုံးသားတွေထဲမှာ သံယောဇဉ်ကြိုးတွေ အထပ်ထပ်ရစ်ပတ်ထားတဲ့ ယောကျ်ားဟဲ့။

ဉာဏ်သော်ကြောင့် ဒီသင်တန်းကိုစိစဉ်တာဟဲ့ ပြာပြာစုတ်ရဲ့။

နင်က ပထုတ်ပစ်တာ မဟုတ်လား။

ကိုသတိုးကို လွတ်လွတ်လပ်လပ် နှုးကလီးယားလွှတ်မလို့ မဟုတ်လား။

သင်တန်းအတွက် စိတ်မဝင်စားတော့။

ဉာဏ် စိတ်ဆိုးပြီး ဘယ်တွေလျှောက်သွားနေမလဲ စိုးရိမ်သည်။

“လွှာ … မင်းရော စိတ်မဝင်စားတော့ဘူးလားကွာ၊ မျက်နှာလေးက ပြိုကျတော့မယ့်မိုးလို ဖြစ်နေပါလား”

“ဘာမှမဟုတ်ပါဘူး ကိုကို၊ ဆက်သင်ပါ ဉာဏ်ကလေ အဲ့ဒီလိုပဲ အပြောမခံဘူး၊ ကလေကချေနေချင်တဲ့ကောင် … ထားလိုက်”





နင့်ဘဝရှေ့ရေးအတွက် … နင်ဘာဖြစ်လို့ မသိတာလဲ ဉာဏ်သော်။

အရှုးကောင် နင့်မိဘတွေက သူဌေးလား။

နင့်အမေ သေတော့မလား၊ အရှုးထောင် ပို့ရတော့မလား ဘဲ။

နင်က သားပဲ …

ပြာပြာ့ကြောင့် နင့်ဘဝကို အပျက်ခံရင်လဲခံလေ။

ပြာပြာကတော့ နင့်ကိုဘယ်တော့မှ အဖက်လုပ် ရွေးချယ်မယ် မထင်နဲ့။

ဟုတ်တယ် … နင့်ကိုပစ်ထားလိုက်တာပဲ ကောင်းတယ်။

လွှာ မေ့ပစ်လိုက်ဖို့ ကြိုးစားပစ်လိုက်သည်။

၈၃

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"တောက် ... ကိုသတိုးရှေ့မှာ ညဏ့်ကိုချွတ်တာပဲ၊ ပြာပြာနင်က ငါ့ကို အရှုပ်ကောင်လို့ထင်နေတာလား"

ညဏ်ဒေါ်သတွေနှင့် ပေါက်ကွဲနေသည်။

ပြာပြာ့မျက်ဝန်းတွေက ကိုသတိုးဆီမှာပဲ။

ငွေမက်တဲ့မိန်းမ ...

လှကမှ သူ့အပေါ် တယုတယ ရှိလွန်း၏။

ဒါပေမယ့်လည်း ညဏ်ကမကြိုက်ဘူး။

ချမ်းသာတဲ့မိန်းကလေးက ပိုပြီးတောင် မောက်မာနေဦးမယ်။

လှက ပညာတတ်။

နိုင်ငံခြားမှာတောင် ကျောင်းသွားတက်နိုင်တယ်။

"အဖေနဲ့အမေကြောင့်ပဲ၊ ညဏ်ဘယ်လောက်အထိ မျက်နှာ





ငယ်နေရလဲ၊ ပြာပြာကရုပ်ချောလို့၊ နင်ကဘဝင်မြင့်နေတာ"

လမ်းမှာတွေ့နေတဲ့ အရာဝတ္ထုမှန်သမျှကို ဒေါသတွေ ထွက်ပြီး ကန်ပစ်သည်။

ပြာပြာ ... ရက်စက်တယ်။

သူငယ်ချင်း သံယောဇဉ်ပင် မထားတော့။

သူလုံးဝ မကျေမနပ်ဖြစ်မိတာက သူ့ကိုပထုတ်ပစ်တာပဲ။

အိမ်ကိုပဲ ပြန်လာခဲ့သည်။

"ဟင် ရွှေညဏ်၊ ဘယ်လိုဖြစ်ရတာလဲ၊ သင်တန်းတက်မလို့ဆို"

"မတက်တော့ဘူး"

"ဘာဖြစ်လို့လဲ သားရဲ့၊ အခမဲ့သင်ရတာလေ၊ လှလေးကတမင် သူငယ်ချင်းတွေအတွက် လုပ်ပေးတာပဲ"

"ကျွန်တော်က အသုံးမှမကျတာ"

သားညဏ်ရဲ့စကားကြောင့် ဒေါ်နှင်းဆီ ဒေါသ ပေါက်ကွဲသွားရသည်။

သူငယ်ချင်းက အခမဲ့သင်ပေးတာကို မိမိကတော့ သားကိုသင်တန်းတွေပို့ချင်လို့ ငွေရှာနေတာ။

အခုတလော အလုပ်အကိုင်က အဆင်မပြေပဲ ဖြစ်နေသည်။

ယောကျ်ားလစာနဲ့ပဲ စားနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဖအေတူသား အစွမ်းအစကို မရှိဘူး။

အသုံးမကျလိုက်တာ။

သားအဖေလည်း လခစားအလုပ်ပဲ လုပ်တတ်နေသည်။

အောက်ဆိုက်တွေ ဘာတွေလဲ မရှာဘူး။

"မင်းကဘာဖြစ်လို့ မသင်ချင်ရတာလဲ ညဏ်သော်၊ ဘာလဲ မေမေ့ချွေးနည်းစားနဲ့ ရှာဖွေလို့ရတဲ့ ပိုက်ဆံနဲ့မှ တက်ချင်တာလား"

မေမေကတစ်မျိုး။

ပြာပြာကြောင့်ဟုလည်း မပြောပြချင်။

လှှာနဲ့ကိုသတိုးတို့ကို အပစ်ပုံချဖို့ကလည်း မဖြစ်ပေ။

အပြစ်မှမရှိတာ။

"မိဘမှာ အကြွေးတွေတင်နေတာ မင်းသိရဲ့လား ... အခမဲ့ သူများအိမ်မှာ သွားတက်ရတာ မင်းကသိမ်ငယ်တယ် ထင်နေတယ် ပေါ့လေ ဟုတ်လား"

"မသိဘူးဗျာ ဘယ်သူက ပိုက်ဆံပေးရတဲ့သင်တန်း တက်မယ်လို့ ပြောလို့လဲ ... ညဏ် မတက်ဘူး၊ ဘယ်သင်တန်းမှလဲ မတက်ဘူး၊ မေမေ ပူမနေနဲ့"

"ဘာပြောတယ်"

"ညဏ် ဘယ်သင်တန်းမှ မတက်ဘူးလို့ပြောနေတာ"

"မတက်လို့မရဘူး၊ မင်းကယောကျ်ားလေး စာမေးပွဲပြီး





တာနဲ့ တက်စရာရှိတဲ့ သင်တန်းတွေတက်ရမယ်ဆိုတဲ့အသိ မင်းမှာ မရှိဘူး၊ လှှာလေးက ဖုန်းဆက်တော့ အမေဘယ်လောက် ဝမ်းသာ ပျော်ရွှင်ရလဲ သိရဲ့လား ... "

လှှာလည်း မကောင်းပါဘူး။

သူတို့ဟာသူတို့ မတက်ဘဲနှင့် သူ့ဆီ ဖုန်းဆက်သည်။

ညဏ့်ကို သနားနေတာလား ပန်းနုလှှာ။

နှင့်အချိုးက တစ်မျိုးပဲ။

မေမေဒေါသဖြစ်လေ လှှာလှှာ့ကို ဒေါသဖြစ်ရသည်။

"လှှာလေးက တက်စေချင်လို့ခေါ်တာပဲ၊ ဘယ်လောက် အားနာစရာကောင်းလဲ၊ ပြာပြာကလဲ တကူးတက ဖုန်းဆက်ခေါ် ပေးတာ မင်းက ပြန်လာတယ်"

"တော်ပါတော့ မေမေ၊ ညဏ်မတက်ချင်လို့ မတက်တာပဲ၊ မေမေ အတင်းသင်ခိုင်းနေလဲ ညဏ်ကစိတ်ဝင်စားမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်လေ ... မင်းက တက္ကသိုလ်ဝင် စာမေးပွဲ မအောင်နိုင်ဘူး မဟုတ်လား"

"အမေ"

"မိဘအခြေအနေကိုလည်း နားမလည်ဘူး ... သူများက စေတနာနဲ့ သင်ပေးတာ မင်းကမသင်ချင်ဘူး၊ သေပစ်ချင်တယ်"

"ကျွန်တော် သွားတက်မယ်ဗျာ ... မနက်ဖြန်သွားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရမလား"

"တက်ရမယ် မင်းအတွက်ပဲဟာ ... တက်ကိုတက်ရမယ်၊ ညနေကျရင် မင်းလိုက်ခဲ့ ... လွှာလေးမာမို့ဆီ သွားအပ်ရမယ်၊ ဆရာက အရမ်းတော်တယ်တဲ့"

"ညနေ မသွားဘူး ... မေမေ၊ မနက်ဖြန် ညဏ်သွားတက်မယ် ... ဒါပဲနော်"

ညဏ်စောင်ကို ခေါင်းမြီးခြုံပြီး အိပ်နေလိုက်သည်။

မေမေကတော့ တက်ဖြစ်အောင်တက်ဖို့ ပြောနေသည်။

"ပန်းနုလွှာ နင်လည်းအလကားပဲ၊ အပိုအလုပ်တွေ တော်တော်လုပ်တယ်"

ပြာပြာ့ကို ညဏ်မေ့ပစ်လို့မရ။

ကိုသတိုးနှင့် နီးစပ်သွားမှာကိုလည်း စိုးရိမ်နေသေးသည်။

"ပြာပြာက ရင်းနှီးအောင်လုပ်မှာပဲ ... ညုနေပြီ ... ငွေမက်တဲ့ပြာပြာ၊ ငါချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ"

သေနတ်သာရှိရင် ဘဏ်ကို ဓားပြသွားတိုက်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေသည်။

"ကံမကောင်းလိုက်တာ ... ညဏ်သော်၊ ကိုယ်ချစ်ရတဲ့ မိန်းကလေးအတွက် အထင်ကြီးစရာ ဘာမှမရှိဘူး၊ လုပ်ပြရမယ်"

သူ့စိတ်တွေက ပြာပြာမှပြာပြာ မော်ဒယ်သင်တန်းတက်နေ





တာပင် ညဏ်စိတ်ပူနေရသည်။

ပြာပြာကလည်း အဆင်မပြေတော့ ချမ်းသာချင်မှာပဲ။

ငါကမှ အသုံးမကျတာ။

နင်အထင်ကြီးအောင်တော့ ငါလုပ်ပြချင်တယ် ပြာပြာရယ်။

"မနက်ဖြန် သင်တန်းသွားတက်မယ် ... ငါကြိုးစားပြရမယ်၊ ပြာပြာ့ကို သူများလက်ထဲ အပါမခံနိုင်ဘူး"

လွှာ ဖုန်းပေးထားတာ မယူမိတာမှားသွားတယ်။

ပြာပြာ့ရှေ့မှာ လွှာ့ဖုန်းကိုင်ရတာလည်း ရှက်သည်။

တစ်ယောက်ထဲ မျက်လုံးတွေလဲ မှိတ်မရ။

ကြောင်စီစီ သူအိပ်လို့မရသဖြင့် ထပြီး အဝတ်အစား လဲလိုက်၏။

သူအပြင်ထွက်မယ်ပြင်တော့ မေမေ ရောက်လာသည်။

"ညဏ် ဘယ်သွားမလို့လဲ ... မင်းမနက်စာ မစားရသေးဘူးလေ"

"ပြန်လာမယ်"

"မနက်စာရော သားမစားရသေးဘူး မဟုတ်လား"

"လွှာကျွေးလိုက်တယ် ... သားအားကစားကွင်းဘက် သွားမလို့"

"မနက်စာ စားချိန်တော့ ပြန်လာနော်သား ... မေမေတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီသားလေး တစ်ယောက်ပဲရှိတာ၊ အမြဲတမ်း စိတ်ပူနေရတယ်၊ ပြန်လာနော်”

“ဟုတ်ကဲ့ပါ”

မေမေက စောစောကလို ရန်လိုတဲ့မျက်နှာမျိုး မဟုတ်တော့။

သူ့မျက်နှာကို အရိပ်အကဲ ကြည့်နေတတ်သည်။

ညဏ် ထွက်လာခဲ့၏။

အားကစားကွင်းက သူ့အတွက် ပြာပြာ့ကို အလွမ်းပြေပဲလေ။

“နင့်အတွက် နင်လုပ်တာပဲပြာ ... ငါမတားဆီးသင့်ဘူး၊ ငါမှားသွားပါတယ်၊ နင့်အပေါ် သဝန်ကြောင်ပြီး ဒေါသထွက်ရတာပါ”

ပြာပြာ့ကို မုန်း၍မရနိုင်။

သူ့အချစ်တွေက အစိုင်အခဲ ထုထည် ဘယ်လောက် ကြီးမားနေပြီလဲ။

ပြာပြာ့ကို ချစ်တယ်။

သူတစ်ယောက်ထဲတွေးချင်တိုင်း ပြာပြာ့အကြောင်းတွေကို တွေးပဲနေသည်။

“ငါအရမ်း ချမ်းသာချင်လိုက်တာ ပြာပြာရယ် ... နင်အထင်ကြီးအောင် လုပ်ပြချင်ပါတယ်ဟာ”





မနက်စာ ထမင်းစားချိန်ရောက်တော့ မေမေမျှော်နေမှာစိုး၍ ညဏ် ပြန်လာခဲ့သည်။

“မေမေ့သားလေးကို မျက်နှာလေးညှိုးနေတာ လုံးဝမကြည့်ရက်ဘူးနော်၊ သားမျက်နှာလေး ချောင်ကျသွားသလိုပဲ”

သား ဘာဖြစ်နေလဲ။

ဒေါ်နှင်းဆီမေကတော့ တစ်ဦးတည်းသော သားလေးကို ချစ်လွန်းသည်။

အလိုလိုက်ထားခဲ့၏။

စီးပွားရေးလည်း ကြိုးရုန်းရှာခဲ့တာပဲ။

ကံဆိုးတဲ့ သားလေးပါ။

မိဘက စီးပွားရေးအဆင်မပြေတာ သားကိုပဲ အပြစ်တင်နေလို့ မဖြစ်သေးဘူးလေ။

မိဘတွေ ညံ့တာပဲ။

“သားရွှေညဏ်၊ မင်းကိုမေမေတို့က ပြည့်ပြည့်စုံစုံ မထားနိုင်ခဲ့ဘူး၊ မေမေ အမြဲတမ်း စိတ်မကောင်းဖြစ်ရတဲ့အချက်ပါပဲ”

“ညဏ်သိပါတယ် ... ကောင်မလေးတွေရှေ့မှာ မျက်နှာငယ်ရတာ အဆိုးဆုံးပဲ”

“အမယ်လေး ... သားလေးတစ်ယောက်ထဲ မွေးထားတာကောင်မလေးအကြောင်း ပြောနေပြီ ... ဘယ်သူငယ်ချင်းရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်ရလဲ ပြောလေ၊ လွှာလွှာ့လို ချမ်းသာတဲ့အထက်တန်းစား ကောင်မလေးကတောင် သား်ကိုအရေးတယူနဲ့ ဘယ်လောက် ဂရုစိုက်လဲ၊ ပြာပြာဆိုရင်လည်း အရမ်းချော သားကိုအရေးတယူ ရှိကြတာပဲ"

"ပြောပြတာပါ"

"မေမေ့သားလေးကို လာနှိမ်လို့ကတော့ မရဘူးနော် … မေမေနဲ့တွေ့မယ်၊ ဘယ်ကောင်မလေးလဲ စိတ်ဝင်စားတတ်နေပြီလား"

"မရှိပါဘူး၊ ညဏ့်စိတ်က သိမ်ငယ်နေတာပါ၊ ဘယ်ကောင်မလေးမှမရှိဘူး"

သားချစ်တာ ပြာပြာပါလို့ ပြောလို့မဖြစ်သေးဘူး။

ပြာပြာကမှ 'လက်မခံတာ။

မေမေက လွှာလွှာ့ကို ပိုချစ်သည်။

"လွှာလွှာလေးက စိတ်သဘောထားလဲ ပြည့်ဝတယ်၊ ချမ်းသာပေမယ့် မာနမရှိဘူး၊ အေးလေ ဒီလိုကောင်မလေးမျိုးကျတော့လည်း မျှော်လင့်ချက်တွေက မိုးအထိဖြစ်နေမှာပဲ"

"သားကလည်း လွှာလွှာ့လို ကောင်မလေးမျိုးကို မကြိုက်ဘူး"

"ဟင် ဘာဖြစ်လို့လဲ … သားရဲ့"





"ဘဝတူချင်းပဲ ရွေးချင်တယ် … ကိုယ်ကအောက်ကျခံရမှာ မလိုလားဘူး မေမေ"

"အမယ်လေး မေမေသားရွှေညဏ်က စဉ်းစားတွေးခေါ်တတ်သားပဲ၊ ယောကျ်ားဆိုတာ မာနရှိရတယ် … ကိုယ်ကအိမ်ဦးနတ်လေ"

သားကိုသာပြောနေတာ အိမ်ဦးနတ်ဆိုပြီး နေရာတကာ အခွင့်ထူးခံနေတဲ့ ယောကျ်ားတွေ့တော့ အဲဒီမိန်းမ သေပြီပဲ။

မိမိ ဘဝလိုမျိုးလေ။

ယောကျ်ားက အိမ်ဦးနတ်ဖြစ်နေလို့ မိမိပြုစုလိုက်ရတာ။

မိန်းမဝတ္တရား ကျေရတယ်။

ငွေရှာဖို့ကျတော့ ထမင်းပဲနပ် မှန်တယ်။

ကိုယ့်သားကျတော့လည်း မိန်းမကို နိုင်စေချင်ခဲ့မိသည်။

"မေမေ ပွဲဖြစ်ရင်လည်း သားအတွက် ဒီဇိုင်းအသစ်တွေ ဝယ်ပေးမယ်နော်"

တစ်ခါတစ်လေ မေမေ့ကိုလည်း ညဏ်သနားမိပါတယ်။

သားအတွက်ရော မိသားစုအတွက်ရော မေမေပဲရှာဖွေနေရတယ်။

အဖေက စာအုပ်ကြီးအတိုင်း အပိုငွေ မရှာခဲ့။

"မနက်ဖြန် သားညဏ်၊ သင်တန်းသွားတက်နော် … အခမဲ့



www.burmeseclassic.com

www.burmeseclassic.com



သခင်ရတာပဲ သားအခွင့်အရေးရတာပဲ”

“တက်ပါမယ်”

“မေမေ လိုက်ပို့ပေးရမလား”

“မလိုပါဘူး မေမေ … ညဏ်တက်မယ်”

ပြာပြာ့ကြောင့် သူ တက်ကိုတက်ရမည်ဖြစ်သည်။

အခွင့်အရေးပဲ …

နောက်ဆို ပြာပြာ ဘာပဲပြောပြော သည်းခံမယ်။

သူ့လို အသုံးမကျတဲ့ကောင်က မာနထားနေစရာလား။

ညနေစောင်းတော့ ပြာပြာနှင့်လှာလှာ ရောက်လာသည်။

“ညဏ် အပြင်သွားမယ်၊ ငါကျွေးမှာ”

“ဘာလဲ”

“ပြာပြာက ညဏ်ကိုတောင်းပန်မလို့တဲ့၊ ဟဲ့ပြောလေ”

“ဟုတ်တယ်”

ပြာပြာ့ကိုလှာ အပြတ်ကြိမ်းထားတာပါ။

ညဏ်ကိုမတောင်းပန်ရင် သင်တန်းဖျက်မယ်လို့။

ကိုသတိုးကြောင့် ပြာပြာကညဏ့်ကို တောင်းပန်ဖို့ သဘောတူခဲ့သည်။

“ဒီမှာပဲပြောလည်း ရတာပဲလှာ၊ ငါညစာ အိမ်မှာစားမယ်၊ မသွားဖြစ်တော့ဘူး”





“ပြာကလည်းဟာ လှာကကျွေးချင်လို့ပါ၊ သွားမယ် ညဏ်ထပါ … လာလေ”

ညဏ့်လက်ကို အတင်းဆွဲခေါ်လာခဲ့သည်။

ပြာပြာက အောက်သိုးသိုးမျက်နှာကြီးနှင့်။

ပြာမှားတယ် …

ညဏ့်အပေါ် ဒီလောက်အထိ ရက်ရက်စက်စက် မရက်စက်သင့်ပါဘူး။

ပြာပြာက ငွေမက်တာလည်း မရှိန္တမ်းပါးနေတဲ့ ညဏ့်ဘက်ကပဲ လှာ နာမိသည်။

“ပြာပြာ တောင်းပန်လိုက်လေ … နင်မှားတာပဲ”

“ဟုတ်တယ် ညဏ် … ပြာတောင်းပန်ပါတယ်၊ ပြာ ဒီလိုတော့ မပြောသင့်ဘူးမဟုတ်လား … မနက်ဖြန် သင်တန်းလာနော်”

“ပြာပြာ့ကို အနှောက်အယှက် ဖြစ်မှာလဲမလိုလားဘူးဟာ၊ ညဏ့်အတွက် မစဉ်းစားပါနဲ့ ပြာပြာ”

ပြာပြာက တောင်းပန်တယ်ဆိုတော့လည်း ညဏ်ကျေနပ်သွားရသည်။

“နင်မပါရင် တို့လည်းတကယ့်ကို ခြောက်ကပ်ကပ်နဲ့ ပျင်းစရာကြီးလေ … ပြန်တက်နော်.ပြာကနှောက်ယှက်နေတာလို့ ပြောမိတာ တောင်းပန်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကောင်စုတ်ဉာဏ်သော် ...

နင့်လိုကောင်ကို မတောင်းပန်ချင်ပါဘူး။

ငယ်သူငယ်ချင်းက ငယ်သူငယ်ချင်းပဲ။

နင်က နေရာတကာ ဆရာကြီးလုပ်ချင်တယ်။

လွှာပဲ သည်းခံမှာ။

ငါကတော့ ဘာသံယောဇဉ်မှ မရှိဘူး။

အခုတောင်းပန်တာ လွှာ့ကြောင့်ပဲ။

ကိုကိုနဲ့ ရင်းနှီးမှု ရယူနေတုန်းမို့နော်။

"ငါကျေနပ်ပါတယ် ပြာရယ် ... ဆရာ့ရှေ့မှာ ပြောလို့ ငါ ရှက်ပြီး ထွက်သွားမိတာပါ၊ မနက်ဖြန်ပြန်တက်မယ် ... စိတ်ချ နောက်ထပ် ဘယ်တော့မှ သင်တန်းကနေ ထွက်မသွားတော့ဘူး"

ဉာဏ် ပြန်တက်မည်ပြော၍ ဝမ်းသာသွားရသူက လွှာပင်။

ဉာဏ်ပြန်သွားသဖြင့် သင်တန်းကို ချက်ချင်းတောင် ရပ်ပစ် ချင်တယ်။

ကိုသတိုးကြောင့် ...

ဒက်ဒီပြောထားတဲ့ ကိစ္စလည်းဖြစ်နေ၍ ဆက်သင်ခဲ့ရသည်။

"တို့တွေက သူငယ်ချင်းတွေပဲ၊ စိတ်မဆိုးကြေးနော်၊ နောက် နေ့ကစပြီး သင်တန်းကိုပျော်ပျော်ပါးပါး တက်ပြီး၊ စာကြိုးစားကြ မယ်၊ ကဲ ... ဒီညစာ ကြိုက်တာစားနော်၊ အမှတ်တရလေ လွှာက





ကျွေးမယ်"

ပြာပြာကို တို့လိုက်သဖြင့် သူမကိုမော့ကြည့်တော့ မျက် စပစ်ပြလိုက်သည်။

ပြာပြာ မလုပ်ချင်ပေမယ့် ... လွှာ သင်တန်းဖျက်မှာကို ကြောက်ပြီး ဉာဏ်နှင့် အရောတဝင် စကားတွေပြန်ပြောနေ၏။

ကောင်စုတ်ရွှေဉာဏ် သဘောတွေကျနေလိုက်တာ တဟီး ဟီးနဲ့။

ပြာပြာ့ပန်းကန်ထဲ ဟင်းတွေ ခတ်ထည့်ပေးပြီး သူများ ဝစ္စည်းနဲ့ မျက်နှာလုပ်နေတယ်။

လွှာ ဘေးမှာရှိနေတာပင် မေ့နေပြီ။

လွှာ နည်းနည်းလေးတော့ တနုံ့နုံ့ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"မေမေ"

"ဟင်"

"ဒီလိုပဲ နေ့တိုင်း လောင်းကစားဝိုင်းတွေ သွားနေတော့မှာလား"

"မေမေငွေရှာနေတာပါ ပြာရယ်၊ သမီးက မော်ဒယ်သင်တန်းတက်တော့ အဝတ်အစားတွေ၊ အသုံးအဆောင်ပစ္စည်းတွေ လိုလာပြီလေ မဟုတ်ဘူးလား"

"မေမေက စီးပွားရှာနေတာမှမဟုတ်တာ၊ ဖြုန်းနေတာပဲ"

"ပြာပြာ မေမေ့ကို ဝေဖန်တာမကြိုက်ဘူးလို့ ပြောထားပြီးပြီနော်၊ ညည်းလုပ်စရာရှိတာပဲ လုပ်ပါ၊ ညည်းအမေလား ... သူများသမီးတွေဆို ဒီအရွယ် အမေ့ကို ရှာဖွေကျွေးနေပြီ၊ မအေက ရွှေငွေအပြည့်နဲ့ ငြိမ့်နေရမှာ"

ဖိုးလပြည့်စာပေ



"ဟင် ... ပြာကဆယ်တန်းတောင် မအောင်သေးဘူး၊ ဘာလုပ်ကျွေးရမှာလဲ"

"ဟဲ့ ... ရပ်ကွက်ထိပ်က သူ့သူ့ကိုပဲကြည့်"

"ဟာ ... မေမေကလဲ ဘာကြီးလဲ သူကအကြံအဖန်"

"ဟွန်း"

"အမေဖြစ်ပြီး ဘာတွေလာပြောနေတာလဲ၊ ပြာကတော့ ကိုယ့်ဘဝကို လုံးဝမနှစ်နိုင်ဘူး၊ ရည်မှန်းချက် ကြီးကြီးပဲထားတယ်၊ ဒီလိုမျိုးကြီးတော့ ရှာမကျွေးနိုင်ဘူးနော်၊ မျှော်လင့်မနေနဲ့"

"သဘောကို ပြောပြတာပါဟဲ့၊ ကောင်မစုတ်လေးရဲ့"

ဒေါ်မာလာညိုကတော့ ယောကျ်ားသေသွားပြီးထဲက သမီးတစ်ယောက်နဲ့ ကျန်ခဲ့တဲ့ပစ္စည်းတွေ ထိုင်စားပြီး ပျော်ပျော်ပဲနေတယ်။

မိမိလည်း ရှာဖွေတာပဲ။

ဒါပေမယ့် ...

လောင်းကစား လုပ်တယ်။ တစ်ခါတစ်လေ ရပါတယ်။

ဝိုင်းကတော့ မသွားရ မနေနိုင်ဘူး။

မိမိက လှလှပပ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရတာလေ။

ယောကျ်ား မဆုံးခင်ကတော့ ချုပ်ချယ်ခြင်းခံရသည်။

ယောကျ်ားဆုံးမှ လွတ်လပ်တာ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း စီးပွားရေးကျဆင်းခဲ့ပေမယ့် သမီးညိုပြာ ညက်ကိုတော့ လူတန်းစေ့ ထားခဲ့၏။

အလှမက်တဲ့ သမီးလေး ...

"ပြာပြာ သမီး ... မေမေကတော့ ညည်းကိုအောင်မြင်မယ်လို့ ထင်တယ်၊ ကြိုးစားကြားလား ... သမီးက အရမ်းချောတယ်၊ အဖိုးတန်သမီးလေး ... မအေတူ"

"ဟွန်း ... "

"ဘာလဲ ညည်းက မအေတူဆိုလို့ နှာခေါင်းရှုံ့တာလား၊ ကျုပ်နဲ့တူလို့ ညည်းချောတာ၊ ညည်းအဖေ အသားလေးပဲ ဖြူတာပါ၊ ညည်းဆယ်နှစ်အရွယ်မှာ ညည်းအဖေဆုံးတယ်၊ အမေက ရုန်းကန်ခဲ့ရတာလေ"

"ဖေဖေရှာဖွေထားခဲ့တဲ့ ငွေတွေရော၊ တိုက်ခန်းရော မေမေဖြုန်းပစ်တာလေ၊ အခု ပြာက ရပ်ကွက်ထဲမှာ မျက်နှာမွဲနဲ့ နေရတာပါ"

"ပြာပြာ ညည်းကများ ... ညည်းလည်း ဝတ်ချင်တာဝတ်၊ စားချင်တာ စားခဲ့တာပဲလေ၊ ငါ့ပြစ်လား"

သားအမိနှစ်ယောက်က သူငယ်ချင်းလိုပါပဲ။

ပြောကြဆိုကြ ရန်ဖြစ်ကြနှင့် လွတ်လွတ်လပ်လပ် ကိုယ့်သဘောနဲ့ကိုယ် နေထိုင်ခဲ့ကြသည်။





"သမီးနာမည်ကြီးလာရင် မေမေ့အလုပ်နဲ့ အဝေးဖန်ခံရမှာနော် ... မအေက လောင်းကစားသမားဆိုပြီး"

"အမယ်လေး ညိုပြာညက်ရယ်၊ ညည်းပဲ အောင်မြင်အောင်လုပ်ပါဦး ... ကြီးကျယ်မနေနဲ့ မေမေကပွဲစား၊ အလုပ်ကိစ္စသွားမှာပဲ"

"တကယ်ပါပဲ"

မေမေကတော့ ပြောဆိုပြီး ကျော့ကျော့မော့မော့လေး ထွက်သွားသည်။

ပြာရှက်တယ်။

မေမေ့ကို ဘယ်တော့ရဲက လာဖမ်းမလဲ တွေးပြီးပူပန်နေရတာ။

မေမေက ပြာပြာ့ကို ဝတ်စားပြင်ဆင် နေထိုင်စေခဲ့ပေမယ့် အိမ်လေးထဲမှာ ပြာပြာမနေချင်ပေ။

"ဆင်းရဲတာကို မုန်းတယ်၊ လွှာလို တိုက်ကြီးနဲ့နေချင်တယ်၊ ကားစီးချင်တယ်၊ ဂုဏ်ဒြပ်တွေအပြည့်နဲ့ လောကကြီးထဲမှာ မော်ကြွားပြီး နေချင်တာ မေမေရဲ့"

မေမေ့ အရိပ်အယောင်ကို မမြင်ရတော့ပေမယ့် ပြာပြာ အသံတကြီး အော်ဟစ်ပြောမိသည်။

မျက်ရည်တွေ ဝဲချင်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသတိုးက ပြာပြာ့ အခြေအနေကို အထင်ကြီးမလား။

ရပ်ကွက်ထဲက သူ့သူ့ဘဝကို လုံးဝအားမကျဘူး။

အဖိုးကြီးတစ်ယောက်ရဲ့ Sponsor ... တဲ့။

"ရွှံ့စရာကြီး ပြာပြာကချမ်းသာတဲ့ ယောကျ်ားတစ်ယောက်နဲ့ အကြီးအကျယ် အခမ်းနားဆုံး မင်္ဂလာဆောင်ပြီး၊ သူဌေးမကြီးဘဝကို အရယူပစ်ချင်တာ"

ကိုသတိုး ...

ဘာမှပြောစရာမရှိအောင် ပြည့်စုံနေတဲ့ ယောကျ်ားပဲ။

ပြာပြာ ...

အလွန်အမင်း စိတ်ဝင်စားနေမိသည်။

စီးပွားရေးလုပ်ငန်းတွေလည်း ရှိတယ်။

မိဘတွေကလဲ အမေရိကားမှာတဲ့။ ဘယ်လောက် မိုက်လဲ။

လူကလဲ ချောချောဖြူဖြူ တောင့်တောင့်ဖြောင့်ဖြောင့်။

"ကိုသတိုးကို ရမှဖြစ်မယ် ... ပြာ မင်းသမီးလည်း မဖြစ်ချင်ပါဘူး၊ ဟိုကောင် ဉာဏ်သော်ကတစ်မျိုး၊ အနှောက်အယှက်ကောင်နှင် ... ငါလျှောက်မယ့်လမ်းပေ က ခလုတ်ကန်သင်းပဲ"

ဉာဏ်သော့်ကို နည်းနည်းလေးမှ မကျေနပ်ပါ။

သင်တန်းမှာ ဉာဏ်သော် ရှိနေတာပင် စိတ်ပျက်စရာကြီး။

ငယ်သူငယ်ချင်း ဆိုပေမယ့်လည်း ပြာပြာ့ကို မျက်စိ ဒေါက်





ထောက်ကြည့်ပြီး ဝေဖန်ခံနေသည်ဟု ထင်သည်။

"နင့်ကို တောင်းပန်ရတာ လွှာ့ကြောင့်ပဲ ... လွှာကလည်း ဒီကောင်မှဒီကောင် ဖြစ်နေတယ်၊ ဉာဏ်သော် ... ဒီကောင့်ကို ကြိုက်နေတာတော့ မဖြစ်နိုင်ဘူး၊ ဒီကောင့်အခြေအနေကို ဘယ်သူက စိတ်ဝင်စားမှာလဲ"

လွှာလွှာက သံယောဇဉ်ကြီးသူ ဖြစ်သည်။

သူမ ဘာပဲလုပ်လုပ် သူငယ်ချင်းတွေမပါဘဲ မနေစေရ။

ဝေမျှစားသောက် ပေးကမ်းတတ်သည်။

ဉာဏ်သော်တို့မိသားစု အများဆုံးပဲ။

ဉာဏ်သော့် ညီမလေးဆိုရင်လည်း လွှာ ထောက်ပံ့ပေးနေသည်။

"လွှာတို့ အိမ်သွားရမယ် ... ကိုကို့ကို အရမ်းတွေ့ချင်နေပြီ"

သူမ အလှပဆုံး ဝတ်စားပြင်ဆင်သည်။

ကိုကိုသတိုး အမြင်မှာ စိတ်ဝင်စားစရာ မိန်းကလေးဖြစ်ချင်နေ၏။

လွှာကလည်း မိန်းမချောလေးပေမယ့် ပြင်ပြင်ဆင်ဆင် မရှိ စားမှစား။

လွှာတို့တိုက်ကိုရောက်တော့ ဉာဏ်သော် မရောက်သေး၍



www.burmeseclassic.com

www.burmeseclassic.com



စိတ်သက်သာသွားရသည်။

"ပြာပြာရေ ... စောလိုက်တာ၊ အရမ်းကိုပြင်ဆင်ထားတာပဲ လား ..."

"ယောက်မကလည်း အကြောင်းသိရဲ့သားနဲ့ မေးနေရသေး တယ်"

ကိုသတိုးက လွှာ့ကိုစိတ်ဝင်စားနေတယ်ဆိုတာ လွှာသိနေ သည်။

ဒယ်ဒီဆန္ဒကလည်း ကိုသတိုးနဲ့ ရည်မှန်းထားတာတဲ့ မာမီ ကပြောတာ။

ဘယ်လိုလုပ်ရမလဲ။

လွှာကလည်း လုံးဝပဲ ငြင်းပစ်မှာ။

ဟုတ်တယ် ...

ပြာပြာနဲ့ပဲ အောင်သွယ်ပေးရမယ်။

မတတ်နိုင်ဘူးလေ။

ညဏ့်အတွက် စိတ်မကောင်းဖြစ်ရပေမယ့်လည်း ပြာက ကိုသတိုးကိုပဲ ကြိုက်နေတာပဲ။

"ပြာပြာ နင်အရမ်းလှတယ်သိလား ... ကိုသတိုးအနား ကပ် ပြီး အပြတ်ညှုစမ်းပါ ... လွှာကလဲ ပြာနဲ့ သဘောတူတယ် သိလား"

"စိတ်ချ၊ ဟဲ့ ... ဟိုကောင်ညဏ် ပြဿနာရှာလိမ့်မယ်"





"ညဏ်မသိအောင်လေ ကိုသတိုး ဖုန်းနံပါတ် ပေးမယ်လေ"

"အေးကောင်းတယ် ... ပြာကလည်း တောင်းချင်နေတာ နဲ့ဆက်မယ်"

"အေး ... ညဏ်မသိစေနဲ့နော်၊ ပြာတို့ဟာပြာတို့ အဆင် ပြေရင်လည်း ပြီးတာပဲ"

"လွှာ"

"ဟင်"

"နင်"

"ဘာလဲဟ"

"မပြောတော့ပါဘူး၊ ဒါပေမယ့် ... တစ်ခုတော့ သတိပေး မယ်နော်၊ ညဏ်သော်က အလကားကောင်ပဲ အူကြောင်ကြောင်နဲ့ မိန်းကလေးတစ်ယောက်အတွက် အားမကိုးလောက်ဘူး ... သူ့ အဖေကိုပဲကြည့်"

"ပြာပြာ နင်ဘာတွေပြောနေတာလဲ ... ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေ"

"သူငယ်ချင်း အချင်းချင်း သတိပေးတာပါဟဲ့၊ ညဏ့်အဖေ က ကုမ္ပဏီမှာ ကားလေးမောင်းရတာကိုပဲ ကျေနပ်နေတယ် ... သူ့အမေ ဘယ်လောက် ရုန်းကန်ရလဲ"

"တော်ပါတော့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



လွှာဆက်မကြားချင်ပေ။

ညဏ့်ကို အထင်သေးတဲ့ စကားတွေ မပြောသင့်ပါဘူး။

အားပေးကူညီတာမျိုးတွေပဲ လုပ်ရမှာ။

ပြာပြာက ညဏ့်ကို မိသားစုနှင့်ချီ၍ အထင်သေးနေသည်။

"ညဏ်ရယ် နင်ကပြာပြာ့ဆို အရမ်းချစ်တယ်၊ အောက်ကျ ခံတယ်၊ ပြာပြာ့အတွက်ဆို ဘာမဆို နင်လုပ်ပေးချင်တယ်၊ ပြာပြာကတော့ နင့်ကိုလုံးဝ အထင်သေးနေတာပဲ"

လွှာ စိတ်မကောင်း ဖြစ်ရသည်။

ညဏ့်ကို အထိမခံနိုင်။

လွှာ သံယောဇဉ်အရှိဆုံးက ညဏ်ပဲ။

"ပြာပြာ နင့်ကိုပြောထားမယ်နော် ... ညဏ်ရောက်လာရင် အလိုက်အထိုက် နေပေးရမယ် ... ညဏ်လည်း တို့သူငယ်ချင်းပဲ သင်တန်းက ညဏ်ပါမှ ဖြစ်မှာနော်"

"ပြာသိပါတယ် ... ဒါကြောင့်လည်း တောင်းပန်တာပေါ့၊ ကိုသတိုးကြောင့် သိလား"

"ပြီးရော ကိုသတိုးဖုန်းနံပါတ် ပေးမယ်"

"ပေး"

"မပေးသေးဘူး ... သင်တန်းပြီးမှပေးမယ်၊ ညဏ့်အပေါ် ဆက်ဆံရေး ကြည့်ရဦးမယ်"





"ကပ်လွန်းတယ်၊ သူ့ညဏ်မှ သူ့ညဏ်"

"ညဏ်ကို တက်စေချင်လို့ပါဟာ၊ ညဏ့်မိဘက ပိုက်ဆံမှ ရှိတာ၊ သနားကြင်နာစမ်းပါ"

ပြာပြာ့ကို မျက်နှာတင်းတင်းကြီးနှင့် မဆက်ဆံဖို့ ... လွှာ အားပေးရသည်။

ညဏ်ရောက်လာတော့ ပြာပြာက အပြုံးနဲ့ ဆီးကြိုလိုက် သဖြင့် ရွှေညဏ့် မျက်နှာကြီးက ပြုံးဖြီးဖြီးကြီးနှင့် ဖြစ်နေသည်။

"ပြာ့ပြာ နင့်ကိုစိတ်အနှောက်အယှက်ဖြစ်အောင် ညဏ် လုပ်တော့ပါဘူး၊ ကတိပေးပါတယ်ဟာ၊ ညဏ်လည်း ကြိုးစားမှာ ပါ"

"ပြာ့အနေအထိုင်လည်း နင်သိသားပဲညဏ်၊ ပြာက ရည်ရွယ် ချက်ကြီးတယ်နော်၊ ဘယ်သူတားလို့မှ ကိုယ့်ရည်ရွယ်ချက်တွေကို ရပ်တန့်မပြစ်ဘူး"

ပြာပြာက သူ့ကိုပြုံးပြုံးရယ်ရယ် ပြောဆိုနှုတ်ဆက်တာကိုပဲ ညဏ်ပျော်ရွှင်ရသည်။

ပြာ့ကို အတိုက်အခံမလုပ်ဖို့ သူ ဆုံးဖြတ်ထားမိ၏။

ပြာပြာ အထင်ကြီးတဲ့ဘဝတစ်ခု ပိုင်ဆိုင်နိုင်အောင်ပဲ ကြိုတ်ပြီး ကြိုးစားမယ်။

တစ်နေ့နေ့ ပြာပြာ လက်ခံပေးလာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... လာပြီ၊ စကားမများကြနဲ့တော့ ဒါမှဆရာက အားတက်မှာ"

ပြာပြာ အဖြစ်သည်းပြနေသည်။

ညက် ဒေါသထွက်ချင်ပေမယ့် ဒေါသကို ထိန်းရ၏။

ကိုသတိုးက ဆရာပဲ စေတနာနဲ့ သင်ပေးတာပဲ။

သူလည်း သင်ချင်၏။

မေမေကလည်း ညက်ကို ဆူပွက်မှာ သေချာသည်။

"တပည့်တွေက ကြိုကြိုတင်တင် ရောက်နေတာပဲ၊ ကောင်းတယ် ... OK "

သတိုးကတော့ လွှာလွှာ့ဆန္ဒကြောင့် သူငယ်ချင်းတွေကိုပါ နွေးနွေးထွေးထွေး ဆက်ဆံနေရသည်။

ပြာပြာက အလှပြင်လွန်းတယ်။

မိန်းမချောလေးပဲ။

စာကတော့ ညံ့တယ်။

လွှာလွှာ့ မျက်နှာလေးကပဲ အေးချမ်းပြီး နူးနူးဖူးဖူးလေး။

ပညာရေးလည်း စိတ်ဝင်စားသည်။

သတိုး သဘောကျမိ၏။

အန်ကယ် ဆန်နီကတော့ လွှာလေးကို သူနဲ့သဘောတူတဲ့ အနေအထားမျိုး ဖြစ်နေသည်။





"ညက်သော်"

"ဗျာ"

"မောင်ရင် ပြန်ရောက်လာတာ ကောင်းပါတယ်၊ ဆရာက ငင်းကို အထင်မသေးပါဘူး၊ ကြိုးစားနော်"

"ဟုတ်"

"ပြာပြာကလဲ ညက်ကို ... သူငယ်ချင်းတွေ စကားကို ဆင်ဆင်ခြင်ခြင်ပြောနော်"

"ဟုတ်"

"ကဲ ... စမယ်"

ပြာပြာ့အကြည့်တွေက ကိုသတိုးဆီပဲ ရောက်နေတာကို ညက် သတိထားမိနေသည်။

တစ်ခါတစ်လေ မျက်တောင်ပင် ခတ်ရဲ့လားမသိဘူး။

ညက့်နှလုံးသားတွေ စူးနင့်နင့် ...

"ညက်"

"ဟင်"

"ဘာမှ အားမငယ်ပါနဲ့ အခုမှ အစပဲရှိပါသေးတယ် ဖြစ်လာမှာပါ"

"အင်း"

"လွှာလည်း ကူညီမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ညဏ်ဘာတွေ ဖြစ်နေလည်းဆိုတာ လွှာသိသည်။

ပြာပြာ့ကြောင့်ပဲ။

ညဏ့်ရှေ့မှာဆင်ခြင်ဖို့ ပြောထားတာကိုများ ပြာလွန်တယ်။

ညဏ်ထွက်သွားမှာ လွှာအစိုးရိမ်ဆုံးပါ။

ပြာပြာ့ကို လက်တို့ရသည်။

"ညဏ်ကလည်း ပြာတောင် ဘာမှ သိပ်မသိသေးတာ ... ကြိုးစားကြရအောင်နော်"

"အင်းပါ ... ပြာပြာ၊ ကြိုးစားမှာပါ၊ စိတ်မပူပါနဲ့"

ကောင်စုတ် ရွှေညဏ် ...

နင်တော်တော် ဘက်လိုက်တာပဲ။

ပြာပြာ့ကျတော့ စကားတွေရွှန်းရွှန်းဝေအောင် ပြန်ပြောသည်။

လွှာ့ကျတော့ အေးစက်စက်။

ဒီကစေတနာနဲ့ အကူအညီပေးနေတာကို။

သူမ အမြင်ကတ်ပြီး ကိုသတိုးနှင့် အရောတဝင်လုပ်တော့ ညဏ်က သဘောကျနေပြီး ပြာပြာက မျက်စောင်းတထိုးထိုး ဖြစ်နေသည်။

"လွှာလေးကတော့ ကြိုးစားတယ်၊ အရမ်းတော်တာပဲ"





"ကိုကို့ကြောင့်ပါ၊ ကိုကိုကလည်း တော်တာပဲ ... "

"လွှာလေး ချီးမွမ်းနေပြီ၊ ကိုကိုက မြှောက်ချင်နေတာပါ"

ပြာက တို့သည်။

ညဏ် ကျေနပ်အောင်ပါ။

ပြာနှင့်ကိုသတိုး ကွာဝေးသွားစေရန် လွှာက ဝင်လုံးပစ်လိုက်တာကို ပြာ မျက်စိ မျက်နှာပျက်ပျက်နှင့်။

ညဏ်ကတော့ တပြုံးပြုံး သူမတို့နှင့်ပင် လိုက်၍ ရယ်မောနေသေးသည်။

ဣ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

"လွှာလေး"

"ရှင်"

"မင်းသူငယ်ချင်းတွေထဲမှာ ပြာပြာ့ကို သိပ်သဘောမကျ ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"အလှပြင်လွန်းလို့"

"သူက မော်ဒယ်လေ"

"အရွယ်နဲ့ မလိုက်လို့"

အရေးထဲ ကိုသတိုးက ပြာပြာ့ကို အမြင်ကတ်နေသေးသည်။ ပြာပြာနဲ့ အောင်သွယ်ပေးမလို့ဟာ ...

"ကိုကို့ရဲ့ လွှာလေးကပဲ ချစ်စရာကောင်းပြီး တည်ငြိမ်တယ်။ ပညာလည်း တော်တယ်"





"ကိုကိုကလည်း ပြာပြာက ပိုချောတာများ ... စွဲမက်စရာ ကောင်းတယ်၊ နောက်မှ အောင်သွယ်မခိုင်းနဲ့နော်၊ ပြာပြာ့ကို ကြည့်၊ နှာတံလေးက စင်းနေတာပဲ၊ မနက်ဆိုရင် ပြာက အားကစားလုပ် တယ်၊ ဘောင်းဘီအတိုလေးဝတ်ရင် ပေါင်တံလေးကလေ အရမ်း ဖြူဝင်းအိစင်းနေတာပဲ"

"ကိုကိုက ကိုကို့ဘဝအတွက် ကျန်တာတွေမလိုအပ်ဘူး လေ၊ ယဉ်ကျေးလိမ္မာပြီး ထက်မြက်တဲ့ မိန်းကလေးပဲ ကိုကို့ လုပ် ငန်းတွေမှာ ဝင်ကူပေးနိုင်မယ့် မိန်းကလေးပဲလိုတာ ... ပြာပြာက အလှပဲပြင်နေမယ့် မိန်းကလေး"

"ကိုကိုကလည်း သူများသူငယ်ချင်းကို"

ပြာပြာ့ကို မကြိုက်ဘဲ လွှာ့ဘက်ကို မျှားဦးလှည့်နေ၍ နှုတ် ခမ်းက စူချင်သွားရသည်။

ကိုကို့ကိုတော့ လွှာ မကြိုက်ဘူးနော်။

လွှာကလဲ စည်းစိမ်ဥစ္စာတွေက ရှိပြီးသားပဲ။

လွှာ့နှလုံးသားကနေ သံယောဇဉ်ကြီးပြီး ချစ်ရတဲ့သူကိုပဲ တမ်းတချင်တာ။

"လွှာ"

"ဟင်"

"မင်းကရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"မင်းစိတ်ကူးယဉ် အိပ်မက်ထဲက ရွှေမင့်သားလေးလေ၊ ဘယ်လိုအရည်အချင်းတွေ ရှိမလဲ"

"ဟင့်အင်း ... တစ်ကြိမ်တစ်ခါမှ မစဉ်းစားမိဘူး၊ လှသာက ငယ်ငယ်လေးပဲ ရှိသေးတာပါ"

လှသွာ့အိပ်မက်ထဲက ရွှေမင်းသားလေးက ဆင်းရဲသားအိမ်က ကောင်လေး ...

ငယ်စဉ်လေးထဲက သံယောဇဉ်တွေ အထပ်ထပ် ရစ်ပတ် ဖွဲ့နှောင်လာခဲ့ကြသူတွေ လှသာအရမ်းချစ်မိနေတဲ့သူ။

"လှသာ"

"အမေ့"

"ဘာတွေစဉ်းစားနေတာလဲ"

"ကိုကိုပြောတဲ့အကြောင်းလေ ... ရုတ်တရက်ကြီး ဘယ်လို လူမျိုးဖြစ်မလဲလို့"

သတိုး တွေးမိသွားတာကတော့ ...

ဉာဏ်သော်လားပဲ။

ဒီကောင့်ကို လှသာက ... ဂရုတစိုက်ရှိလွန်းသည်ဟု ထင်မိသည်။

သံသယရှိနေရ၏။

ဖိုးလပြည့်စာပေ



ကောင်လေးက ဖြာဖြာ့ကိုချစ်နေပုံပင်။

"လှသာကတော့လေ အိမ်ထောင်ပြုချင်မှုပြုမှာမို့ မစဉ်းစား တတ်ဘူး၊ ချစ်လည်း မချစ်တတ်ဘူး"

"ဉာဏ်သော့်ကိုရော"

"ဟင်"

"ဟုတ်ဘူးနော်၊ ဉာဏ်သော်က မင်းသူငယ်ချင်းပဲ၊ အင်းလေ လှသာလေးက ပညာရေးပဲ ဦးစားပေးတော့ ကိုကို ကလေးကို ဘာ တွေလျှောက်မေးနေလဲ မသိဘူးနော်"

လှသာ့ရင်ထဲကို ဉာဏ်သော့်နာမည်ထည့်ပေးလို့ မဖြစ်ဘူး။

သူတို့က သူငယ်ချင်း သက်တူရွယ်တူတွေ ဉာဏ်ကလည်း ရုပ်ဖြောင့်ဖြောင့်။

"ကိုကိုမေးတာတွေ မေ့လိုက်တော့နော်၊ ညစာအပြင် ထွက် စားမယ်၊ လှသာလေးလိုက်ခဲ့"

ငြင်းရမှာလည်းအခက်ပဲ လှသာမလိုက်ချင်။

ကိုသတိုး အကြည့်တွေကို လှသာ မနှစ်သက်မိ။

ဒယ်ဒီကြောင့်ပါ မလွှဲသာမရှောင်သာနှင့် ခေါင်းညိတ်လိုက်ရ သည်။

"အန်တီနော်လို့ဆီ ဖုန်းဆက်ပြီး ခွင့်တောင်းရမယ်"

"အင်း"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ အဆက်အသွယ်မရပါစေနဲ့ဟု လှာဆုတောင်းမိနေသည်။

ကိုသတိုးက ယဥ်ကျေးမှုတော့ရှိတယ်။

မိသားစုအပေါ် အလေးအနက်ထားသူပင်။

ညဏ်ရယ် ...

နင်ဆိုရင် ဘယ်လောက်ကောင်းမလဲ။

ကိုသတိုးရှိနေတာကို လှာ့အတွက် စိတ်အနှောက်အယှက်ဖြစ်စရာဟု ထင်သည်။

"ဟဲလို ... ဟဲလို အန်တီလား၊ သတိုးပါ လှာလေးကို ခေါ်ပြီး အပြင်ထွက်မလို့ ခွင့်တောင်းတာပါခင်ဗျာ"

ကိုသတိုး ဖုန်းဆက်တော့ မာမီက ခွင့်ပြုသည်။

အန်တီနှင်းဆီနဲ့တဲ့။

သတင်းကတော့ ညဏ့်ဆီပေါက်ကြားတော့မယ်။

ပြီးတော့ ... ပြာပြာသိမှာပဲ။

ရွှေညဏ်က ပြောမှာလေ ...

သေချင်တယ် ...

"လှာ အလုပြင်ဦးမလား ... အေးဆေးနော်"

"ဟင့်အင်း ... တော်ပါပြီ"

ကိုသတိုးရှေ့မှာ လှာ မလှချင်ပါဘူး ... ဖြစ်သလိုနေပြချင်





သည်။

ညစာလိုက်စားတာတောင် အားနာလို့ပါ။

စားသောက်ဆိုင်ကိုရောက်တော့ အကောင်းဆုံးဆိုင်မှာ စားကြ၏။

အရေးထဲ ညဏ်နှင့် တိုးသေးသည်။

"ညဏ်သော် ... လိုက်စားမလား"

"ဟင့်အင်း စားကြပါ ... တော်ပြီ"

ညဏ်က သူမအား ရယ်မောရင်း လက်မထောင်ပြသွားသေးသည်။

နင်ကတော့ ပျော်နေတယ်ပေါ့လေ။

ပြာပြာ့ကို မကြိုက်လို့။

"လာလေ ... လှာ"

"ဟုတ်ကဲ့"

"လှာလေး ဘာစားမလဲ"

"ကိုကို ကြိုက်တာမှာပါ"

"လှာလေး ကြိုက်တာပဲမှာ"

"ရပါတယ် ... လှာကဘာမှ ထွေထွေထူးထူး မစားတတ်ဘူး"

စားချင်စိတ်တောင် မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သေပစ်ချင်တယ် ...

ညဏ် ... နင်က ငါ့အပေါ် နည်းနည်းလေးမှ သံယောဇဉ်ရှိတဲ့ကောင် မဟုတ်ဘူး။

ငါဘယ်လောက်ပဲကောင်းကောင်း နင်ချစ်တာက ဖြာဖြာပဲ။

"အခုတလော ကိုကိုကြည့်နေတာ ... လွှာလေး တစ်ခုခုကို အလေးအနက် စဉ်းစားနေသလိုပဲ"

"စဉ်းစားတယ်၊ ဘာမှ မစဉ်းစားပါဘူး ... အဟဲ့ ကိုကိုပြောတဲ့ စကားလေ လက်ထပ်ရင် ဘယ်လိုယောက်ျားမျိုးကို ရွေးချယ်မလဲလို့ စဉ်းစားမိသွားတယ် ... မစဉ်းစားချင်ပါဘူး"

"လွှာ"

"ဟင်"

"ကိုကို ရွေးပေးရမလား"

"မလိုပါဘူး ... လွှာလေးက အချိန်တွေ အများကြီးကြည့်ပြီးမှ စဉ်းစားမှာ၊ တော်ပြီ ... ထမင်းစားကြမယ်၊ ဗိုက်အရမ်းဆာနေပြီ"

ကိုသတိုးရွေးပေးရင် သူ့ကိုယ်သူပဲရွေးမှာလေ ရမလား။

လွှာကလည်း သူ့စကားကိုပိဝ၍ ထမင်းတွေပဲ ငုံ့စားနေသည်။

"လွှာလေး အရမ်းကလေးဆန်တယ် ... ဖြူစင်လိုက်တာ၊ ကိုကိုက အရမ်းသဘောကျတယ်ကွာ"





ဘာသဘောကျတာလဲ။

လွှာစိတ်ညစ်တယ်။

ကိုသတိုးကို လွှာမကြိုက်။

သူ့မှာ ဘယ်လောက်ပဲ အရည်အချင်းတွေ ပြည့်နေပါစေ အချစ်ကို မခံချင်။

သူမမှာ ပြည့်စုံနေလို့လား။

ထမင်းတွေက မျိုးချမရ။

အချိန်တွေ အမြန်ကုန်ပါစေဟုသာ ဆုတောင်းနေမိသည်။

"ကိုကို"

"လွှာပြန်တော့မယ်၊ ညကစာတွေကျက်ထားလို့ အရမ်းအိပ်ချင်လာတယ်"

"ဝါး"

"အား ... ဝါး"

"သြော် ... လွှာလေးရယ်၊ ကလေးဆန်လိုက်တာ၊ အရမ်းအိပ်ချင်နေတာပဲ"

"ဝါး"

"အား ... အိပ်ချင်လိုက်တာ"

"ဝါး"

"ကဲ ... ကဲ ... ပြန်ကြမယ် လွှာလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ... ဝါး"

သူမ အရမ်းအိပ်ချင်တဲ့ ပုံစံဖမ်းလိုက်တော့မှ ကိုသတိုးက ချက်ချင်းထပြန်သည်။

အိမ်ရောက်တော့ မာမီပြန်ရောက်နေ၏။

ကိုသတိုးနှင့်စကားပြောနေတုန်း လှာအိမ်ပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

"အမယ်လေး ... စိတ်တွေအိုက်လို့ သေတော့မယ် ဟူး"

ခဏနေတော့ မာမီအပေါ်သို့ ပြန်တက်လာသည်။

"လှာ"

"ရှင်"

"အိပ်ချင်လို့ဆို"

"အင်း"

"မာမီ ခဏဝင်မယ်"

လှာထပြီး တံခါးဖွင့်ပေးလိုက်သဖြင့် မာမီဝင်လာသည်။

"သမီး လိမ်ညာတတ်နေပြီပဲ"

"ဘာဖြစ်လို့လဲ မာမီရ"

"သမီးလေး ဘယ်တုန်းက လိမ်ညာတတ်သွားရတာလဲ"

ဒယ်ဒီရောမာမီရော လိမ်ညာပြောတာတွေကို မကြိုက်ပေ။ စိတ်ထဲမှာရှိတာကို အမှန်တိုင်းပြောခွင့် ပေးထားကြသည်။





"လှာမအိပ်ချင်ပါဘူး ... မာမီသိတာပဲ"

"ဟုတ်တယ်မာမီ ကိုသတိုးနဲ့ သွားလာနေရတာ စိတ်မလုံ လို့ သူကအသက်ကြီးတယ်လေ၊ တော်ကြာ သမီးကိုဘာထင်မလဲ"

မာမီက လိမ်တာမကြိုက်ဘူးဆိုတော့ လှာပေါ်တင်ပဲ ပြောလိုက်သည်။

"မောင်သတိုးကိုသမီးနဲ့ မှန်းထားတယ်၊ သမီးဒက်ဒီက ဖုန်းဆက်ပြောတာပဲ"

"ဟင်"

"သမီး စဉ်းစားပါဦး ... မောင်သတိုးလို ယောကျ်ားတစ်ယောက် ရဖို့က ခက်တယ်လေ"

"သမီး မကြိုက်ဘူး ... မာမီတို့က လိမ်ပြောတာမကြိုက်ဘူး ဆိုလို့လေ အမှန်တိုင်းပြောမယ် ... အစ်ကိုတစ်ယောက်လိုပဲ ခင်မင်တယ် မာမီ"

"အခုလောလောဆယ်ကြီးလည်း မာမီတို့က မစီစဉ်ပါဘူး၊ ရင်းနှီးကျွမ်းဝင်အောင် နေထိုင်ကြစေချင်တယ်၊ အမေရိကားကို ဆီးသွားပြီး ကျောင်းတက်ဦး ... ခေါင်းထဲထည့်ထားဖို့ပဲ"

"ဒုက္ခပါပဲ သမီးကငယ်ငယ်လေးပဲရှိသေးတာ၊ နောက်ထပ် ဆယ်နှစ်လောက်မှ စီစဉ်မယ့်ကိစ္စ အခုထဲက လာပြောနေရလား"

လှာလေး နှုတ်ခမ်းစူပြီး စိတ်အိုက်နေပုံရတော့ ... ဒေါ်နော်



www.burmeseclassic.com

www.burmeseclassic.com



လီဇာလည်း သနားမိသည်။

အိမ်ထောင်ရေးမှာ ဆုပ်ကိုင်ထားတာမျိုးတော့ မဖြစ်စေ ချင်ပေ။

သမီးကို လွှတ်လပ်ပေါ့ပါးစွာ ကြီးပြင်းစေလိုသည်။

"မာမီလည်း သမီးကိုနားလည်ပါတယ်၊ ခက်တာက ဒယ်ဒီပဲ လူကြီးချင်း ဆွေးနွေးတိုင်ပင် ပြောဆိုထားပြီးပြီတဲ့ သမီးကိုအသိ ပေးပြီး ထိန်းထားတဲ့"

"ဟွန်း"

"သမီးခေါင်းထဲ ထည့်ထားဖို့ပါ၊ တဖြည်းဖြည်းနဲ့ သံယောဇဉ် ရှိပြီး ချစ်သွားနိုင်တာပဲ"

"တော်ပါပြီ ခေါင်းတွေကိုက်လာတယ်၊ အင်းပါ ... ဒါပေမယ့် သမီး မချစ်တာနဲ့တော့ အတင်းအကြပ် မစီစဉ်ပါနဲ့နော်၊ လူ့အခွင့် အရေးကို ဒယ်ဒီကပိုပြီး အရေးထားတယ်လေ"

"အိပ်တော့ ... နောက်နေ့မှ ထပ်ဆွေးနွေးကြတာပေါ့ ... မောင်သတိုးကလွဲပြီး တစ်ခြားဘယ်သူနဲ့မှ ချစ်သူဖြစ်ခွင့် မရှိဘူးတဲ့ ဒယ်ဒီ့အမိန့်လေ"

မာမီ ပြန်ထွက်သွားသည်။

ထင်သားပဲ။

လောကကြီးက မထူးရားလိုက်တာ။





ဒယ်ဒီက ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို နှစ်သက်တယ်ဆိုပြီး လွှာ ဘယ်လိုလုပ်ရမှန်းပင်မသိ အရေးထဲ ပြာ့ဆီက ဖုန်းဆက်သည်။

"ဟဲ့ ... လွှာ၊ နင်နဲ့ကိုကို နှစ်ယောက်ထဲ ညစာစားကြတယ် ဆို ... ညဏ်သော် ဖုန်းဆက်ပြီးတော့ ပြောပြတာ"

"အင်း ... ကိုကိုက အတင်းခေါ်လို့ပါဟာ"

"နင်နော် ... "

"ဘာလဲဟ"

"ငါ့အတွက်ဆိုပြီး"

"နင်ဖုန်းဆက်လေ ညပေါ့ ... လွှာက ဝေးသေးတယ် ... ကောင်းတတ်လို့ပါဟာ တကယ်ပါ ... ငါသာ ကိုသတိုးအပေါ် ဘိမ်းညွှတ်နေရင် နင်တို့ကိုတောင် ခေါ်သင်နေစရာမလိုဘူးဟဲ့၊ နှစ် ယောက်ထဲ နေလို့ရတယ်လေ"

"ဟုတ်သားပဲ ... ညဏ်သော်ကတော့ အရမ်းပျော်နေတယ်၊ နင်နဲ့ဘာညာပုံစံ ပြောတာဟ သိလား ... ကောင်စုတ်"

ညဏ်ရယ် နင်ကလဲလေ ငါ့အပေါ် ဒီလောက်အထိရက်စက် သွားဟာ၊ ပြာပြာ့နဲ့ကိုသတိုး ဝေးသွားရင်တောင် ငါကလက်ထပ် ပြီး ပြာပြာကနင့်ကို ရွေးချယ်မယ်ထင်နေလား ...

အသုံးမကျတဲ့ ကောင် ...

"ဟဲ့ ... လွှာ၊ ငါကစိတ်ပူပြီး ဖုန်းဆက်တာလေ၊ ငါတို့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်းအိမ်က ဖုန်းနဲ့ဆက်ရတာ‌ဟာ၊ ပိုက်ဆံကုန်မယ် ဒါပဲနော်"

"အေး"

"လွှာရယ် … ငါလေ ဖုန်းလေးတစ်လုံးလောက် ကိုင်ချင်

တယ်၊ နင့်ကို အရမ်းအားကျတာပဲ၊ ကိုကို့ဆီ ဆက်ရင်တောင် သူ

များဖုန်းနဲ့ ပိုက်ဆံပေးဆက်ရမှာဟ"

"မတတ်နိုင်ဘူးလေ ပြာပြာ နင်တို့ဘဝပဲ၊ ငါ အရမ်းခေါင်းမူး

နေလို့နော်၊ အိပ်ပြီ"

ဖုန်းကို ပိတ်ပစ်လိုက်သည်။

ပြာပြာကတစ်မျိုး။ သူ့အတွက်ပဲ ကိုသတိုးအား အရှင်ရ

အသေရရ ဖြစ်နေ၏။

စိတ်ရှုပ်တယ်။

"လွှာလေး"

"ရှင် မာမီ"

"စောစောက ဘယ်သူ့ဖုန်းလာတာလဲ"

"ပြာပြာပါ"

"အိပ်တော့လေ သမီးလေး အနားယူမှဖြစ်မယ်၊ ကျန်းမာ

ရေးအတွက် အရေးကြီးနေပြီ"

"ဟုတ်"

မာမီကိုယ်တိုင်က ဘာဖြစ်ရပြန်ပြီလဲ။





စိတ်ရှုပ်လိုက်တာ။

ဒယ်ဒီက မာမီ့ကို ထိန်းချုပ်စောင့်ကြပ်လွန်းနေ၏။

အိပ်လို့လည်း မရဘူး။

ညကို့ကို သတိရနေသည်။

ဘာဖြစ်လို့များ နင့်ကိုအထင်သေးတဲ့ပြာပြာ့ကိုမှ ချစ်နေရ

တာလဲ။

ရွှေညက် အရှုံးကောင်း။

ဦးနှောက်ကို မရှိဘူး။

တော့်အေ …

သူမစိတ်ထဲရှိတာတွေကို ပစ်ပစ်နှစ်နှစ် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"ကျွန်မမှာ ပွဲကမဖြစ်ဘူး ကိုနန္ဒ၊ ဘယ်လိုလုပ်မလဲ၊ အကြွေးတွေကလည်း ရှိသေးတယ် ... ကျွန်မတို့ သားလေးအတွက် ဘာမှလုပ်မပေးနိုင်ဘူး၊ စိတ်ဆင်းရဲတယ်"

"ကိုယ်လည်း မတတ်နိုင်ဘူးလေ နှင်းဆီ၊ တစ်သက်လုံး ဒီလိုပဲရှာတတ်တာ ... "

"ရှင်ကယောကျ်ားလေ တာဝန်အပြည့်အဝယူပေးရမှာပဲ"

"ကိုယ် ဓားပြတိုက်ပေးရမှာလား၊ နှင်းဆီမေ ... "

"ရှင်ကတော့လေ ပြောလိုက်ရင် ဒီလိုပဲ၊ ဓားပြတော့ မတိုက်ပါနဲ့ရှင် ... တော်ကြာ ကျွန်မတို့ သားအမိက ဓားပြဇနီးနဲ့ ဓားပြသားဆိုပြီး လူ့လောကကြီးထဲမှာ ဂုဏ်သိက္ခာမရှိ အရှက်ရနေဦးမယ်"

"မိန်းမ ... မင်းစကားပြောရင် အထေ့အငေါ့နဲ့ပါလား၊ ဘာလဲ ကိုယ့်ကို အသုံးမကျတဲ့ယောကျ်ား ငွေမရှာနိုင်တဲ့ယောကျ်ားဆိုပြီး





မင်းက မရှိမသေနဲ့"

ဒေါ်နှင်းဆီမေ ဆက်မပြောချင်တော့။

ဘယ်လိုလုပ်ရမလဲ။

တစ်သက်လုံး အိမ်ဦးနတ်ဆိုပြီး ဩဇာအာဏာ ပြလာတာလေ။

မတတ်နိုင်ဘူး ...

နောက်လို့ ယောကျ်ားများ ငွေရှာကောင်းလိုက်တာ။

အားကျတယ်။

ဖိမ်လည်းကျတယ်။

နှင်းဆီတို့မှာများ ငွေလည်းရှာရ ယောကျ်ားလည်း ကြောက်ရ။

သားလေးအတွက်ပါ။

ဒင်းကို သည်းခံနေရတယ်။

"နှင်းဆီ မင်းမနက်စာပြင်တော့ ... စကားရှည်မနေနဲ့တော့၊ ကိုယ်သွားတော့မယ် ... မင်းသိထားဖို့က မင်းယောကျ်ားက တစ်သက်လုံး ရိုးရိုးအေးအေးနေတတ်တယ်၊ ငွေရှာပေးတယ်၊ မရှုပ်မပွေဘူး၊ အရက်မသောက်၊ လောင်းကစားမလုပ်ဘူး ... ရသမျှပိုက်ဆံလည်း မင်းလက်ထဲအပ်တယ် မဟုတ်ဘူးလား ... မင်းလင်ရ ကံကောင်းတာပဲ"

ဒေါ်နှင်းဆီမေ ဘာမှဆက်မပြောနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကံကြီးတော့ မကောင်းချင်ပါဘူးဟု စိတ်ထဲကနေ ပြောမိနေသည်။

သူ့အတွက် ရှိတာလေး အကောင်းဆုံးဖြစ်စေရန် မနက်စာ ပြင်ပေးလိုက်သည်။

အလုပ်ထွက်သွားတော့မှ သူလည်း ရှာပေးနိုင်သလောက် ရှာပေးတာပဲလေဆိုပြီး စိတ်ကိုလျှော့ပစ်ရ၏။

မလျှော့နိုင်လျှင် သေဖို့ပဲရှိတယ်။

ကိုယ့်အသက်ထက်တော့ လူတွေကိုတော့ မကြည့်ပါဘူး။

ယောကျ်ား ...

ပြီးတော့ သားအတွက် စိတ်ပူရသည်။

"ညက အိပ်လိုက်တာ၊ ပျောင်းလေးလား ... သားကိုတောင် မေ့နေတယ် ... သွားနိုးမှ ဘယ်အချိန်ရှိနေပြီလဲ"

ဒေါ်နှင်းဆီမေ သားအိပ်ခန်းကျဉ်းလေးထဲ ရောက်သွားတော့ သားက မရှိတော့ ...

"ဟင် ဘယ်ထွက်သွားတာလဲ ... စောစောအိပ်မိတယ်၊ သား ပြန်လာ မလာတောင်မသိဘူး"

အဝတ်အစားတွေက အပုံလိုက် အဝတ်အစားလဲပြီး ထွက်သွားတာပဲ။

ဘယ်အချိန်ကမှန်း မသိ။





ဘာပဲဖြစ်ဖြစ် သားကိုလည်း သနားတယ်။

အပြင် ပြန်ထွက်လာခဲ့သည်။

"မေမေ"

"ဟင် ... သြော် သမီးလေး အင်ကြင်းသော်လေး နိုးလာပြီ လား"

"ကိုကြီးကို ရှာနေတာလား"

"အင်း"

"မနက်အစောကြီးပဲ ထပြီး အားကစားကွင်းသွားတယ်၊ အင်ကြင်းကို ပြောသွားတယ်လေ ... အင်ကြင်း ရှူးထပေါက်လို့ သိတာ"

"ဟင် ... ပြောသွားလို့ တော်သေးတာပေါ့အေ"

"အင်ကြင်း ဗိုက်ဆာတယ်၊ ဘာရှိလဲ"

"ရှိတာပေါ့ ထမင်းကြော်၊ ကြက်ဥကြော် ထ ... မျက်နှာသစ်၊ အိပ်ယာက မထသေး ဗိုက်ကဆာနေပြီ ကောင်မစုတ်လေး ... ထ"

"မေမေကလေ ကိုကိုကြီးပဲ ... မေမေ့ခေါင်းထဲမှာ ကိုကြီး က အမြဲကပဲ"

"ဟဲ့ ... စကားမရှည်နဲ့ ထစမ်း၊ ကိုကြီးရယ်လို့ မဟုတ်ပါဘူး ဒွေးအင်ကြင်းရယ်၊ မိသားစုတစ်ခုလုံးအတွက်ပဲ ခေါင်းထဲထည့်ထား ပါတယ်"

အင်ကြင်းက ငါးတန်းကျောင်းသူ ...



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးမှာတော့ တော်သည်။

စာကြိုးစား၏ ... မပြောရ။

မိန်းကလေးဆိုတော့ သူ့ဟာသူ နားလည်သိတတ်မှုတော့ ရှိသည်။

"အင်ကြင်းလေး မျက်နှာသစ် ... မေမေ မနက်စာ ပြင်ထားတယ်"

"ဟုတ် ... "

ဒေါ်နှင်းဆီမေ ဒီမနက်တော့ မြေကွက်တစ်ကွက် ဈေးဆိုင်ထားတယ်။

ဖြစ်ပါစေ ...

အင်ကြင်းလေး ကျူရှင်လခ ပေးရမယ်။

ဘုရား ... ဘုရား ... ပွဲအောင်ပါစေ။

တပည့်တော်မ တာဝန်ကြီးလို့ပါ။

"အန်တီနှင်းဆီ ဘာတွေဆုတောင်းနေတာလဲ၊ လွှာ ဝင်လာတာတောင်မသိဘူး"

"အမယ်လေး ... လွှာလေးရယ်၊ တကယ်ကို မသိတာပါ"

"ရွှေညက်ရော"

"အားကစားကွင်းတဲ့လေ၊ မနက်အစောကြီး ထသွားတယ်၊ အခုတလော အားကစား ... အားကစားနဲ့ ပညာရေးဘက်လည်း





စိတ်ဝင်စားလာပါတယ်"

စိတ်ဝင်စားလာမှာပေါ့ ပြာပြာရှိနေတယ်လေ။

လွှာနှင့်ကိုသတိုး ငြိနေကြတယ်ဆိုပြီး ရွှေညက်က စိတ်အေးပြီး ပျော်နေတာ။

"နေပါဦး ... စောစောက အန်တီနှင်းဆီ လက်အုပ်ကြီးချီပြီး ဘာတွေ ဆုတောင်းနေရတာလဲ"

"ဒီမနက် မြေကွက်တစ်ကွက် ဈေးဆိုင်ထားတယ်လေ၊ ပွဲဖြစ်ပါစေလို့ပေါ့၊ ညနေ ... အင်ကြင်း ကျူရှင်လခ ပေးရမယ်၊ ရက်ချိန်းနေတာ တစ်ပတ်ကျော်နေပြီလေ ... အင်ကြင်း ကြိုးစားတော့ မျက်နှာမငယ်စေချင်တာပါ"

"အင်ကြင်းလေးရော"

"မျက်နှာသစ်နေတယ် ... လွှာလေး ထမင်းကြော်စားသွားလေ"

"မစားတော့ပါဘူး ... အားကစားကွင်းဘက် လိုက်သွားမယ် ... အင်ကြင်းလေး ကျူရှင်ခကို လွှာပေးခဲ့မယ်၊ အန်တီနှင်းဆီ ပွဲဖြစ်တော့ ပြန်ပေးပေါ့"

"လွှာလေးရယ် မလုပ်ပါနဲ့ ... အန်တီအားနာတယ်၊ ညက်ကလည်း လွှာလေးဆီက အကူအညီတောင်းတာ မကြိုက်ဘူး၊ နေပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူထားပါ၊ ပြန်ပေးမှာပဲဟာ ပွဲမဖြစ်လည်း တခြားကနေ အတိုးနဲ့ချေးပြီး ပြန်မပေးနဲ့နော်၊ သူကကြီးကျယ်နေတာ လက်ခံပါ၊ လှှာ ဟိုကောင့်ကို မပြောပါဘူး၊ သူက ရှာပေးနိုင်တာကျနေတာပဲ"

"အေးကွယ် ကျေးရူးပဲ ... အန်တီနှင်းဆီ ရင်ပူနေတာ ... လှှာလေးကျေးရူးတွေက အရမ်းများနေပါပြီ ... နော်လီကလည်း အန်တီ့ဆို ကူညီပါတယ်၊ သူငယ်ချင်းကောင်း ပီသတယ်"

"လှှာ သွားဦးမယ်နော်"

"အေး ... အေး"

"အင်းကြင်းရော ... မမလှှာ နှုတ်ဆက်တယ်နော် သွားပြီ"

"ဟုတ်"

လှှာပြန်ထွက်လာခဲ့သည်။

ညဏ် ... ဒီကောင် မိသားစုအရေးလဲ ဘာမှမသိဘူး။

ပြာပြာ့ကို ကြောင်ဖို့ပဲသိတယ်။

နှင့်ကိုသုံးမှာ မဟုတ်ဘူးဟဲ့လို့ ပြောပစ်ချင်နေ၏။

အားကစားကွင်းထဲ ရောက်တော့ ညဏ်တစ်ယောက်ထဲ အားကစားကွင်း အုတ်တံတိုင်းကို မှီပြီးထိုင်နေသည်။

"ဟဲ့ ... ညဏ်၊ နင်တစ်ယောက်ထဲလား၊ ပြာပြာရော"

"ပြန်သွားပြီ"





"ဘာဖြစ်လို့လဲဟဲ့"

"သင်တန်းသွားစရာ ရှိလို့ဆိုပြီး ပြန်သွားတယ်"

"အင်းလေ ... သူကမော်ဒယ်သင်တန်း တက်နေတာပဲ"

ညဏ့်ပုံစံက အင်အားတွေမဲ့ပြီး တော်တော်လေး စိတ်မာတ်ကျနေတဲ့ပုံပင်။

"ညဏ်"

"ဟင်"

"နင့်ကို မနက်စာကျွေးမယ်၊ လာလေ"

"သွားမယ်"

ဒီတစ်ခါတော့ ညဏ်ကငြင်းမနေတော့ဘဲ လှှာ ခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့သည်။

နှစ်ယောက်သား စက်ဘီးကိုယ်စီနှင့် နင်းလာခဲ့ကြ၏။

ညဏ့်မျက်နှာက မကောင်း။

"ညဏ် ... နင်နဲ့ပြာပြာ ဘာတွေဖြစ်ကြသေးလဲ"

"မဖြစ်ဘူး"

"မသိပါဘူး ... နင့်မျက်နှာကြီးက လငပုပ်ဖမ်းနေလားလို့"

"ငါ့ကို ဂရုစိုက်မနေနဲ့"

"ပြီးရော ... "

သူမ ခပ်ဆတ်ဆတ်ပြောပြီး စက်ဘီးကို ကျော်တက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ မနက်စာတွေ ရောင်းတဲ့ဆိုင်ရှေ့မှာ ရပ်ဖြစ်သည်။

"ဝင်မယ်"

"နင်ကသူဌေးပဲ ... နင်နဲ့ပေါင်းရတာ အစား ကောင်း ကောင်းတွေ စားရတယ်"

"ကောင်စုတ်"

သူမ ချောင်ကျကျ စားပွဲလေးကို ရွေးပြီးထိုင်သည်။

"ဘာစားမလဲ ... ဆင်းရဲသားအိမ်က ရွှေမင်းသားလေး"

"ဒီဆိုင်က အကောင်းဆုံးတွေ မှာစားမယ် ... သူဌေးအိမ်က သရဲမလေး"

"ဟွန်း ... စေတနာကို မရှိဘူး"

ညဏ် ဘာတွေပဲပြောပြော စိတ်မနာတတ်တာ လွှဲ ... ဝဋ်ကြွေးပဲလား။

ပြာပြာနှင့်ဆက်ဆံရေး မပြေပြစ်လာတာတော့ သိသာနေသည်။

"ညဏ်"

"ဟင်"

"နင်နဲ့ပြာပြာ အဆင်ပြေရဲ့လား"

"မပြေဘူး"

"ရန်ဖြစ်လာတာလား"





"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"နင် မစပ်စုစမ်းပါနဲ့ ... ငါတို့ကိစ္စပါ ငါဗိုက်ဆာတယ်၊ မနက်က အစောကြီးထလာခဲ့လို့လေ၊ စားတော့မယ် ..."

ညဏ် အားရပါးရ စားနေတာမြင်ရတော့လည်း လွှာ ကျေနပ်ရသည်။

ပြာပြာ့ကို အရှုးအမူးချစ်နေတာလား ... ညဏ်ရယ်။

နင်ပဲ အရှုးထောင် ရောက်လိမ့်မယ်ဟဲ့။

ပြာပြာက နင့်ကိုအရှုပ်ထုတ်လို့ ထင်နေတာ။

"ညဏ်ရယ် တကယ်ပါပဲဟယ် ... လွှာလေ နင့်ကိုချစ်မိနေတယ်၊ ပြာပြာ့ကို အရမ်းအားကျတာပဲ၊ ကိုသတိုးကို လွှာဘယ်လို ချစ်လို့မရဘူးဖြစ်နေတယ်"

သူမတွေးနေမိသည်။

သူမ ကျွေးတိုင်း ပဲများနေပြီး ငြင်းတတ်တဲ့ညဏ် မိုက်ရှုန်းဆာနေပုံပဲ။

"ဟဲ့သရဲမ ... ဘာဖြစ်လို့ ဒီလောက်ကြည့်နေရတာလဲ၊ ကိုက်စားလို့လား၊ ငါသေချင်တယ်၊ ကိုက်လေ ... ဂုတ်ပဲချိုးချိုး"

"နင်က ဘာဖြစ်လို့ သေချင်ရတာလဲညဏ် ... အရမ်းသေချင်နေရင်လည်း ကိုက်မစားဘူး၊ ကားနဲ့တိုက်သတ်ပေးမယ် ... အခု



www.burmeseclassic.com

www.burmeseclassic.com



ငါ ကားမောင်းသင်နေတယ်၊ မတတ်တတ်တက်လေ"

နင်က ငါ့ကို သတ်ရက်လို့လား ပန်းနုလွှာ။

ငါသိပါတယ်။ နင်က ငါ့ကို ကြိတ်ပြီးခိုက်နေတာလေ။

ငါ့ကို ကြွေနေတယ် မဟုတ်လား။

ဒါပေမယ့် ...

လွှာ့ကို သူ လုံးဝမမှန်းရဲ။

လွှာကချမ်းသာတယ်။

သူက ယောကျ်ားပဲ ...

ချမ်းသာတဲ့မိန်းမကို အရယူပြီး ချမ်းသာတာမျိုးတော့ ညာ
က အသုံးမကျပေမယ့် မလုပ်ချင်။

မာနရှိသည်။

"ဟဲ့"

"ဟာ ... နင်ကလဲ လန့်လိုက်တာ"

"နင်တကယ် သေချင်တာလား"

"သေချင်တယ်"

"တကယ်တိုက်သတ်မှာနော်"

"သတ်ပါဆို"

"နင်တကယ်ပဲ တာဝန်မဲ့တဲ့သားပဲ ... နင်ကသားကြီး မိဘ
ကိစ္စပဲ နင်စိတ်ဝင်စားရမယ်၊ နင်သေသွားရင် သားကြီးကို အားကိုး





မယ့် နင့်မိဘတွေ ဘယ်လောက်ကြေကွဲရမလဲ၊ စဉ်းစားမိရဲ့လား"

"နင်က ဆရာကြီးလား"

"စေတနာနဲ့ ပြောတာပါ"

"ပါးစပ်ပိတ်ထားစမ်းပါ ... နားညည်းတယ်"

"စားပါ နင်အရမ်းဆာနေပုံပဲ၊ စားမကောင်းရှာဘူး"

ညာဏ် စိတ်ထိခိုက်ကြေကွဲနေ၍ လွှာဆက်မပြောချင်တော့
ယ်စရာတွေပဲ ပြောသည်။

ညာဏ်ကို ... စိတ်ပြေစေချင်တယ်။

အင်ကြင်းအတွက် ကျူရှင်လခပေးခဲ့တာကိုလည်း မပြောပြ
တော့။

ပြာပြာ နင်အရမ်းလွန်တယ်။

ညာဏ်က ငယ်သူငယ်ချင်းလေ ...

နင် အထင်သေးစရာလား။

"လွှာ"

"ဟင်"

"နင့်ကို ငါမေးစရာရှိတယ်"

"မေးလေ"

"နင်နဲ့ကိုသတိုး ငြိနေကြပြီလား"

"ဟင့်အင်း"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြီးလဲဟ"

ဉာဏ်မျက်နှာက အပြုံးပြုံးအပျက်ပျက် တိမ်မည်းတွေဖုံး သွားတဲ့ ကောင်းကင်ရဲ့မျက်နှာပြင်အတိုင်း ဖြစ်သွားသည်။

"နင် ပြန်ကြိုက်လိုက်ဟာ၊ ကိုသတိုးက နင့်ဘက်များတယ်"

"ဘာပြောတယ်"

"ငါ ပြာပြာ့ကို ချစ်နေတယ်"

"ဉာဏ် ... နင် ... နင်"

နင်အရမ်းရက်စက်တယ် ... ဉာဏ်။

ပြောထွက်ရက်တယ်နော်။

နင်အရှုံးထောင်မှာပဲ သွားနေလိုက်တော့။

"ငါတကယ်ပဲ နင်ကလွဲပြီး ငါ့ခံစားချက်တွေကို နားလည် ခံစားပေးမယ့်သူက မရှိဘူး လွှာလွှာ ... ငါလေ ပြာပြာ့ကို အရမ်း ကြွေနေတယ်"

"နင်ရူးနေလား ... ပြာပြာက ဘယ်လိုမိန်းကလေးမျိုးလဲ နင်လည်းသိသားပဲ၊ နင်မနက်က ပြောလိုက်လား"

"မပြောရဲဘူး ငါ့ကိုမုန်းသွားမှာ ကြောက်တယ်၊ ဒီအတိုင်း လေးက အခင်အမင်မပျက် နေနိုင်တယ် လွှာရ"

သူတစ်ယောက်ထဲ မခံစားချင်တော့၍ လွှာလွှာ့ကို ဖွင့်ပြော ပြလိုက်သည်။





ပြီးတော့ ...

ကိုသတိုးက သူ့အတွက် ... အနှောက်အယှက်ကြီး တစ်ခု ဖြစ်လာခဲ့တယ်။

ပြာပြာ စိတ်ဝင်စားနေသည်။

"နင်တို့ လူကြီးချင်းသဘောတူထားတာ မဟုတ်ဘူးလား လွှာရာ"

"နင်ဘာကို ပြောချင်တာလဲဆိုတာ ငါသိတယ်ဉာဏ်၊ ပြာပြာ့ ကျကနေ ကိုသတိုးကို ရှင်းပစ်ချင်တာမဟုတ်လားဟဲ့"

"အင်း ဟုတ်တယ် ... နင်ကသဘောပေါက်လွယ်သားပဲ၊ ဒါပဲပြောပြောဟာ နင်ကပဲ ငါ့ဘက်ကနေ စဉ်းစားပေးတတ်တဲ့ မိတ်ဆွေကောင်း သူငယ်ချင်းကောင်းလေ"

"အေးပါဟယ် ဉာဏ်ရယ် ... ငါကတော့ တစ်သက်လုံး နင့် သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်း ဆက်ဖြစ်ပေးပါ့မယ် ... ကျေနပ်ပြီလား"

"ဟုတ်တယ် ... ငါ့ကိုလူကြီးတွေက ကိုသတိုးနဲ့ သဘောတူ နေကြတယ်၊ နီးစပ်မှု ရှိအောင်လည်း ထားတာပဲ၊ ဒါပေမယ့် ငါက မချစ်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ နင်ကလဲဟာ ... ကိုသတိုးလို ယောကျ်ားတစ်ယောက်ကိုများ ... မိန်းကလေးတွေ ရွေးသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဟ"

နင်ပဲ အပြောကောင်းတယ်ဉာဏ်။

နင့်လိုအသုံးမကျတဲ့ ကောင်ကိုပဲ ငါက ရွေးမယ်ဆိုရင်ရော ရွှေဉာဏ်ရဲ့။

လွှာ ဆက်ပြီး မပြောချင်တော့ အစားတွေပဲ ငုံ့စားဖြစ်သည်။

ကူ

အခန်း ( ၁၀ )

"ဟဲလို ... ကိုကိုလား၊ ပြာပြာပါ ... အရမ်းသတိရနေလို့ ဆက်တာ"

ကိုသတိုးဆီ ပြာပြာဖုန်းဆက်လိုက်သည်။

မဖြစ်ဘူး ... လွှာ လွှာနဲ့ငြိတော့မယ်။

လူကြီးတွေက သဘောတူထားတာလဲ ဖြစ်နိုင်တယ်။

ဒါပေမယ့် ...

လွှာလွှာကြိုက်နေတာက ဉာဏ်သော်ပဲ။

ကိုသတိုးနဲ့ အမြန်ဆုံး နီးစပ်မှုရချင်လာ၏။

ပြာပြာ့ဘဝက နိမ့်ကျလွန်းနေသည်။

မေမေက ဘာတွေလုပ်နေတာလဲ။

ပြာပြာ စိတ်ညစ်လာရ၏။

ထို့ကြောင့်ပင် ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရှက်တွေ သိက္ခာတွေလည်း စဉ်းစားမနေချင်တော့။

ကိုကိုက အေးစက်စက် ...

"ပြာပြာလား ... ကိုကို အလုပ်တွေရှုပ်နေတယ်၊ ဘာပြော ချင်လို့လဲ ပြောလေ"

"သတိရလို့ပါဆို ... ပြာလေ ကိုကို့အကြောင်းတွေပဲ တွေးမိ နေတယ်၊ လွမ်းသလိုလိုကြီး တွေ့ချင်လာလို့ပါ"

"ကိုကိုက မအားဘူး၊ မင်းစာတွေပြန်ကျက်နေလေ၊ လွှာက အရမ်းကြိုးစားတယ်၊ ကိုကိုက ခေါ်ရင်တောင် မအားဘူးပြောတာ၊ ပြာပြာလည်း ကြိုးစားပါ ... အပြင်လောကနဲ့ ဆက်ဆံဖို့မလုပ်နဲ့ ကောင်မလေး"

ကိုကိုက ဖုန်းပိတ်ပစ်သည်။

ဒေါသဖြစ်လိုက်တာ။

လွှာ့ကိုပဲ ရှင်ကြီးက အထင်ကြီးနေတာလား။

ပြာပြာက ဆင်းရဲလို့လား။

မရဘူးနော် ...

ပြာပြာက ဘယ်လိုအကြောင်းနဲ့မှ နောက်မဆုတ်နိုင်ဘူး။

"ငါကလည်း ညှိုကိုညှို့တယ်၊ လွှာက ပိုက်ဆံတတ်နိုင်တာ ကိုး၊ အရာရာပြည့်စုံတယ်လေ ... အပူမှ မရှိတာ"

ပြာပြာ ဒေါသဖြစ်ရသည်။





ဘယ်သူ့ကို အပြစ်ပုံချရမလဲ။

သေသွားတဲ့ ဖေဖေ့ကိုလား။

မေမေ့ကိုလား ...

လောင်းကစားကို သမီးထက်ချစ်တဲ့ အမေတစ်ယောက်ပဲ။

"ပြာပြာ သမီးအပေါ် မေမေတာဝန်ကျေပါတယ်၊ မေမေ ဝါသနာပါတာလုပ်ပေမယ့် သမီးအတွက်ကိုတော့ ဖြည့်စွမ်းပေးခဲ့ တာပဲလေ၊ လွှာလွှာ့ကိုတော့ အားမကျနဲ့ ကုသိုလ်ကံကိုက မတူ တာ"

မေမေက ပြောတတ်သည်။

ဟုတ်တော့လည်း ဟုတ်တာပဲ။

ပြာပြာ အရမ်းကြီး စုတ်ပြတ်သတ်နေတာမှ မဟုတ်တာ။

ပြာလည်း ဘာတွေ လိုအပ်နေလဲ။

လွှာကလည်း ဖုန်းတစ်လုံးအပိုရှိနေတာ ညဏ့်ကိုတော့ ဗွား သည်။

"ဒီကောင်က ဘာအသုံးကျလို့လဲ ... ဖုန်းပေးထားရအောင် မာနက တခွဲသားနဲ့ နင်ငါ့ကိုတော့ လာမကြိုက်နဲ့နော် ညဏ်သော် သေသွားမယ်"

ညဏ်သော်က ပြာပြာ့ကို ကြိုက်နေတာ ပြာပြာသိနေသည်။

သစ္စာဖောက်တဲ့ကောင် သူငယ်ချင်းအချင်းချင်း နင်က



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်စရာလား။

"လှွာလှွာ့ကို ကြိုက်ပါလား ... ချမ်းသာတဲ့သူကိုတော့ မကြိုက်ဘူး ... ကြီးကျယ်တာ"

မနက်က ဉာဏ်သော့်ကို ပြာပြာ ထားပစ်ခဲ့သည်။

စောစောစီးစီး ပြဿနာလာရှာနေလို့လေ။

ပြာပြာ့ကို အရမ်းသတိရလို့တဲ့။

အဲ့ဒါက ပြာပြာက ဖြစ်သွားတာပါ။

ကိုသတိုးကို ညတော ဖုန်းပိတ်လိုက်၍ ဒေါတွေကဖြစ်။ မြင်သမျှကို ပေါက်ခွဲပစ်ချင်နေသည်။

"ပြာပြာ ဒီလောက်ချောတာ၊ တောင့်ဖြောင့်တာ၊ အရွယ်နဲ့ မလိုက်အောင် ထွားကြိုင်းနေတာ ဘာဖြစ်လို့လဲ၊ ကိုသတိုး ကျွန်မက ဆင်းရဲလို့လား"

သူမ လှွာနှင့်လည်းမတွေ့ချင်။

ကိုသတိုးဆီ ထပ်ဆက်သည်။

"ပြာပြာ့ဆီ ခဏလေးပဲဖြစ်ဖြစ် လာခဲ့ပေးပါ၊ စိတ်တွေညစ်နေလို့ လူ့လောကကြီးထဲကတောင် ထွက်သွားချင်လို့ ကိုယ့်ကိုယ်ကို သတ်သေမိတော့မယ်"

"ပြာပြာ ဘာတွေဖြစ်နေတာလဲ ... မင်းဘယ်မှာလဲ"

"ဘာတွေဖြစ်နေလဲ မသိတော့ဘူး၊ သေချင်တာပဲ သိတယ်"





"ဟေ့ ... မဟုတ်တာတွေ မလုပ်နဲ့နော် ... မင်းဘာဖြစ်လို့ သေချင်တာလဲ၊ လူ့လောကကြီးက ရှဲတယ်"

"ကျွန်မအခု အိမ်မှာတစ်ယောက်ထဲ ကိုကို့ကို အရမ်းသတိရပြီး အားပေးနှစ်သိမ့်ပေးနိုင်မလားလို့ အပြင်ထွက်ဖုန်းဆက်တာလေ"

"ခဏလေး ကိုကိုလာခဲ့မယ် ... လှွာလှွာ့ကိုလည်း ခေါ်ထားလေ၊ ဘာတွေဖြစ်နေတာလဲကွာ"

"ဘာပဲဖြစ်ဖြစ် ကိုကိုလာခဲ့ပါ ... ပြာပြာ စောင့်နေမယ်၊ ကိုကိုလာမယ်ဆိုရင် ပြာပြာလမ်းထိပ်ကနေ ထွက်စောင့်နေမယ် ဘယ်လိုလဲ"

"စောင့်နေလေ ကောင်းတာပဲ ... ပြီးတော့ လှွာ့ဆီသွားကြမယ်"

သူမက ဖုန်းချသွားသည်။

သတိုးစိတ်ရှုပ်သွားရ၏။

ဒီကောင်မလေးက ဘာဖြစ်လို့များ သေချင်ရတာလဲ။

သတိုးလည်း သူမ ရောဂါရနေမည်ဆိုး၍ ပြာပြာဆီသွားတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

လှွာ့ဆီဖုန်းဆက်တော့ အပြင်မှာတဲ့။

ဒီကောင်မလေး ဖုန်းပိတ်ထားတယ် ပြာပြာဆီများရောက်



www.burmeseclassic.com

www.burmeseclassic.com



နေလား။ ယယ်ရွယ်တဲ့ မိန်းကလေးတွေ ဖြစ်တဲ့အတွက် စိတ်လိုက်မာန်ပါလုပ်မှာလည်း စိုးရိမ်ရသည်။

"ပြာပြာက ဘယ်လိုကောင်မလေးလဲ ... သူချစ်တာလှ္မာပဲ၊ ဆင်းရဲတာ ချမ်းသာတာထက် အလှအပတွေကြိုက်တာ၊ ပြင်ဆင်တာတွေ မကြိုက်ဘူး"

သူတွေးနေမိသည်။

လှ္မာက ရိုးသားဖြူစင်တဲ့ကောင်မလေးပါ။

သူရောက်လာတော့ ပြာပြာက လမ်းထိပ်မှာစောင့်နေ၏။

အလန်းစားပဲ ဘောင်းဘီတိုတိုလေးဝတ်ထားသည်။

"ပြာပြာက အလန်းစားဖြစ်နေပြီး ဘာဖြစ်လို့သေချင်နေရတာလဲ"

"ကိုကို့ကို လွမ်းလို့"

"ဟာ ... ဒီကောင်မလေး"

"တကယ်ပြောတာနော် ... ပြာလေ ကိုကို့ကို မတွေ့ရရင် မနေနိုင်တော့လို့ သေပစ်ချင်တယ်ပြောတာ"

"ပြာပြာ မင်းဘာတွေပြောနေတာလဲကွာ ... ဒုက္ခပါပဲ၊ ကိုယ့်က အားတာမဟုတ်ဘူး ပြာပြာ ..."

"သွားမယ် ..."

သူမ ကားပေါ်တက်ထိုင်လိုက်သည်။





"မောင်းလေ ..."

"ဘယ်လဲ ..."

"မောင်းချင်တဲ့နေရာ"

"ပြာပြာ မိုက်ဆာနေတယ်၊ ပိုက်ဆံလည်း မရှိဘူး။ ကိုကို ဝယ်ကျွေးပါ"

ပြာပြာကို ဘာမှမပြောချင်တော့သဖြင့် ကားကိုမောင်းထွက်လာခဲ့သည်။

ဒီကောင်မလေးက မလွယ်ဘူး ...

သူ့ကို အကြီးအကျယ် ပြဿနာရှာမယ့် ကောင်မလေးပဲ။

"ကိုကို"

"ပြော"

"ပြာပြာက လှ္မာ့လို မချမ်းသာလို့လားဟင်"

"လှ္မာ့အကြောင်း မပြောနဲ့တော့ ... မင်းမိုက်ဆာနေတယ်မဟုတ်လား ... ပါးစပ်ပိတ်ထား"

"အဟဲ ... ကိုကိုကလေ အနီးကပ်ကြည့်မှ ပိုပြီးတောင်ချောမောလှပလာသေးတယ်"

"တော်စမ်းပါကွာ"

ပြာပြာကတော့ ...

ကိုကိုနှင့်အတူတူ ကားတစ်စီးနှင့် သွားရတာကိုပျော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသတိုးဇနီးဆိုရင် ဘယ်လောက်ကောင်းမလဲ။

ကားကြီးက ငြိမ့်လိုက်တာ။

ပြာပြာ ဆင်းဆင်းရဲရဲ မနေချင်ပါဘူး။

ကိုကို့ကို အပြတ်ဖမ်းရမယ်။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကိုသတိုးကို ပိုင်စေရမယ်။

စားသောက်ဆိုင်ရောက်တော့ ကိုကိုက စားချင်တာမှာတဲ့။

"အကောင်းစား ဆိုင်ကြီးပါလားကိုကို ... ဗိုက်တွေက ပိုတောင်ဆာလာပြီ ... စားမယ်"

ပြာပြာလည်း ကလေးဆန်တာပဲ။

သူ့မှာ အပြစ်မရှိပါဘူး။

သတိုး စေတနာလေး ထားလိုက်သည်။

"မင်းကြိုက်တာ မှာစားနော်"

"ဟုတ်"

လှလှတို့များ အရမ်းငြိမ့်နေမှာပဲ။

ကံကောင်းလိုက်တာ။

ပြာတို့များ ဟန်ပဲရှိတာ။

ထမင်းတောင် နပ်မမှန်ချင်ဘူး။

"ကိုကို အကောင်းစားတွေမှာပေးနော်၊ ပြာပြာက ဘာမှာတတ်မှာလဲ"





ပြာပြာ မင်းအတွက်ရင်လေးတယ်။

မင်းငယ်သေးတာပဲ။

ကိုကိုကတော့ မင်းကို လုံးဝစိတ်မဝင်စားဘူး။

ကိုကို ပိုင်ဆိုင်ချင်တာက လှလှပါ။

ကိုကို ဘယ်တော့မှ မရှိဆင်းရဲသားတွေကို အထင်မသေးပါဘူး။

ပြာပြာ အားရပါးရ စားနေတာ သူကျေနပ်ပီတိ ဖြစ်ရသည်။

"ကိုကို"

"ဟင်"

"ပြာ့ဘဝမှာလေ ဘာမှမပြည့်စုံခဲ့ဘူး ... ဖေဖေက ပြာငယ်ငယ်လေးထဲက သေဆုံးသွားခဲ့တာ၊ မေမေက မိန်းမလေ"

ပြာပြာ တကယ်ပဲခံစားနေရသည်။

ကိုကို့ကို ဘယ်လောက်အထိ အားကိုးတွယ်တာရလဲ။

ပြာ ဖုန်းလည်းလိုချင်တယ်။

ပြာ့မှာပဲ မရှိတာ။

"ပြာ ဖုန်းလေးတစ်လုံး အရမ်းလိုချင်တာပဲ၊ လိုအပ်လို့လေ မေမေကငှားကိုင်ပြီး သူပဲကိုင်တယ် ... ပြာ့ကို ငယ်သေးတယ်တဲ့"

"မေမေပြောတာ အမှန်ပဲ၊ ပြာပြာ ... မင်း ငယ်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရွယ် လူတိုင်းကိုင်နိုင်ပါပြီ၊ လွှာဆိုရင် နှစ်လုံးတောင်ရှိတယ် … အရမ်းအားကျတာပဲ တစ်ခါတစ်လေ ပြာလေ တအားငိုပစ်ချင်တယ်၊ တစ်ခါတစ်လေကျတော့လည်း သတ်သေပစ်ချင်တယ်"

"ကောင်မလေး … ပေါက်ကရတွေမလုပ်နဲ့၊ အဖန်ငါးရာငါးကမ္ဘာတောင် မင်းဒီအရွယ်ရောက်တိုင်း သတ်သေရလိမ့်မယ်၊ မကြောက်ဘူးလား၊ မင်းအထက်ကို မကြည့်နဲ့လေ … အောက်ကညာဏ်ကိုပဲကြည့်"

"ညာဏ်က ရှေ့ပ်ကောင်"

"ကဲကဲ ကောင်မလေး စားလေ … ကိုကို ကုမ္ပဏီကိစ္စတွေ ရှိသေးတယ်"

"ကိုကိုကလဲ"

"မင်းအတွက် ဖုန်းတစ်လုံးဝယ်ဖို့ ကိုကိုပေးမယ်"

"တကယ်လား … ကိုကို"

"ဒါပေမယ့် မင်းကိုသနားလို့ပေးတာနော်၊ ကိုကိုပေးတယ်လို့ ဘယ်သူမှ မသိစေချင်ဘူး"

"စိတ်ချပါကိုကို ပြာဘယ်သူ့မှ မပြောပါဘူး … အခိကလေ ပြာက ကိုကို့ဆီ ဆက်ချင်တယ်၊ အရမ်းလွမ်းရတာပဲ၊ အပြင်ကနေ သွားပြောနေရတော့ အောက်လိုက်တာ၊ ကိုကိုကလေ အရမ်းချစ်ဖို့





ကောင်းတာပဲ"

"ရှုတ်"

"ဟာ ပြာပြာ … ဘယ်လိုလုပ်လိုက်တာလဲ၊ ဒုက္ခပါပဲ"

"ချစ်လို့"

ကလေးဆန်စွာနဲ့ သူ့ပါးကိုနမ်းသည်။

သတိုးမျက်နှာ ပူရ၏။

ဒီကောင်မလေး လုပ်ချင်တာလုပ်နေတာ စိတ်ပူမိနေ၏။

ဒါပေမယ့်လည်း သူ့အပြစ်မတင်ပါ။

ပြာပြာ တစ်ခုခုလုပ်မှာလည်း စိုးရိမ်သည်။

"ကိုကိုသွားတော့မယ် … ကိုကိုပေးတာ ငွေပေါ်နေလို့ပဲ၊ မင်းလိုကောင်မလေးမျိုးတွေ လမ်းမှားမရောက်စေချင်လို့ပဲပြာပြာ"

"သိပါတယ် ကိုကိုရာ … အရမ်းဝမ်းသာတာပဲ"

"ပြန်ကြစို့နော်"

"အင်း"

ပြာပြာ့မှာ ဖုန်းဝယ်ဖို့အဆက်အသွယ်ရှိသည်။

လွှာလွှာ ငါ မျက်နှာ မငယ်ရတော့ဘူး …

နင်ကလေ မယူချင်တဲ့ ရွှေညာဏ်ကျတော့ အတင်းပေးတယ်။

ပြာပြာကျတော့ မပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ကားနှင့် အိမ်ပြန်ပို့သည်။

"ပြာပြာတို့ အိမ်လေးကကောင်းပါတယ်၊ ကိုယ့်အထက်က လူတွေကို မကြည့်နဲ့နော် ကောင်မလေး"

"အင်းပါ"

"ပြန်ပြီ"

"ကိုကို နေဦး"

"ရွှတ် ... ရွှတ်"

"ရွှတ်"

"ပြာပြာ တော်ပြီလေ ... အဲ့ဒီလိုလုပ်တာမျိုးတော့ ကိုကို မကြိုက်ဘူးနော်"

"အမှတ်တရလေးဖြစ်ချင်လို့ တခုတော့ရှိတယ်နော်၊ ပြာပြာ ပထမဦးဆုံးနမ်းမိတာ ကိုကိုပဲ၊ ရှေ့ဆက်ပြီးတော့လည်း ကိုကို့ကိုပဲ နမ်းမှာ"

"ဟာဒီကောင်မလေး ပြောလေကဲလေပဲ ... ဒီကိစ္စတွေကို တော့ လှာလှာ မသိစေနဲ့နော်"

"အင်းပါ ... စိတ်ချ လုံးဝမပြောဘူး"

ကိုကို ပြန်သွားသည်။

ကိုကိုက ... လှာမသိပါစေနဲ့တဲ့။

သိအောင်ပြောပြမှာ။





လှာလှာ့စိတ်ထဲမှာ ကိုကို့ကို လုံးဝ မရှိအောင်လို့။

အသိပေးစရာရှိရင် ပေးထားရမှာပဲ။

ပြာပြာ ချက်ချင်းပဲ အသိပွဲစားတွေကတဆင့် ဖုန်းဝယ်သည်။

ပြာပြာ လိုချင်နေတာတွေ ကိုကိုက အလွယ်တကူ ဖြည့်စွမ်းသေးခဲ့၏။

ပြာပြာ ဘယ်လောက်အထိ စွမ်းဆောင်နိုင်စွမ်းရှိလဲ။

အားလုံးပြီးသည်နှင့် ကိုကို့ဆီ အရင်ဆုံး ဖုန်းဆက်သည်။

"ကိုကို ... အရမ်းပျော်တယ်၊ မိုးကောင်းကင်ပေါ်တောင် တက်ကပြချင်တယ် ... ကျေးဇူးကမ္ဘာနော်၊ လူချင်းတွေ့မှနော်"

"ရွှတ်"

ကိုကိုက အလုပ်တွေများနေတယ်ဆိုပြီး ဖုန်းပိတ်ပစ်သည်။

ပြာပြာ နှုတ်ခမ်းလေး စူထော်သွားရကာ လှာလှာ့ဆီ ဖုန်းဆက်၏။

လှာလှာကလည်း ဝမ်းသာအားရ ဂုဏ်ပြုသည်။

"ဝမ်းသာတယ်ပြာပြာ၊ နင်နဲ့ကိုသတိုး OK ပြီလား"

"အရမ်းကြီးတော့ မပြေသေးပါဘူးဟာ၊ အနမ်းတွေတောင် ပြီးကြပြီ"

"ဟယ် ... တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဟဲ့ မေးတော့မကြည့်နဲ့နော်၊ ကိုကို အရမ်းရှက်သွားမယ်၊ လှ မသိစေနဲ့တဲ့"

"ဒီလောက်တောင် ဖြစ်သွားပြီလား၊ ကျွမ်းတယ်ဟာ"

"နင်တကယ်ရော ဝမ်းသာရဲ့လားလှရာ၊ စိတ်ထဲမှာ … ကြိတ်ပြီးတော့ မကြံနဲ့နော်၊ ပေါ်တင်ကြေငြာထားတာ … ကိုကို ငါ့လူ"

"ယူပါ … ယူပါ နင်ပဲယူပါ၊ အမြန်လက်ထပ်လိုက်လေ"

"နောက်မှနော် နောင်တတွေ အကြီးအကျယ်ရမနေနဲ့ … ပြန်လုဖို့လည်း လုံးဝမစဉ်းစားနဲ့နော်"

"လှက ကိုသတိုးကို လုံးဝချစ်နိုင်မှာ မဟုတ်ဘူး၊ လူကြီးတွေကြောင့်ပါဟယ် … ဒါပဲနော်"

လှက ညှောင်နာနာအသံလေးနှင့်ပြောပြီး ဖုန်းပိတ်သွားသည်။ ပြာက စောစောစီးစီး နာမည်ဝင်ထားတာပါ။ လှ ပြန်မလုနိုင်အောင်လေ။ သူမ တစ်နေကုန် လန်းနေသည်။

ဤ

အခန်း ( ၁၁ )

ပြာပြာ့ကို လှလှအပြစ်မပြောချင်ပေမယ့် ညဏ်ကတော့ သူမကို အပြစ်ပြောမှာ သေချာနေသည်။

ညဏ်က လှနှင့်ကိုသတိုးတို့အား ဖြစ်စေချင်နေ၏။

ချစ်လိုက်တဲ့ မညာမတာ ပြောရက်တယ်။

ပြာပြာက ငါနဲ့ကိုသတိုး လက်ထပ်သွားလည်း နင့်ကိုတော့ သုံးမှာမဟုတ်ဘူးနော်။

"လှလှ"

"ရှင်"

"သမီးဒယ်ဒီ ဖုန်းဆက်နေတယ်လေ"

"ဟုတ်"

သေပြီ။

ဒက်ဒီဆိုတော့ လှကြောက်ရတယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက သူ့အမိန့်ကို မနာခံတာမျိုး လုံးဝလက်မခံ။

ဒါဆိုဒါပဲ။

"ဒက်ဒီ"

"သမီးမောင်သတိုးနဲ့ အတူတူတွဲပြီး လေ့ကျင့်နေတယ်ဆို ဘယ်လိုလဲ"

"ဟုတ်ကဲ့ ဒက်ဒီ၊ အဆင်အရမ်းပြေပါတယ် ..."

"သမီးကို ဒက်ဒီပြောစရာရှိတယ်၊ အရေးကြီးလို့ သေသေချာချာ နားထောင်ပါ"

"ဟုတ်ကဲ့"

ဒက်ဒီ ဘာပြောချင်တာလည်းဆိုတာ လွှာသိနေသည်။

ကိုသတိုးအကြောင်းပဲ သူမ နားထောင်ရတာ စိတ်ရှုပ်လာ၏။

မကြားချင်ပါဘူး။

ပြာပြာကတစ်မျိုး ...

ညက်ကတစ်မျိုး ...

"သမီး"

"ရှင်"

"နားထောင်နေတယ်နော်"

"ဟုတ်"





"မောင်သတိုးနဲ့သမီးကို လူကြီးတွေ သဘောတူထားတယ်ဆိုတာပဲ"

"ရှင် ... ဒက်ဒီ"

"လူတစ်ယောက်ရဲ့ အခွင့်အရေး ရွေးချယ်ပိုင်ခွင့် ဘာမှ ပြောဖြို့မနေနဲ့တော့၊ အခြေအနေက အဲ့ဒီလိုဖန်တီးလာတယ်"

"သမီး"

"အချစ်လား ... အင်းသမီးမချစ်နိုင်ဘူးဆိုတာ ဒက်ဒီသိတာပဲ၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ထက်အသက်ကြီးတဲ့သူကိုတော့ ဘယ်ရွေးချင်ပါ့မလဲ"

"ဒက်ဒီသိတာပဲ လွှာလည်းငယ်ပါသေးတယ်၊ မစဉ်းစားချင်သေးလို့ပါနော် ... အရမ်းကြီးတော့ မြန်မြန်မစီစဉ်စေချင်ပါဘူး၊ ကိုသတိုးနဲ့လွှာက အရမ်းကြီးတော့ မရင်းနှီးသေးဘူး"

"ပြောပြထားတာပါ၊ မောင်သတိုးကလည်း လွှာလေးဆီက ကြည်ကြည်ဖြူဖြူ လက်ခံတာမျိုးကိုပဲလိုချင်တယ်"

"ဟုတ်ကဲ့"

"ဘယ်လိုနည်းနဲ့မဆို တခြားသူကို ရွေးချယ်ခွင့်မရှိဘူး ... ဒက်ဒီပြန်လာမှ အားလုံးကိုရှင်းပြမယ်"

"ဟုတ်"

သူမ ငိုင်တွေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ။

ကိုသတိုးကို အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ရှိသည်။ ချစ်သူလိုတော့ ... မဖြစ်ဘူး။

"ကိုကို့ဘက်ကနေ ငြင်းပယ်ပါစေ၊ ပြာပြာနဲ့ငြိသွားကြပါစေ"

သူမကြိတ်ပြီး ဆုတောင်းနေမိပေမယ့် ... ဉာဏ်က ဘယ်လိုလုပ်ရမလဲ။

ကြေကွဲနေမှာလား ...

ပြာပြာ့ကို ပြောရတယ်။

ဉာဏ့်ကိုတော့ သွားမကြွားပါနဲ့လို့။

"လွှာလေး"

"မာမီ"

"မေ့ထားလိုက်ပါ၊ အရေးတကြီး အလျင်အမြန်လည်းမဟုတ်ဘူး၊ ဘာအရေးကြီးလဲဆိုတာ လွှာလေးသိလား ..."

"အင်း"

"သင်တန်းသွားတော့၊ ဖူးစာရှင်ဆိုတာက မွေးကတည်းက ရွေးချယ်သတ်မှတ် ပေးထားပြီးသားပါ၊ မတတ်နိုင်ဘူးလေ"

"သမီး ကိုသတိုးကိုမချစ်ဘူး"

"သမီးမှာ ချစ်သူမှမရှိသေးတာပဲ"

ရှိပါတယ် ဉာဏ်သော်ပါ။





လွှာချစ်တာ သံယောဇဉ်ကြီးရတာ ဉာဏ်ပဲလေ။

"သမီး သင်တန်းသွားတော့မယ်"

"အေး ... အေး ... ကိုဆန်နီကလည်းလေ သမီးငယ်သေးတာကိုပဲ ဘာဖြစ်လို့အမြန်ပြောပြရတာလဲ"

ဒယ်ဒီက အမြဲတမ်း လှိုက်လှိုက်ဝှက်ဝှက်နေထိုင်နိုင်သူ ဖြစ်သည်။

သူမကတော့ သင်တန်းတွေလိုက်တက်နေရတယ် စိုးနေတာပဲ။

သင်တန်းတက်ခိုင်းတာကတော့ လွှာလည်းဝါသနာပါလို့ ကိစ္စမရှိပေမယ့် ကိုသတိုးနဲ့တော့ လွန်တယ်။

"လွှာလွှာ"

"ဟင် ... ဉာဏ်"

"နင်ကတော့ တစ်ချိန်လုံး သင်တန်းတွေတက်နေတော့တာပဲ"

"လွှာ့အလုပ်လေ၊ နင်ကရော ဘယ်လဲ"

"ပြာပြာ့ဆီ"

"ဟင် ... ဘာသွားလုပ်မှာလဲ"

"ပွင်းလို့လေ သွားလည်မလို့"

"ဘုရားရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲဟ. နင်ကလဲအထိတ်တလန့်နဲ့"

"ဘာမှမဟုတ်ပါဘူးဟာ"

သူမကတော့ ကိုသတိုးက ဖုန်းဝယ်ပေးတယ်ဆိုတာ ပြာပြာ ကြွားမှာကြောက်နေမိသည်။

ဉာဏ်ဒေါသတွေ အရမ်းပေါက်ကွဲလိမ့်မယ်။

အရေးထဲ ပြာပြာ ကြွားမက ဆက်ပြန်သည်။

"လွှာ ညနေတစ်ခုခုကျွေးဟာ ... နင့်ကိုပြောစရာတွေရှိလို့"

"အင်းပါ"

"ဟဲ့ ... နင့်အနားမှာ ဉာဏ်လား"

"ဟုတ်တယ်"

"ငါကြွားမလို့ သူ့ကိုဖုန်းပေးလိုက်စမ်းပါ"

"နင်ကလဲဟာ"

"ဘာလဲဟ ... နောက်လည်းသိရမယ့်ဟာကိုများ"

ပြာပြာ့အသံကြောင့် ဉာဏ်ကလည်း ဖုန်းကိုဆွဲလုယူပြီး နားထောင်သည်။

"ဟဲလို ... ပြာလား၊ နင်ဘယ်ကနေ ဆက်နေတာလဲ"

"ငါ့မှာ ဖုန်းရှိတယ်၊ ဝယ်လိုက်ပြီလေ"

"နင့်အမေ အလုပ်ဖြစ်လို့လား"

"ဒီလိုပဲပေါ့"





"ပြာပြာ"

"ဘာလဲ"

"နင်"

"အေး"

"ဘာအေးလဲ"

"နင်ထင်တာတွေ ဟုတ်တယ်လို့ ပြောတာလေ"

"ပြာပြာ နင်ဘာတွေလုပ်နေတာလဲ ... ဖုန်းဝယ်တာ နင့်အကြိုအဖန်လား"

"မေးပြန်ပြီ"

ပြာပြာ ဘာတွေပြောနေမှန်းမသိ ဉာဏ့်မျက်နှာကြီးက ... နီမြန်းနေသည်။

လွှာက ဖုန်းကိုပြန်လုယူလိုက်၏။

ပြာပြာက ဒီကောင့်ကို ပြတ်ပြတ်သားသားပြောမှ ဖြစ်မယ်တဲ့။

လွှာ ရှုးချင်လောက်အောင် စိတ်ညစ်သွားရသည်။

"ပြာပြာ ဘာတွေပြောတယ်၊ နင့်မှာ ချစ်သူရှိသွားပြီဟုတ်လား၊ ဘယ်သူလဲ ... ဘယ်ကလဲ"

"နင်နဲ့မဆိုင်ဘူးထင်တယ် ဉာဏ်သော်၊ ငါက တစ်သက်လုံး နင်နဲ့ပဲ တွဲနေရမှာလား ... ငါ့ကိုတော့ မနှောက်ယှက်နဲ့နော်၊ နင်



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲရောက်သွားမယ်”

“ပြာပြာ … နင် … နင်”

“ပေးစမ်းပါဟာ ဉာဏ်ရယ် … ပြာပြာမ ဘာတွေပြောနေတာလဲ၊ နင် မကြိုက်မှန်းသိလို့ ပြောနေတာပါ။ အလကား …”

“ပြာပြာ မင်းဟာငွေမက်ပြီး အရမ်းရက်စက်တဲ့မိန်းမပဲ။ ဟုတ်တယ် …

ငါ့လိုကောင်က မင်းဘဝကိုမြှင့်တင်ပေးနိုင်တဲ့ အင်အားမှ မရှိတာပဲ။

“တောက်”

“ဝုန်း”

“ဉာဏ်”

“တော်တော်ရက်စက်တဲ့ မိန်းမ”

“နင် … နင်”

ဉာဏ်က သူ့ရှေ့မှာရှိတဲ့ လွှာ့ရဲ့စက်ဘီးကို ဆောင့်ကန်ပစ်လိုက်၍ ဝုန်းခနဲ ပြုတ်ကျသွားရသည်။

ဟုတ်ပါတယ် … ပြာပြာကလဲ ပြာပြာပဲ …

“နင့်ဒေါသတွေကို ထိန်းစမ်းပါဉာဏ်ရယ် … ပြာပြာက နင့်ချစ်သူလားဟဲ့”

“ပြာပြာ့ကို အပိုင်သိမ်းလိုက်တဲ့ကောင်က ဘယ်သူလဲ နင်





သိလားလွှာ”

“မသိဘူးဟဲ့ … လွှာကဘယ်လိုလုပ်သိမှာလဲ”

“နင်မေးလိုက်”

“နင့်ကဘာလုပ်မလို့လဲ”

“သတ်မလို့”

“တော်ပြီဟာ ငါသွားတော့မယ်၊ နင်က … အသုံးမကျတဲ့ကောင်ပဲ၊ နင်ကရော ပြာအထင်ကြီးအောင် ဘာလုပ်ပြဖူးလို့လဲ၊ ပြာပြာ့အကြောင်း နင်အသိဆုံးပဲလေ၊ ရှုပ်တယ် ငါသွားမယ်”

လဲနေတဲ့ စက်ဘီးလေးကို ပြန်ထောင်ပေးဖို့တောင် … ဉာဏ်ကနည်းနည်းလေးမှ အကူအညီမပေးခဲ့။

နင်ကမှ တော်တော်ရက်စက်တာ အရူးကောင်ရဲ့။

နေနိုင်တယ်။

သူမ စက်ဘီးလေးကို နင်းပြီး ထွက်လာခဲ့သည်။

“ဉာဏ်ရယ် … နင်တကယ်ပဲ ပြာပြာ့ကိုချစ်နေတာလား၊ နင်တကယ်ပဲ ပြာပြာနဲ့လက်ထပ်ယူချင်နေတာလား၊ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာရော နင်တွေးမိရဲ့လား”

သင်တန်းကို ရောက်တာတောင် စိတ်ရှုပ်ထွေးနေသည်။

ဉာဏ် … ဘာတွေလုပ်နေမလဲ။

ဉာဏ် တစ်ခုခုဖြစ်သွားမှာကိုလည်း စိုးရိမ်စိတ်တွေ လွှမ်းကဲ



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ပြာပြာ နင်လွန်တာ၊ နင်ကဒွေမက်တယ်၊ ချမ်းသာချင်တယ်၊ ညဏ့်အပေါ် ဒီလောက်အထိတော့ မရက်စက်သင့်ဘူးဟာ"

လွှာလွှာ သင်တန်းမှာစိတ်မဝင်စားတော့။

ညဏ့်ကို ထားခဲ့မိတာမှားသည်ဟု သူမကိုယ်သူမ အပြစ်တင်မိသည်။

သင်တန်းပြီးတော့ ညဏ်တို့အိမ် လွှာရောက်သွား၏။

ညဏ်မရှိဘူးတဲ့ မနက်ထဲက ထွက်သွားတာတဲ့။

"အခုတလော ညဏ့်မျက်နှာလေးက မကောင်းဘူး၊ အန်တီလည်း အလုပ်တွေ အရမ်းများတယ်လေ"

ညဏ် ဘယ်တွေသွားနေလဲ။

နင်ဘာတွေ လုပ်နေလဲ။

လွှာ စိတ်ပူလိုက်တာ။

ညဏ်ကလူဆိုးလေ ပြဿနာကောင်ပဲ။

သူမ ပြာပြာ့ဆီ ဖုန်းဆက်သည်။

"မသိဘူး ... သူ့ဟာသူ ဘယ်သွားသွားပေါ့၊ လွှာရာ နင်ကလဲ ပူနေသေးတယ်"

"တို့က သူငယ်ချင်းတွေလေ ပြာပြာ"

"ဒါဆို ငါကသူ့ကိုပြန်ကြိုက်ရမှာလား ... ငါ့မှာစဉ်းစား ရွေးချယ်ပိုင်ခွင့်ရော မရှိဘူးလား"





"မသိဘူးဟာ ... နင်လုပ်ချင်တာလုပ်တော့၊ ငါညဏ့်ကို ရှာရဦးမယ်"

"ရှာမနေပါနဲ့လွှာရာ ... ထားလိုက်၊ သူငယ်ချင်းအချင်းချင်း အပေါ် သစ္စာမဲ့တဲ့ကောင်"

ပြာပြာနှင့် ဆက်မပြောတော့သဖြင့် ဖုန်းပိတ်ပစ်လိုက်သည်။

ညဏ့်ကိုရှာမယ် တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။

"ရွှေညဏ် နင်ဘယ်တွေသွားနေတာလဲ ... ပြာပြာ့ကြောင့် နင့်ဘဝကို ပျက်စီးခံတော့မှာလားဟယ်"

သူမ စက်ဘီးတစ်စီးနှင့် ညဏ်သွားတတ်တဲ့နေရာတွေ လိုက်ရှာသည်။

မတွေ့ပေ ...

"ညဏ် ဘာဖြစ်လို့လဲလွှာလေး ... အန်တီ့ကို ပြောပါဦး"

"သူစိတ်ဆိုးသွားတယ်၊ ပြာပြာနဲ့ပါ ဒီကောင်ကလဲ ပြာပြာ ဓော်ဒယ်သင်တန်းတက်တာ မကြိုက်ဘူးလေ"

"ဟုတ်လား ... ဘယ်လိုလုပ်ကြမလဲလွှာ၊ ပြာပြာ အမေကလည်းအဆက်အသွယ်မရဘူး၊ ပြာပြာကရော"

"မသွားဘူး ... ဖုန်းဆက်မေးကြည့်ပြီးပြီ"

"ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ အိမ်လိုက်မေးတော့လည်း မတွေ့ပေ။

သူမ ကားကို မမောင်းတတ်မောင်းတတ်နှင့် ကားမောင်းလေ့ကျင့်မယ်ဆိုပြီး ကားယူလာခဲ့ပြီးရှာသည်။

"ဟင် ... ပြာပြာ့အမေပဲ၊ ဘာဖြစ်လို့ ညဏ့်အဖေနဲ့ တွဲနေရတာလဲ"

လွှာတွေ့လိုက်တာက ညဏ့်အဖေနှင့်ပြာပြာအမေတို့ တွဲ၍ ဟိုတယ်ထဲကနေ ထွက်လာကြသည်။

လွှာ ပုန်းနေလိုက်၏။

ဘာတွေ ဖြစ်ကုန်ပြီလဲ။

ဒုက္ခပါပဲ ...

ညဏ့်မေမေ ဖုန်းဆက်သည်။

"လွှာလေး ဘယ်ရောက်နေလဲ၊ ညဏ်ရောဟင်"

"မတွေ့သေးဘူး အန်တီ၊ ရှာနေတယ်"

"ဒီကောင် တော်တော်ဒုက္ခပေးတာပဲ၊ သူ့အဖေကလည်း အဆက်အသွယ်မရဘူး၊ လွှာလေး ရှာမနေနဲ့တော့ ဖြစ်ချင်တာဖြစ်ကြပါစေတော့"

"အန်တီ ညဏ်ပြန်လာရင်မဆူပါနဲ့နော်၊ သူ့ကို နားလည်ပေးလိုက်ပါ"

"လွှာလေးရယ် လိမ္မာလိုက်တာ ... အခုတလော သားတို့





အဖေကလည်း အိမ်ပြန်မမှန်ဘူး၊ အန်တီ ဘယ်လိုလုပ်ရမှန်းတောင် သိတော့ဘူး"

"အန်တီရယ် သနားလိုက်တာ ... လွှာလည်း ကူညီချင်ပါတယ်"

ပြာပြာ့အမေက ညဏ့်အဖေ လက်မောင်းကို ချိတ်ထားသည်။

ဘာတွေလဲ ဘာ့ကြောင့်များ ဒီလိုလုပ်ရတာလဲ။

ညဏ်သာ သိရင် လွှာ ဘယ်လိုတားဆီးရမှန်းပင် မသိတော့။

"ကြည်ပြာ့မှာ အရှမ်းအခက်အခဲတွေ ဖြစ်နေရတယ် ကိုနန္ဒ ...ယ်၊ ရှင်အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်"

"ကြည်ပြာ"

"ရှင်"

"ကိုယ်လည်း မိသားစုအရေးအခင်းရှိတယ်၊ အဆင်မပြေဘူး ...ယ့်မိသားစုပေါ် တာဝန်မဲ့လွန်းနေပြီထင်တယ်၊ ဒီကြားထဲ ကိုယ် ...ာမဲ့မိဖနေတယ်၊ နှင်းဆီသိသွားရင် မလွယ်ဘူး"

"ကြည်ပြာလည်း ကြောက်ပါတယ်၊ ဒါပေမယ့် အားကိုးမရှိ ... ကြည်ပြာ့အပေါ် မစိမ်းကားပါနဲ့၊ မရက်စက်ပါနဲ့ ကြည်ပြာ ...တ်နိုင်ဆုံး သိုသိုသိပ်သိပ်နေပေးပါ့မယ် ကိုရယ်နော်"

"အင်းပါ ... အင်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြားနေရသည်။

သူမ ကွယ်ပြီးပုန်းနေတဲ့ နေရာမှာ လာပြီးပြောနေကြခြင်း ဖြစ်သည်။

အန်တီနှင်းဆီကတော့ မိသားစုအတွက် ရှန်းကန်လိုက်ပါ တာ။

လွှာ စိတ်ထိခိုက်ကြေကွဲနေရသည်။

ဤ

အခန်း ( ၁၂ )

"ညအ်"

ညအ့်ကိုရှာရင်း ... နိုက်ကလပ်တစ်ခုထဲကနေ သူငယ်ချင်း နှစ်ယောက်နှင့် ထွက်လာတာတွေ့လိုက်ရသည်။

အရမ်းမူးနေ၏။

လွှာ မြင်လိုက်တော့ မျက်ရည်တွေဝဲကျလာသည်။

"ညအ်သော်"

"ဟင် ... ပန်းနုလွှာ ... နင် ... နင် ဒီကိုဘာလာလုပ်တာ သဲ ဒါ ... နင်လာရမယ့်နေရာလား"

"နင့်ကိုလိုက်ရှာနေတာလေ၊ လူကြီးတွေ အရမ်းစိတ်ပူနေပြီ ဘဲ့ ... ကားပေါ်တက်"

"မတက်ဘူး ... နင်ပြန်"

"တက်ဆိုရင်တက်စမ်းပါ ညအ်သော် ... နင့်ကိုနင် ဘာထင်



www.burmeseclassic.com

www.burmeseclassic.com



နေလဲ၊ တက်နော် မတက်ရင် အန်တီ့ကိုလှမ်းခေါ်လိုက်မှာ”

“ခေါ်လေ … ခေါ်ပေါ့၊ ဖေဖေနဲ့မေမေက ငါ့ကိုဂရုစိုက်မယ်ထင်နေလို့လား။ ဖြစ်ထားတာ”

“ညဏ်သော် နင်ဘာစကားပြောတာလဲ … အန်တီနှင်း နင့်အတွက် ဘယ်လောက်ရှန်းကန်နေရရှာလဲ၊ နင့်ကြောင့် အကြွေးတွေ ဝိုင်းနေခဲ့ရတာဟဲ့”

ညဏ့်အား အတင်းဆွဲပြီး ကားထဲဝင်ထိုင်စေသည်။

သူငယ်ချင်းတွေကလဲ မေးဘွေ။

သူမကားပေါ်တက်ပြီး မောင်းထွက်လာခဲ့၏။

ညဏ် လူဆိုး …

ပြာပြာ့လို မိန်းကလေးမျိုးကိုမှ ချစ်ပြီးခံစားနေရတယ်လို့ မတန်လိုက်တာ။

သူမကားမောင်းရင်း ဒေါသဖြစ်နေရသည်။

“ပြာပြာ”

“မင်း … မင်း ပြာပြာလား”

“ဟုတ်တယ် … ပြာပြာ”

မူးနေတဲ့ညဏ် စိတ်တွေပြေသွားစေရန် ပြာပြာဟု ပြောလိုက်သည်။

သူက ရီဝေနေတဲ့မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်နေ၏။





ငါ … ပြာပြာပါဟု ပြန်ပြောမိသည်။

“ပြာပြာလား … နင်တကယ်ပြာပြာနော်၊ ငါနင့်ကိုအရမ်းချစ်တယ်ပြာပြာ၊ တကယ်ပြောတာပါ ငါတို့ကဘဝတူတွေလေ”

“ညဏ်သော် ကျေးဇူးပြုပြီး ပါးစပ်ပိတ်ထားပါ … ငြိမ်ငြိမ်လေးနေစမ်းပါဟာ”

“ပြာပြာ ချစ်တယ်”

“အရူးကောင်”

“ကိုယ်ပြာပြာ့ကို အရမ်းချစ်တယ်၊ ကိုယ်လေ ရူးတော့မယ် ပြာပြာရယ် … ”

ညဏ်သော်က ပြောလည်းပြော … အတင်းလည်းပွေ့ဖက်သဖြင့် သူမ ကားမောင်းလို့မရတော့ဘဲ လမ်းဘေးမှာထိုးရပ်လိုက်ရသည်။

“ပြာ … ချစ်တယ်၊ မရှန်းပါနဲ့ကွာ တောင်းပန်ပါတယ်၊ မင်းကို ချစ်လို့ ကိုယ်ရူးတော့မယ်၊ ကိုယ့်အချစ်တွေကို လက်ခံပေးပါ ပြာရယ်”

“အို … ညဏ် ဘယ်လိုလုပ်နေတာလဲ၊ လွှတ်စမ်းပါ”

ငါ လွှာဟု ပြောရမှာတွန့်ဆုတ်နေမိသည်။

ပြောလို့လည်း ရမှာမဟုတ်။

ညဏ်က သူ့လက်တွေနှင့် ကြမ်းတမ်းစွာပွေ့ဖက်၍ လွှာ့ကို



www.burmeseclassic.com

www.burmeseclassic.com



နမ်းနေ၏။ ရှန်း၍မရ။

ငါလွှာဟုပြောရင်လည်း ညဏ်ရှက်ပြီး ပိုပိုဆိုးသွမ်းသွားမှာလည်း လွှာ စိတ်ပူနေသည်။

"လွှာပါ ... ညဏ်ရယ်၊ တောင်းပန်ပါတယ်၊ အဲ့ဒီလိုမလုပ်ပါနဲ့နော်"

"မရှန်းပါနဲ့ ပြာရယ်၊ မင်းရှန်းဖယ် ငြင်းဆန်နေရင် ညဏ်သေလိမ့်မယ်၊ ပြာ့ရဲ့ ရက်စက်စိမ်းကားမှုတွေကို ကိုယ်မခံယူနိုင်ဘူး ကိုယ့်ကို ချစ်တယ်လို့ပြောစမ်းပါ"

"ညဏ် ... ဖယ်ပါအုံး၊ နင်အသိစိတ် ... ရှိစမ်းပါဦး ... ဖယ်ပါ"

"မဖယ်ဘူးကွာ၊ ပြာ့ကိုချစ်တယ် အရမ်းချစ်လို့ပါ"

"အို ... ညဏ် ... ဒုက္ခပါပဲညဏ်ရယ် ... အဲဒီလိုမလုပ်ပါနဲ့နော်၊ လွှာကြောက်တယ်"

ညကမှောင်မိုက်နေသည်။

လမ်းဘေးမှာ ကားကိုထိုးရပ်ထားရပြီး လွှာဘယ်လိုမှ ဆက်မောင်းနိုင်ခြင်းမရှိတော့။

ညဏ့်ရဲ့ ကြမ်းတမ်းတဲ့ ပွတ်သတ်ချောမြှုမှုတွေနှင့် အနမ်းတွေကို ရှောင်ရှားရင်း လွှာအင်အားတွေ မဲ့ချင်လာသည်။

"လွှတ်ပါ ... ညဏ်၊ တောင်းပန်ပါတယ်ဟယ် ... နော်"





မရပေ။

သူကပြာပြာ့အထင်နှင့် ချစ်ခင်ယုယနေတာကို နားထောင်ယူနေရတဲ့လွှာ အသည်းတွေ ကွဲအက်မတတ်ပင်။

သူမလည်း ကားကို လမ်းဘေးမှာရပ်ထားပြီး ခြေလက်တွေအဆတ်ဆတ် တုန်ရီနေသည်။

"ကိုသတိုးကို အထင်မကြီးပါနဲ့ ပြာပြာရယ် ... မင်းအတွက် ...ယ်ကြိုးစားပေးမယ် ... ကိုသတိုးနဲ့လွှာလွှာနဲ့ပဲ ထိုက်တန်ပါ...ယ်၊ လွှာလွှာပဲ ယူပါစေ ပြာရယ် ... နော်"

သူမ တွန်းဖယ်ပြစ်လိုက်တော့ ညဏ် လဲကျသွားသည်။

မလှုပ်တော့။ သူမ ကြည့်လိုက်မိ၏။

ညဏ်ရယ် တကယ်ပါပဲ။

ပြာပြာ်ရဲ့ အချစ်ကိုသာမရရင် နင်သေနိုင်လားဟင်။

လွှာ ဘယ်လိုလုပ်ပေးရမလဲဟာ ...

ကားကိုပြန်၍ စက်နှိုးလိုက်သည်။

"ညဏ် နင့်အတွက်ငါတစ်ခုခုတော့ လုပ်ပေးချင်ပါတယ်၊ ...င် ပျော်အောင်လေ၊ ပြာပြာ့ကိုပဲ ပြောပေးရမလား"

ပြာပြာကတော့ ညဏ့်ကို ဘယ်လိုနည်းနဲ့မှ လက်ခံမှာ...တ်ပေ။

ကိုသတိုးက အလိုက်အထိုက်ဆက်ဆံနေတော့



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးမြောက် သွားနိုင်သည်။

ကိုသတိုး ရှင်ကရောဘာလဲ။ လှလှလား ပြာပြာလား

သူမ စိတ်ကိုထိန်းချုပ်ပြီး ကားကိုမောင်းထွက်လာခဲ့သည်

ညက်တို့အိမ်ရောက်တော့ အန်တီနှင်းဆီငုတ်တုတ်ထိုင်

စောင့်နေ၏။

ညဏ့်ကိုတွေ့တော့မှ ရင်ဘတ်ကိုဖိထားရင်း ကားနားဆင်

လာသည်။

"ဘယ်ကနေ တွေ့လာတာလဲလှလေး ... ကြည့်စမ်း ရှ

နေတယ်၊ လူမှန်းတောင်မသိဘူး၊ ဘယ်လိုဖြစ်ရတာလဲ ... ညဏ်

သော် နင် ... နင်"

"ဘုန်း ... ဘုန်း"

"အန်တီ ရိုက်မနေပါနဲ့တော့၊ သူမူးနေတယ် မနက်မှမေးပ

နော်၊ အခု အိပ်ရာထဲ ပို့ပေးလိုက်ပါ"

"ဟင် လှလေး ... သမီးအကျီကြယ်သီးတွေလည်း ပြု

လို့ ဒီကောင်သမီးကို ဘာလုပ်လဲ၊ အန်တီ ခွင့်မလွှတ်ဘူးနော်"

"ဘာမှ မလုပ်ပါဘူး၊ သမီးတွဲပြီး ကားထဲထည့်လိုက်တော့

ဆွဲမိတာထင်တယ်"

"လှလေးရယ် ကျေးဇူးတင်လိုက်တာ၊ ဘယ်ချိန်ရှိနေပြီလဲ

ပြန်တော့နော်"





"ဟုတ်"

"လှလေး ကူညီလို့ပေါ့၊ ဒီကောင်အသုံးမကျတဲ့သား၊ ဒင်း အဖေကလည်း ခြေလှမ်းတွေပျက်နေတယ်၊ ခုထိပြန်မလာဘူး၊ သေချင်ပါတယ်"

လှ ကားလေးကိုမောင်း၍ ပြန်ထွက်လာခဲ့သည်။

အန်တီနှင်းဆီကိုလည်း သနားတယ် ...

ယောကျ်ားကဖောက်ပြန်နေ၏။ သူငယ်ချင်းနှင့် ...

ပြာပြာ့အမေရယ်၊ လှ့မာမီရယ်၊ ညဏ့်အမေရယ်ကကျောင်းနေဘက်သူငယ်ချင်းတွေပါ။

"ပြာပြာပျက်စီးတာလည်းမပြောနှင့် သူ့အမေကလည်း လုပ်သင့်လား မလုပ်သင့်လား မစဉ်းစားဘူး၊ အရှက်မရှိလိုက်တာ"

လှစိတ်ထိခိုက်ကြေကွဲစွာဖြင့် အိမ်ပြန်ရောက်လာသည်။

မာမီက စိတ်ပူနေ၏။

ညဏ့်ကို လိုက်ရှာတာကို မပြောပြတော့။

"လှရယ် ... ဘယ်တွေသွားနေတာလဲ၊ သမီးလေး သိပ်မမောင်းတတ်သေးလို့ မာမီက စိတ်ပူနေတာပါ"

"သမီး မောင်းကောင်းကောင်းနဲ့ မောင်းနေတာလေ၊ ညမှ လူရှင်းတာ၊ လေ့ကျင့်လို့ကောင်းတယ်၊ လှတော်တော်လေး ရနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် လှသွကိုတော့မာမီကယုံတယ် ... လိမ္မာတဲ့ သမီးလေးပဲ"

"လှသာ နားပြီနော် မာမိ"

"အေး ... အေး"

လှသာအပေါ်ထပ်ပြေးတက်လာပြီး သူမအိပ်ခန်းထဲ ဝင်လာခဲ့ သည်။

"အမယ်လေး ... အခုပဲ အသက်ကိုဝဝရှူရဲတော့တယ်၊ ချွေးကောင်ဉာဏ်၊ အန်တီနှင်းဆီတောင် မြင်သွားတယ်၊ ဘယ်လို ထင်မလဲမသိတော့ဘူးနော်၊ ရှက်လိုက်တာ"

မှန်ရှေ့မှာရပ်ပြီး သူမခန္ဓာကိုယ်လေးအား သေသေချာချာ ကြည့်ရသည်။

"မာမီ့ရှေ့မှာတောင် ကြာကြာမရပ်ရဲဘူး ... ကြည့်စမ်း နှုတ်ခမ်းသားတွေ ရဲနေတာပဲ၊ လူဆိုးကောင် ... "

မာမီထပ်ဝင်လာမှာစိုး၍ တံခါးကိုအသေအချာ ပိတ်ရသည်။

"နင်ကပြာပြာ့ကိုပဲ ချစ်နေတာလားဉာဏ်ရယ် ... ပြာပြာ့ ကိုသာ မရရင်နင်သေမှာလား"

လှသာအိပ်ယာပေါ်မှာ ထိုင်ချလိုက်သည်။

သူမစိတ်တွေ ခုထိ မတည်ငြိမ်သေးပဲ တုန်လှုပ် ခြောက်ခြား နေဆဲပင်။





"ရှက်လိုက်တာဟယ် ... ငါ့ရင်တွေအရမ်းခုန်နေတယ်"

ပြာပြာနှင့် မှားနေတာဆိုတဲ့အတွေးက လှသာဆက်မတွေးချင် ကြေကွဲရသည်။

ဉာဏ်ကလှသာ့ကို ... တခြားယောကျ်ားလေးတစ်ယောက်နဲ့ နီးစပ်စေချင်နေ၏။

အထူးသဖြင့် ပြာအထင်ကြီးနေတဲ့ ကိုသတိုးနဲ့ပဲ။

"လှသာလေးရေ ... အိပ်ပြီလား"

"ဟင့်အင်း လှသာရေချိုးခန်းထဲဝင်မလို့၊ ရေချိုးပြီးမှအိပ်မယ်"

"ကောင်းတယ်"

မာမီက လှသာ့ကိုအလွန်အမင်း ဂရုစိုက်သူပင်။

လှသာလည်း မာမီ့အသံကြားသည်နှင့် ကမန်းကတမ်း ရေချိုး ခန်းထဲ ပြေးဝင်လာခဲ့၏။

သူမအနေအထားနှင့် မျက်နှာပြင်ကို မာမီတွေ့သွားလို့ မဖြစ် သေးဘူး ... ရှက်နေသည်။

"ရင်တွေတုန်လိုက်တာ ... ဉာဏ်၊ အရမ်းကိုခြောက်ခြားနေ ရတယ် ... လူဆိုးကောင်ပဲ"

ရေပန်းအောက်ထဲဝင်လိုက်သည်။

မာမီကတော့ ကော်ဖီကို ခွက်ပူးနှင့်ထည့်ပြီး လာပို့ရင်း အကြာကြီးရေမစိမ်နဲ့ ဖျားမယ် အချိန်မှဲနေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



လွှာကတော့မျက်နှာပူလို့ ရေကိုမျက်နှာလေးပေါ် ဖြန်းချနေသည်။ ရေချိုးခန်းထဲက ပြန်ထွက်ပြီး အဝတ်အစားလဲပြီးကာ ကော်ဖီပူပူလေးသောက်လိုက်၏။

မျက်နှာပူတာ နည်းနည်းသက် သာသွားသည်။

သူမ အိပ်ပစ်လိုက်၏။ စိတ်တွေက မငြိမ်သက်။

ဉာဏ့်အကြောင်းတွေကို မတွေးတာပဲကောင်းပါတယ်။

နင့်အနမ်းတွေကိုလည်း လွှာအမှတ်တရလေးအနေနဲ့ သိမ်းထားလိုက်ပါ့မယ်။ လွှာဘယ်သူ့ကိုမှ မပြောပါဘူး။

ငါ့ရင်ထဲမှာပဲ ထားပါ့မယ်ဉာဏ်။

ညဥ့်နက်မှအိပ်ပျော်သွားသဖြင့် နေမြင့်မှ နိုးလာသည်။

"ဟဲ့လွှာလွှာ ... အမယ်လေး အိပ်ပုတ်ကြီးလိုက်တာ၊ ဘယ်အချိန်ရှိနေပြီလဲ ထလေ ..."

အပြင်ကနေ ပြာပြာ့အသံကြောင့် လွှာလန့်နိုးသွားရသည်။ အိပ်လို့ကောင်းလိုက်တာ။

အိပ်မက်ထဲမှာ ... ရွှေမင်းသားလေး ဉာဏ်သော်နှင့် နစ်မွန်းသွားနေ၏။ ပျော်လိုက်တာ။

သူမလန့်နိုးသွား၍ အိပ်မက်လေးက ပျောက်သွားရသည်။

"ပြာပြာရာ နင်ကလဲ ... အစောကြီးဘာလာလုပ်တာလဲ"

ပြာပြာ့ကို အိပ်ချင်မူးတူးနှင့် တံခါးထဖွင့်ပေးရင်း ပြောလိုက်





သည်။

"ဟဲ့ ... ဒီနေ့သင်တန်းလေ၊ ကိုကိုလာမှာ နင်ကမေ့နေတာလား၊ ဘာလဲ ... ညကတစ်ညလုံးဉာဏ်သော့်ကို လိုက်ရှာနေခဲ့တာလား ..."

"မရှာပါဘူး သူ့အမေရှာတာပါ။ ဉာဏ်က သူငယ်ချင်းတွေနဲ့ စိတ်တာတီးနေတာပါ"

"မသိပါဘူး ... နင်များရှာနေတာလားလို့၊ ဒီကောင့်ကို သံယောဇဉ်ထားမနေနဲ့ ပစ်ထားလိုက်"

ပြာပြာ အခန်းထဲဝင်လာသည်။

သူမလက်ထဲမှာလည်း ... Hand Phone အနီရောင်လေး တကိုင်ကိုင်နှင့် ဒီခေတ်ကြီးထဲမှာ ... Phone ကလူတိုင်းနီးပါး ကိုင်နိုင်ကြတာပဲ။

ဈေးကလည်း ဘယ်လောက်မှမရှိဘူး။

"ငါမျက်နှာသစ်ဦးမယ်"

"အင်း"

သူမရေချိုးခန်းထဲဝင်ပြီး ... မျက်နှာသစ်သည်။

ပြာပြာ လွန်တယ်။

ကိုကိုလာဖို့ အစောကြီးလိုသေးတာပဲ။

ဉာဏ်ရော ... လာမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က လာမှာမဟုတ်။

ညကလည်း အရမ်းမူးနေတာ မဟုတ်လား။

ညဏ့်မကောင်းကြောင်းတွေကို လွှာ့နှုတ်ခမ်းက ပြော မထွက်။

မျက်နှာသစ်ပြီး အဝတ်အစားလဲသည်။

"ပြာ နင်က အလန်းစားပါလား ... အသစ်အလွင်တွေနဲ့"

"ကိုကို့ ပိုက်ဆံနဲ့လေ"

"ကိုသတိုးနဲ့နင်က ဒီလောက်အထိတောင် ရင်းနှီးကျွမ်းဝင် နေကြပြီလား"

"အချိန်သိပ်ဆွဲလို့ မဖြစ်ဘူးလေ၊ ပြာက မြန်မြန်ဆန်ဆန်ပဲ လှုပ်ရှားလိုက်တာ"

ကိုသတိုးကရော ဘာလဲ။

ပြာပြာ့ ထောင်ချောက်ထဲ အလွယ်တကူ အမိခံနေသည်။

လွှာ သဘောကျပေမယ့် ညဏ်ကရှိသေးတယ်။

လွှာနှင့်ကိုသတိုးကို ချစ်သူတွေဖြစ်စေချင်နေသည်။

"နင်တကယ်ပဲ ကိုသတိုးကို မကြိုက်ဘူးနော်လွှာ"

"မကြိုက်ဘူး တကယ်ပြောတာပါ၊ ငါစိတ်ပူတာကလေ ... ဒယ်ဒီပဲ"

"မပူပါနဲ့ ငါအရယူပေးမှာ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်လေ"





ညဏ် ... ဘယ်လိုလုပ်ပေးရမလဲဟယ်။

လွှာက ကိုသတိုးနဲ့ လက်ထပ်ရရင်တောင်မှ ပြာပြာက နောက်တစ်ယောက်ကို ကူးသွားမှာလေ။

အဲဒါ နင့်ကိုတော့ ဘယ်တော့မှ ရွေးချယ်မှာမဟုတ်ဘူး နော်။

ညဏ်ကတော့ ရောက်မလာပေ။

လွှာ ဖုန်းဆက်ကြည့်တော့ ညဏ်အိပ်နေတုန်းတဲ့။

"ဒီနေ့တော့ ခွင့်ပေးလိုက်ပါအန်တီ၊ ပြောလည်းပြောမနေ ပါနဲ့တော့ ထားလိုက်ပါ"

"အေးကွယ် သားညဏ်ကိုတော့ အန်တီမဆုံးမ အားသေးပါ ဘူး၊ ဒီမှာ မိသားစုပြဿနာတွေရှိတယ် ... လွှာ"

"နောက်မှနော် အန်တီနှင်းဆီ"

"အေး ... အေး"

အန်တီနှင်းဆီလည်း ယောက်ျားရဲ့ဖောက်ပြန်မှုကို သိသယ ဝင်နေပုံပင် ပြဿနာတွေတက်ကြပြီထင်တယ်။

ညဏ်တို့မိသားစု အရေးတွေကို ပြာပြာသိလို့မဖြစ်ဘူး။

"ညဏ်တို့မိသားစုက တကယ့်ကိုရှုပ်တယ်ဟာ၊ ဘာအထင် ကြီးစရာမှလည်း မရှိဘူး"

"ပြာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"နင့်အမေရော ညကပြန်လာလား"

"ဟင့်အင်း ပွဲထိုင်စရာရှိလို့တဲ့ မနက်အစောကြီးပြန်လာတယ်"

ညဏ့်အဖေနှင့် အတူတူရှိနေမှာပဲလေ။

သူများသာရှုပ်တယ်ထင်တာ … နင့်အမေကရော သူငယ်ချင်း ယောကျ်ားကိုမှရွေးပြီး ဖောက်ပြန်နေရလား။

လွှာပြောပစ်ချင်သည်။

ပြာတို့မိသားစုက ပို၍ပင် မရိုးသားတာပါ။

ကိုကို ရောက်လာသည်။

ပြာက တစ်ခြားကိစ္စတွေ စိတ်မဝင်စားတော့ပဲ ကိုသတိုးရှေ့မှာ ပြာယာခတ်အောင် လှုပ်ရှားနေ၏။

ညဏ့်အကြောင်းတွေပဲတွေးပြီး လွှာစိတ်မကောင်း ဖြစ်နေရလေသည်။

ဣ

--- 

[...]ခန်း ( ၁၃ )

"ညဏ် … ရွှေညဏ်၊ လူဆိုးကောင် အသုံးကိုမကျဘူး …

[...]စမ်း"

ဒေါ်နှင်းဆီမေ စိတ်တွေတိုပြီး သားဖြစ်သူအား ထုရိုက်နှိုးပစ်

[...]သည်။

အရက်တောင် သောက်တတ်နေပြီ။

မိဘကို မကြည့်ဘူး မိန်းကလေးတွေကမှ အသုံးကျသေး

[...]ယ်။

ပါးစပ်ကလည်းပြော ထုလည်းထုသေး၏။

သား ထလာသည်။

"အား … မေမေကလည်း ဘာဖြစ်နေတာလဲ၊ သားထနေပါ

[...]

"ထစမ်း … "

ဖိုးလပြည့်စာပေ

www.burmeseclassic.com



"ဟင် ... အား ... ကျွတ်"

ညဏ်ထလိုက်သည်။

ခန္ဓာကိုယ်တစ်ခုလုံး ကိုက်ခဲနာကျင်နေ၏။

မထနိုင်။

သူ ညကများသွားသည်။

"အား ... ကျွတ် ... ကျွတ် ... ခေါင်းကိုက်တယ် ... အား"

"ညဏ်သော်"

"ဗျာ"

"မင်းက တော်တော်လေး မိုက်မဲချင်တယ်ပေါ့လေ၊ မိဘ မျက်နှာကို မကြည့်ဘူး"

သူဘာဖြစ်လာလဲ မသိပေ။

ဖြာဖြာ့ကြောင့်ပါ။

သူ့ကို အပြတ်ငြင်းပစ်လိုက်၍ အသည်းကွဲပြီး အဆွယ်ကောင်းတာနှင့် ကိုယ့်ပိုက်ဆံလည်း မကုန်တော့ သူ လိုက်သွားမိသည်။

"ညကလွှာလေး ဘယ်လောက်ပင်ပန်းရလဲ ... မင်းကိုကား တစ်စီးနဲ့လိုက်ရှာတာလေ၊ သူလာပို့လို့ပေါ့"

"လွှာလာပို့တာလား"

"ဟုတ်တယ် လွှာလေးပဲ၊ မင်းအပေါ် ... ဘယ်လောက်





သံယောဇဉ်ကြီးလဲ၊ မေမေတို့ကို လွှာလေးပဲကူညီနေတာ ... အင်ကြင်းကျူရှင်လခလည်း ပေးခဲ့တယ်၊ ခုထိမပေးရသေးဘူး"

"ဟာ ... မေမေကလည်း လွှာ့ဆီကမယူပါနဲ့"

"ဘာမယူရမှာလဲ"

"ဘုတ် ... ဘုတ်"

"အား ... "

"နင်ကရော ဘာအသုံးကျလို့လဲ၊ ကလေးက စာတော်တယ် အရမ်းကြိုးစားတယ်၊ လခမပေးနိုင်ရင် ဘယ်လောက်မျက်နှာငယ်ရလဲ၊ မင်းကျတော့ ကုန်လိုက်တာ၊ ငွေကိုချေးမယ့်လူ တစ်ယောက်မှမရှိတော့ဘူးဟဲ့"

"ဘုတ် ... ဘုတ်"

"မေမေကလည်းဗျာ တစ်ကိုယ်လုံးကိုက်ခဲနေပါတယ်ဆိုမှ ရိုက်နေတယ်၊ ဒါကြောင့် ညဏ်စိတ်ညစ်ပြီး အရက်သောက်တာလေ"

"ဘာ ... ဘာပြောတယ်"

"တစ်နေ့ တစ်နေ့ မေမေတို့ရဲ့ ပဋိပက္ခတွေအကြောင်းကိစ္စတွေ ညဏ်မကြားချင်ဘူး"

"မင်းကများ သားကြီးဖြစ်ပြီးတော့ မကြားချင်ဘူး ... ဟုတ်လား ... မိသားစုကိစ္စ မင်းမှာတာဝန်ရှိတာရော သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကျတော့ ဘာဝန်ယူလို့လား ... မေမေ မပြောလို့လေ"

"မင်း ... ညဏ်သော်၊ မင်းပြန်ပြောတတ်နေပြီလား၊ လူဆိုးအတုမြင်အတတ်သင်၊ ငါ့သမီးလေး အတုယူတော့မယ်"

"ဘုတ် ... ဘုတ်"

"မေမေ"

"လုပ်မယ် ဘာဖြစ်လဲ၊ ငါဘယ်လောက်ထိ စိတ်ညစ်နေရလဲ နင်သိလား ... "

"တော်ပါပြီဗျာ ... နောက်ဆိုရင် သားမသောက်တော့ဘူး၊ ရပြီလား"

"မသောက်နဲ့ နင့်အရွယ်လေးနဲ့များ ထပ်သောက်လာရင် နင်အသေပဲ၊ အသုံးမကျတဲ့ကောင် ... လွှာလေးဘယ်လောက်ကြိုးစားလဲ၊ ဒီနွေသင်တန်းလည်း မတက်ရဘူး"

သူလုံးဝ မတက်တော့ဘူး။

ပြာပြာနှင့် မျက်နှာချင်းမဆိုင်ချင် တော့ပေ။

ဖေဖေနဲ့မေမေ စီးပွားရှာမကောင်းကြလို့ သူမျက်နှာငယ်နေရတာဟု ထင်သည်။

"လွှာလေးကိုလည်း အရမ်းအားနာရတယ်၊ သူ့ခမျာ ... မိန်းကလေးတန်မဲ့ အရှက်တောင်မထိန်းနိုင်တော့ဘူး၊ မင်းကိုဆွဲရ တွဲရနဲ့





အကျီကြယ်သီးတွေပြုတ်နဲ့ လူမှန်းမသိအောင်များ သောက်ရတယ်လို့၊ အသုံးမကျဘူး"

မေမေ ပြန်ထွက်သွားသည်။

သူ ငိုင်တွေနေမိသည်။

သူအိပ် မက်ထဲမှာလိုလို အပြင်မှာလိုလိုနှင့် ပြာပြာ့ကို ဖက်နမ်းနေခဲ့မိ၏။

ဒါ ... ဒါ ...

လွှာလွှာလား ...

ပြာပြာနှင့်သူထပ်တွေ့တာတော့ မဖြစ်နိုင်။

ဟာ ... ဒုက္ခပါပဲ ...

ဘာတွေဖြစ်ကုန်တာလည်း မသိဘူး။

လွှာ့ကို ညဏ်ဘာတွေလုပ်မိလဲ စဉ်းစားမရ။

"လွှာ့ကို တောင်းပန်ရမယ်၊ မျက်နှာပူလိုက်တာ၊ တကယ်ပါပဲ ငါပြာပြာထင်ပြီးတစ်ခုခုတော့ လုပ်မိသွားတယ်ထင်တယ်"

သူထင်တာက ပြာပြာအဖြစ်ပဲ။

လွှာ ဖြစ်နိုင်သည်။

သူရှက်မိနေ၏။

မျက်နှာတွေလည်းပူနေသည်။

မျက်နှာသစ်ပြီး မှန်ကြည့်မိတာ သူ့နှုတ်ခမ်းတွေကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင်"

မီးဖိုခန်းအဝကနေပဲ ညဏ်ပြန်ထွက်လာခဲ့သည်။

လောကကြီးက ဘာတွေလဲ။

သူ့အတွက် နည်းနည်းလေးမှ ပျော်စရာမကောင်းဘူး။

သူ့သူငယ်ချင်းတွေဆီ ရောက်လာသည်။

"ညဏ် ... မနေ့ညက မင်းကိုစိုးရိမ်တကြီးနဲ့ လာတွဲ... ကောင်မလေးက ဘယ်သူလဲ"

"ဒီလိုပါပဲ သူငယ်ချင်းတွေ"

"သူငယ်ချင်းက ဒီလောက်အထိ သံယောဇဉ်ကြီးရလား... အရမ်းချောတယ်ကွ၊ တို့တောင် စိတ်ဝင်စားသွားပြီ"

"ထားလိုက်စမ်းပါကွာ၊ သူက အနံကြီးကွင်းကျယ်၊ မင်း... ကို စိတ်ဝင်စားမှာမဟုတ်ဘူး"

"ကြိုးစားကြည့်ရမှာပေါ့ကွာ၊ အချစ်မှာ မျက်စိမရှိဘူးလေ... မင်းကလဲ လိပ်စာပြောကွာ"

"တော်ပြီကွာ ငါသွားတော့မယ်"

"နေပါဦး ညဏ်ရ၊ အဲဒီကောင်မလေးက မင်းနဲ့ဘယ်လို... မပတ်သက်ဘူးမဟုတ်လား"

"ငါပြန်တော့မယ်"

သူ့လွှာကို ခပ်ရိရိပြောနေတဲ့ စကားတွေကို မကြားချင်...





ဒီကောင်တွေက စည်းမရှိဘူး။

သူနှင့်ခင်မင်ကြတာလည်း ... မကြာသေးပေ။ လူရှုပ်တွေ။

"ညဏ်ထိုင်ပါဦးကွာ ... ဘယ်လဲ၊ ကောင်မလေးအကြောင်း မေးတာနဲ့ ဆတ်ဆတ်ထိမခံပါလား၊ ကောင်မလေး ဘယ်မှာနေလဲ ပြောပြကွာ"

"မပြောဘူးကွာ"

"မပြောရင် ထိုးမှာနော်"

"ထိုးကွာ မပြောဘူး"

"ခွပ်"

"ထိုး ... မင်းတို့ကြိုက်သလောက်ထိုးစမ်း"

"ခွပ် ... ခွပ်"

"ထိုးတယ်ကွာ ... မင်းက ဘာကောင်လဲ ... ကြီးကျယ်နေလိုက်တာ၊ ငါတို့က ဘာတွေမို့လို့လဲ"

"သူ့ကိုတော့ မင်းတို့နှောက်ယှက်လို့ မရဘူးနော်၊ ငါလုံးဝ သည်းခံမှာ မဟုတ်ဘူး၊ မင်းတို့မကျေနပ်ရင် ငါ့ကိုသေအောင်ထိုး"

"ထိုးတယ်ကွာ"

"ခွပ်"

"မင်းကို မပြောမချင်းထိုးမယ်၊ ဟော့ကောင်တွေ ဒီကောင် ညဏ်သော်က တို့ကိုအဖက်မတန်သလို လုပ်နေတာကွ၊ ဝိုင်းသမ



www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်”

“အေး … မင်းပြောလိုက် မပြောရင်အသေထိုးမှာနော်”

“ခွပ်”

“ခွပ်”

ညာဏ် သည်းခံနိုင်စွမ်း မရှိတော့။

လွှာ့ကိုမရမကလိုက်ရှာပြီး နှောက်ယှက်မယ်ဆိုတော့လည်း သူ့ရဲ့သည်းခံနိုင်စွမ်းက ကုန်ဆုံး သွားပြီဖြစ်၏။

ဒီကောင်တွေကို မှတ်လောက်သားလောက်အောင် ဆုံးမပစ်ရမည်ဖြစ်သည်။

ညာဏ် မျက်စိရှေ့မှာရှိနေတဲ့ အုတ်ခဲကို ကောက်ယူလိုက်ပြီး လွှာ့အကြောင်း အတင်းမေးနေတဲ့ … ခေါင်းဆောင်အား ထုပစ်လိုက်သည်။

“အား”

“မင်းတို့ သေချင်နေတာလား … လာလေ … ကြိုက်တဲ့ကောင် လာခဲ့”

သူ့လက်ထဲမှာ အုတ်ခဲနှစ်လုံးကို ကိုင်ထားသည်။

ဟိုကောင်က မှောက်နေ၏။

ကျန်တဲ့ကောင်တွေ မလှုပ်ဘဲ ရပ်သွားသည်။

“ဟေ့ကောင်တွေ မင်းတို့ဘာကောင်တွေလဲ ရပ်ကြစမ်း”





“ဟင်”

ရဲတွေရောက်လာသည်။

မှောက်နေတဲ့ကောင်နှင့် ညာဏ်တို့အားလုံး အဖမ်းခံလိုက်ရ၏။

ညာဏ်တို့ကို လက်ထိပ်ခတ်၍ အချုပ်ကားနှင့် ခေါ်သွားသည်။ သူခဲနှင့် ထုလိုက်တဲ့ကောင်က ဘာမှမဖြစ်ပေ။

ရဲစခန်းရောက်တော့ အစစ်ဆေးခံရသည်။

“ကောင်မလေး နေရပ်လိပ်စာမေးတာနဲ့ ပြဿနာဖြစ်ရတာပါ”

“ဘယ်ကကောင်မလေးလဲ”

“အဲဒါကျွန်တော် မပြောနိုင်ဘူး၊ သူနဲ့လည်းဘာမှ မဆိုင်ဘူး၊ ဒီကောင်တွေက ဝိုင်းထိုးကြတာ”

“မင်းက ဒေါသဖြစ်အောင်ဆွပေးတာလေညာဏ်၊ ဒါလေးမေးတာဘာဖြစ်လဲ၊ မင်းဖြေလိုက်ရင် ရန်ပွဲကမဖြစ်ဘူး”

“အေး ရန်ပွဲမကလို့ ကမ္ဘာစစ်ကြီးပဲဖြစ်ဖြစ် ငါမပြောနိုင်ဘူးကွာ၊ ဘာဖြစ်လဲ”

ရဲစခန်းမှာအချုပ်ခံရပြီး မိဘတွေဆီ အကြောင်းကြားသည်။

မေမေ ပြာယာခတ်ပြီး ရောက်လာ၏။

သူ့ကို အာမခံပေးသူက လွှာ့မာမီ ဒေါ်နော်လီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ ဉာဏ်ရယ်၊ မင်းရန်မဖြစ်ဖူးပါဘူး မျက်နှာတစ်ခုလုံးလဲ ဒဏ်ရာတွေနဲ့"

လွှာမာမီက မေမေ့သူငယ်ချင်းပဲ ဉာဏ့်ကိုအာမခံပေးသည်။

ကုန်ကျစရိတ်တွေကိုလည်း ... အန်တီနော်လီပဲ အကုန်ခံခဲ့၏။

ဟိုကောင်တွေမိဘတွေကလည်း ကျေအေးကြသည်။

မရှိဆင်းရဲသားတွေလေ။

သူကမှ အန်တီနော်လီ့ကားနဲ့ လူရှိန်သွားရ၏။

မေမေက မျက်ရည်တွေ စီးကျနေသည်။

"နှင်းဆီရာ ငိုမနေပါနဲ့ ... ယောကျ်ားလေးမွေးထားပြီး ဒီအရွယ်တွေက ဖြစ်တတ်ပါတယ်ဟ"

"ငါက ... ဘယ်လိုရပ်တည်ရမှန်းတောင် မသိတော့ပါဘူး နော်လီရယ် ... သေချင်ပါတယ် တစ်စက်လေးမှ စိတ်မချမ်းသာရပါဘူး"

"ထားလိုက်တော့၊ နေပါဦး ဉာဏ် ... ကောင်မလေးတစ်ယောက်ကြောင့် ဖြစ်တယ်ဆိုတော့ ... ဘယ်ကောင်မလေးလဲ ပြောလေ၊ ဉာဏ့်ချစ်သူ ကောင်မလေးလား"

"မဟုတ်ပါဘူး ... ဘာမှမဟုတ်ပါဘူး အန်တီနော်လီ ... ထားလိုက်ပါတော့ ဉာဏ့်ကို အာမခံပေးတဲ့အတွက် ကျေးဇူးတင်





ပါတယ်"

"ကျွန်တော် လိမ္မာပါတော့မယ်အန်တီ ... ဒီကိစ္စတွေကို ာတို့ မသိပါစေနဲ့၊ နောက်ရန်မဖြစ်တော့ပါဘူး"

"မင်းသင်တန်းလာတက်လေ၊ ဉာဏ်ရယ် လာခဲ့ပါ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် အပြင်မှာပဲ သင်တန်းတွေတက်ချင်ပါတယ် အန်တီ မိန်းကလေးတွေကြားထဲမှာမို့ မတက်တော့ပါဘူး"

ပြာပြာ့ကို မတွေ့ချင်တော့လို့ပါ။

သူ ရှက်နေမိသည်။

"ကဲလေ ဉာဏ်မတက်ချင်လည်းနေပါ၊ ဉာဏ်ဘာလုပ်ချင်လဲ အန်တီနော် လုပ်ပေးမယ် ... တခြားသင်တန်းတွေ တက်ချင်တယ်ဆိုရင်လည်း အန်တီသင်တန်းခပေးမယ် ဘယ်လိုလဲ"

"ကျေးဇူးအများကြီးတင်ပါတယ် အန်တီ၊ ဉာဏ်ကြိုးစားပါ့မယ်"

မေမေကလည်း သူ့မှာဒဏ်ရာတွေရနေ၍ မဆူတော့။

အိမ်ပြန်ရောက်လာပြီး ဆေးတွေလူးပေးသည်။

အန်တီနော်လီ ပြန်သွား၏။

မေမေ့ကို မဆူဖို့နှင့် ဆေးဖိုးအတွက်လည်း ပိုက်ဆံပေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက် ... ရွှေညက်၊ သားကတော့လေ ကောင်မလေး ကြောင့်ဖြစ်တာဆို ဘယ်ကောင်မလေးလဲ ပြောစမ်းပါ၊ သားချစ်သူ လား"

"ဒီအကြောင်းတွေ ဆက်မပြောပါနဲ့တော့ မေမေရာ၊ ထား လိုက်ပါ သားကြိုးစားပါ့မယ်၊ မဆိုးတော့ပါဘူး"

"ရမမေ့သားလေးက လိမ္မာပါတယ်၊ အရမ်းမဆိုးပါဘူး မေမေသိတာပေါ့ကွယ်၊ အမိက မိဘတွေရဲ့အားနည်းချက်ကြောင့် လည်း ပါပါတယ်"

သူ မေမေ့ကိုပို၍ သနားမိသည်။

ဖေဖေကတော့ ဒီလိုပဲ နေထိုင်တတ်၏။ သူ့လိုပဲ ...

မေမေက ဆေးတိုက်ပြီး ဘာမှမတွေးနဲ့ အနားယူနေဟု ပြောပြီးပြန်ထွက်သွားသည်။

"လွှာ ... ငါကြိုးစားပါ့မယ်၊ ငါကယောက်ျားတစ်ယောက် ပဲလေ၊ တာဝန်ယူတတ်ရမယ်၊ ငါသာကြိုးစားပြီး ... ဘဝအတွက် ရည်မှန်းချက်တွေရှိနေရင် နင်ပျော်မှာ မဟုတ်လား"

ညက်ကြိုးစားမှာက ... ပြာပြာ့အတွက် မဟုတ်တော့တာ သေချာသည်။

က

အခန်း ( ၁၄ )

ညက် အချုပ်ထဲရောက်တယ်တဲ့။

ကောင်မလေးတစ်ယောက်ကြောင့်တဲ့ မာမီက ပြောပြနေ သည်။

ပြာပြာ့ကြောင့်ပဲ ဖြစ်မှာပါ။

"ညက် မျက်နှာမှာဒဏ်ရာတွေနဲ့ မာမီလည်းစိတ်မကောင်း ဘာနဲ့ ညက်လေးကို မြေတောင်မြှောက်ပေးဖို့ တာဝန်ယူခဲ့တယ်"

"ဒီကောင်က အလကားကောင်ပါ အန်တီနော်လီ၊ ကြိုးစား မှာလည်း မဟုတ်ဘူး"

ပြာပြာ့စကားကြောင့် မာမီစိတ်ပြောင်းသွားမှာစိုး၍ လွှာ အလျှာကရာဝင်ပြီး ပြောရသည်။

"ပြာပြာကလည်း ညက်နဲ့ဆိုကြည့်မရဘူး၊ မာမီတာဝန်ယူ ချင့်ပါတယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့သားပဲဟာ၊ မာမီတာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်တာ ကောင်းတယ်”

“နင်ကရော ဉာဏ်မှုဉာဏ်၊ ပြာကတော့လေ ရှင်းရှင်းပြောရင် သူငယ်ချင်းအဖြစ်ကနေ ရပ်စဲပစ်ချင်တယ်”

ပြာပြာ့ကိုလွှာက ပေါင်ကိုဆွဲဆိတ်ပစ်လိုက်၍ ငြိမ်ကျသွားသည်။

မာမီအပြင်ထွက်သွားမှ ပြာပြာနှင့်လွှာ ရန်ဖြစ်ရ၏။

ဒေါသ ဘယ်လောက်ဖြစ်ဖို့ ကောင်းလဲ။

“ဉာဏ်က တို့သူငယ်ချင်းလေ၊ နင်ပိုက်ဆံကုန်တာလည်း မဟုတ်ပဲနဲ့ အကုသိုလ်မများစမ်းပါနဲ့ ပြာရာ၊ နင့်ပါးစပ်ပိတ်မထားရင် လွှာ ကိုကို့ကိုပြန်သိမ်းလိုက်မှာနော်”

“အမယ်လေး ကျေးဇူးရှင်ရယ်၊ တောင်းပန်ပါတယ် အဲဒီလိုတော့ မလုပ်ပါနဲ့နော်၊ ဉာဏ်ကသစ္စာမရှိဘူး ... သူငယ်ချင်းအချင်းချင်း ကြိုက်စရာလား”

“လူပဲဟဲ့ သူငယ်ချင်းသံယောဇဉ် ပိုပြီးတွယ်နိုင်တာပဲဟာ”

“ဉာဏ့်ကိုတော့ လုံးဝအထင်မကြီးဘူး၊ ပြာကတော့ ဆင်းဆင်းရဲရဲ နေရတာကိုမုန်းတယ်”

ပြာပြာလည်း ပြန်သွားသည်။

လွှာတစ်ယောက်ထဲ ဉာဏ့်အကြောင်းတွေ တွေးမိနေ၏။

မိန်းကလေးတစ်ယောက်ကို သူငယ်ချင်းတွေက စနောက်





လို့တဲ့။

ဘယ်သူလဲဆိုတာ သိချင်နေသည်။

“နင်ဒဏ်ရာတွေရအောင် ရဲစခန်းထိရောက်အောင် သတ္တိရှိရှိရင်ဆိုင်တာ ပြာပြာ့ကြောင့်မဟုတ်လား”

ပြာပြာက ချောတယ်။

ဝတ်စားပြင်ဆင်နေသူ ...

လွှာရော အလှအပတွေ ပြင်ရင်ကောင်းမလားပဲ။

“ဉာဏ့်ကိုသွားတွေ့ရင် ကောင်းမလား ... ဒီကောင်နေနိုင်လိုက်တာ ... နည်းနည်းပါးပါးတောင် ဖုန်းမဆက်ဘူး စိမ်းလွန်းတယ်”

သူမနှုတ်ခမ်းလေးက စူထော်သွားသည်။

လွှာက သံယောဇဉ်ကြီးရသလောက် ဉာဏ်က ပြာမှုပြာပဲ။

“နင်နဲ့ ကိုသတိုးနီးစပ်သွားရင် ကောင်းမယ်လွှာရာ”

ဉာဏ့်စကားတွေကို ပြန်ကြားယောင်လာပြီး လွှာဒေါသကဖြစ်ချင်လာသည်။

“မသွားတော့ဘူး၊ နေပါစေ ပစ်ထားလိုက်မယ်”

သူ့မှာဒဏ်ရာတွေ များနေလား။

ဒီကောင်က ဂရုစိုက်မှာ မဟုတ်ပါဘူး။

အန်တီနှင်းဆီမှာလည်း အပူမီးတွေနဲ့ အင်ကြင်းလေးက ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်- လှသာပဲအလျှော့ပေးလိုက်ပါ့မယ်လေ ...

"သွားတွေ့မယ် ဉာဏ်ကိုပစ်ထားလို့ မဖြစ်သေးပါဘူး"

သူမကားလေးနှင့် မောင်းပြီးဉာဏ်တို့ ရပ်ကွက်ဘက်လာ ခဲ့သည်။

ဉာဏ်တစ်ယောက်ထဲ ရှိနေ၏။

မျက်နှာမှာဒဏ်ရာတွေနှင့် လှသာလည်း ရှက်မနေတော့ပဲ ဉာဏ်တို့ အိမ်လေးပေါ် တက်လာခဲ့သည်။

"မွေ့ဉာဏ် နင်ဘာဖြစ်လို့ရန်ဖြစ်ရတာလဲ၊ ပြာပြာ့ကြောင့် လား"

လှသာကရောက်ရောက်ချင်းပဲ ဘေးမှာဝင်ထိုင်ပြီး အပြစ်ပြော သည်။

သူမ မျက်နှာလေးနီရဲနေတာ ဉာဏ်သတိထားမိနေ၏။

သူမက ပြာပြာ့ကြောင့်လားတဲ့ လှသာ့ကြောင့်ဟု ပြောဖို့ပြင် ပြီးမှ မပြောတော့။

"လှသာ"

"ဟင်"

"နင့်ကို ငါမေးစရာရှိတယ်"

"မေး"

"ဟိုညကလေ ငါပြာပြာအမှတ်နဲ့ နင့်ကိုဘာလုပ်မိလဲ"





"နင်ကလဲ ဘာလုပ်ရမှာလဲ ဘာမှမလုပ်ပါဘူး"

"မဖြစ်နိုင်တာ၊ ငါ့အကျႌမှာရော ငါ့နှုတ်ခမ်းမှာရော ... နှုတ် ခမ်းနီတွေပေကျံနေတယ်"

"ကောင်စုတ် ဘာတွေလာပြောနေတာလဲ၊ ဘာမှမဖြစ်ဘူး ငင့်ဟာနင် ကလပ်မှာ ဘယ်သူနဲ့ကနေလည်းမှမသိတာ"

"တကယ်လား"

"အင်း"

နင့်မျက်နှာပေါ် ပန်းရောင်သွေးတွေထနေတာ နင်ရှက်နေ တာပဲ။

ဒါပေမယ့် ဘဝချင်းမှမတူကြတာ။

သူက မာနရှိ၏။

ချမ်းသာတဲ့ မိန်းမကိုယူပြီး တိုက်ကြီးပေါ်တက်နေရမှာကို ရှက်မိသည်။

"ဟဲ့ ... နင်ဒဏ်ရာသက်သာလား ဘာကြည့်နေတာလဲ၊ နင် ပြီး ပြာပြာ့ကိုတမ်းတနေတယ်၊ ဒါပဲ"

"နင့်အကျႌ ကြယ်သီးတွေတောင် ပြုတ်သွားတယ်ဆို"

"ဘာ"

"မေမေ ပြောပြတာပါ"

"ပြုတ်တာပေါ့ နင့်ကိုတွဲရတာလေ ထားလိုက်ပါတော့ဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါကကိုသတိုးနဲ့ လက်ထပ်ရမှာ"

"ဘာ ... ဘာပြောတယ်လွှာ၊ အား ... ကျွတ် ကျွတ်"

"နင်ဘာဖြစ်လို့ အရမ်းထရတာလဲ၊ နာသွားလား"

ဉာဏ်ဒေါ်သတကြီးနှင့် ထလိုက်မိ၍ ခါးကဒဏ်ရာ နာသွား သည်။

"အား ... သေပါပြီဟာ၊ ခါးအရိုက်ခံရတယ်၊ ဗိုင်းရိုက်ခြ တာ"

"နင်က ဘာဖြစ်လို့ သူတို့နဲ့ပေါင်းရတာလဲ"

"ထားလိုက်ပါဟာ၊ အရေးကြီးတာက နင့်ကိုငါဘာမှ မလု မိဖို့ပဲ"

လုပ်မိတယ်လို့ ပြောရင်ရော နင်က ဘာတာဝန်ယူနိုင်မှ လဲ။

မှန်းလိုက်တာ။

"လွှာ ... နင်စောစောကပြောတော့ ကိုသတိုးနဲ့ လက်ထ ရမှာဆို"

"အင်းလေ ... နင်ဖြစ်ချင်တာ မဟုတ်လား ... ငါနဲ့ကိုသတိ တို့ လက်ထပ်တာ နင်အပျော်ဆုံးမဟုတ်လား"

မဟုတ်ဘူးဟု ပြောချင်ပေမယ့် ပြောမထွက်။

သူက ပြာပြာ့ကိုချစ်တယ်လို့ ပြောထားမိနေသည်။





ပြီးတော့ လွှာနှင့်သူက အခြေအနေချင်း ကွာခြားလွန်းနေ

အခုတလော လွှာ့ကိုအထိမခံနိုင် ဖြစ်နေရသည်။

"နင်နဲ့ ပြာပြာ့ကြောင့်လေ"

"တော်စမ်းပါဟာ ပြာပြာ့အကြောင်းမပြောနဲ့တော့"

"အရမ်းလွမ်းသွားလို့လား"

"နင် ကိုသတိုးကို လက်မထပ်လို့ မဖြစ်ဘူးလားဟာ"

"ဘာဖြစ်လို့လဲ"

"ငါ့သူငယ်ချင်းကို မဆုံးရှုံးချင်လို့ ပြီးတော့ နင်ရှိမှ ပြာပြာနဲ့ တွဲလို့ရမှာလေ"

"နင့်ပြာပြာက ကိုသတိုးကို အထင်ကြီးတာနော်"

"ဘယ်လိုပဲဖြစ်ဖြစ်၊ ငါကတော့ စောင့်နေနိုင်ပါတယ်၊ ပြာပြာ့ ချစ်တဲ့အချစ်တွေက ငါ့ရင်ထဲမှာရှိနေဆဲပဲ"

"အရှုံးကောင် ဒါကြောင့် ငါက ကိုသတိုးကိုယူရမှာ"

"နင်က ကိုသတိုးကိုချစ်နေလို့လား"

တစ်ယောက်မျက်နှာကိုတစ်ယောက် မထင်မှတ်ပဲ စူးစမ်း ခတ်သလို ကြည့်မိသွားသည်။

အကြည့်ကို စတင်လွှဲလိုက်သူက လွှာပါ။

"ဟင့်အင်း မချစ်ဘူး၊ လူကြီးတွေကတော့ သဘောတူထား



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ အဲ့ဒီကိစ္စ နင့်ကိုပဲပြောပြတာနော်၊ ဒါပေမယ့် ပြာပြာနဲ့ နင့်အတွက်ဆိုရင် ကိုသတိုးနဲ့ငါ လက်ထပ်ပါ့မယ်ညာဏ်"

လွှာကညာဏ့်အပေါ် ဘယ်လောက်အထိ သံယောဇဉ်တွယ်ပြီး ကောင်းခဲ့လဲဆိုတာ သူ့အသိဆုံးပင် ...

ကိုသတိုးနဲ့ လက်ထပ်မယ်ဆိုတော့ ညာဏ် မခံစားနိုင်လောက်အောင် ခံစားလိုက်ရသည်။

"နင်ပြာပြာ့ကို ချစ်တယ်မဟုတ်လား၊ ပြာပြာ့ကိုမရရင် နင်ရူးသွားလိမ့်မယ်တဲ့၊ ငါ့သူငယ်ချင်း ရူးကြောင်မူးကြောင်ညာဏ်သော်ကို အရူးဘဝမရောက်စေချင်တာပါ"

လွှာရယ် ငါက မကောင်းတဲ့ကောင်ပါ။ လူဆိုးပါ။

ပြာပြာ့ သဘောထားကို သူသိသွားပြီဖြစ်ပေမယ့် လွှာ့ရှေ့မှာတော့ မချစ်တော့ဘူးဟု ပြောမပြချင်။

အပြောင်းအလဲ မြန်သည်ဟု လွှာက ပြောဦးမယ်။

"လွှာ"

"ဟင်"

"ငါလေ ကိုသတိုးနဲ့ ပြိုင်ချင်တယ်"

"ဘာလဲဟ"

"နင်ဘေးဖယ်နေပါ၊ ကိုသတိုးနဲ့ငါ ပြာပြာ့ကိုပြိုင်ပြီး လုပြမယ်လေ၊ ဘယ်လိုလဲ နင်ကဒိုင်လူကြီးလုပ်ပေးမလား"





"မလုပ်ပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက် နင့်အတွက်တော့ ငါလေ စိတ်ရောဂါကုဆေးရုံကြီးမှာ ကြိုတင်အခန်းယူထားမှ ထင်တယ်"

ငါပြာပြာ့ကို မချစ်တော့ပါဘူး။

ကိုသတိုးကိုပဲ ပေးလိုက်မှာပါ။

ဘာပဲဖြစ်ဖြစ် နင် ... ငါ့ကြောင့်တော့ ကိုသတိုးကို လက်မထပ်ပါနဲ့။

"ညာဏ်ရယ် ပေါက်ကရတွေ လျှောက်ပြောမနေနဲ့တော့၊ နင်မနက်စာ ဘာစားပြီးပြီလဲ ဆေးရော ... "

"သောက်ပြီးပါပြီ"

"ဒဏ်ရာတွေက သက်သာရဲ့လားညာဏ်"

"မသက်သာဘူး၊ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေတယ်"

"ပြာပြာ့ကို နင်ဒီလောက်တောင် ချစ်လားဟယ် ... ဝိုင်းပြီး အရိုက်အနှက်ခံရတယ်လို့"

ပြာပြာ့ကြောင့် မဟုတ်ပါဘူး။

လွှာ့ကြောင့်ပါဟု ပြောပြချင်သည်။

လွှာရယ် မထင်မှတ်ပဲနဲ့ နင်ကငါ့နှလုံးသားထဲ ရောက်လာတယ်။

ငါတကယ်ပဲ ချစ်မိခဲ့တာက လွှာပါလို့ ငါသိလာတယ်။

နင်က ဖြူစင်ပြီး ချစ်စရာကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြန်တော့မယ် နင်ဘာလိုသေးလဲ၊ ငါလေပြာပြာ့ကို ခေါ်ပြီး ပြန်လာခဲ့မယ်၊ နင်ဘာစားချင်လဲပြော"

"ပြာပြာ့ကို မခေါ်ပါနဲ့၊ ငါမတွေ့ချင်ဘူး နင်ပြန်လေ ... ငါ အားလုံး ပြည့်စုံတယ်"

လွှာ့ဆီဖုန်းလာသည်။

သူမကိုင်လိုက်တော့ ကိုသတိုးဖြစ်နေ၏။

ချိန်းနေကြသည်။

"အင်း ... ခဏလေးနော်ကိုကို၊ ပြန်လာခဲ့မယ် လွှာ ကိစ္စလေးရှိလို့ ကိုကိုစောင့်နေပါနော်"

ဉာဏ်စိတ်တွေ ဘယ်လိုပြောင်းလဲသွားလဲ မသိတော့ ...

လွှာနှင့်ကိုသတိုးအား မတွေ့ဆုံစေချင်ပေ။

ထို့ကြောင့်ပဲ သူကောက်ကာငင်ကာ ထ၍ အော်ပစ်လိုက်သည်။

"အား ... ကျွတ် ကျွတ် ရင်ထဲကထိုးအောင့်လာတယ်လွှာ၊ မခံမရပ်နိုင်အောင်ပဲ သေတော့မယ်ထင်တယ်"

"ဟင်ဉာဏ် ဘယ်လိုလုပ်ပေးရမလဲ၊ အရမ်းအောင့်လားဟင် ဆေးခန်းသွားကြမလား၊ ငါကလေ ကားသိပ်မောင်းတတ်သေးတာ မဟုတ်ဘူး၊ ညဘက်ကားရှင်းလို့ မောင်းတာ၊ လိုင်စင်လည်း မရှိဘူး ကိုသတိုးကို ခေါ်ရမလား"





"မခေါ်ပါနဲ့ ခဏလေး၊ ဟိုကောင်တွေက ကျောနဲ့ရင်ဘတ်ကိုလည်းကန်တာဟ ... အား"

လွှာကစိုးရိမ်တကြီးနှင့် သူ့လက်ကိုဆုတ်ကိုင်ထားသည်။

ဉာဏ်ကပိုသဲပြလေ လွှာကစိုးရိမ်လေပဲ။

ကိုသတိုး မကြာခဏ ဖုန်းဆက်ခေါ်နေ၏။

သူက မတွေ့ချင်ဘူးပြော၍ လွှာက ဖုန်းပိတ်ပစ်လိုက်သည်။

"ကိုသတိုးနဲ့ မတွေ့ချင်ဘူး၊ သူ့ကျေးဇူးလည်း အတင်မခံနိုင်ဘူး ... ငါတို့ကပြိုင်ဘက်တွေဖြစ်ကြရမှာလေ ... အား"

"ဟဲ့ အငှားကားခေါ်ရမလား၊ အန်တီနှင်းဆီ ဘယ်မှာရှိနိုင်မလဲ"

"ဘယ်သူ့မှမခေါ်နဲ့ ခဏနေရင်သက်သာသွားလိမ့်မယ်"

"ဟုတ်လို့လား ဉာဏ်ရယ်"

ဉာဏ် ရောင်တောင်ပေါင်တောင်နှင့် လွှာ့လက်လေးကို ဆုပ်ကိုင်လိုက်သည်။

လွှာက မရုန်းဖယ်။

လွှာ့မျက်ဝန်းလေးတွေက သူ့ဆီ စိုးရိမ်ပူပန်ရိပ်တွေ ယှက်သန်းနေပြီး ကြည့်နေ၏။

နင်ဆိုရင်ရော ငါ့ကို ချစ်နိုင်မလား။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုလွှာ တို့နှစ်ယောက်ဘဝက ပိုပြီး ဝေးကွာလွန်းပါတယ်။

နင့်မိဘတွေက ကိုသတိုးလို ယောက်ျားမျိုးနဲ့ပဲ သဘောတူမှာပါ။

"ညက် နင့်ကိုစိတ်မချဘူး၊ လွှာနေပေးမယ်လေ အင်ကြင်းလေးရော"

"ကျောင်းသွားတယ် မေမေလည်းအလုပ်ကိစ္စရှိတယ်ဆိုပြီး ထွက်သွားတယ်၊ အခုတလော ဖေဖေနဲ့မေမေ ခဏခဏရန်ဖြစ်နေတယ်၊ ငါလည်း နောင်တရပါပြီလွှာရယ်၊ ကြိုးစားပါ့မယ်ဆိုကာမှ ဒဏ်ရာကရလာတယ်"

"ညက် နင်တကယ်ပဲ ကြိုးစားချင်တာလားဟဲ့၊ မာမီကနင့်အတွက် တာဝန်ယူပေးမယ်လို့ပြောတယ်၊ နင်ကြိုးစားပါလားဟာ"

"ငါကြိုးစားတော့မယ် နင့်ကိုကတိပေးပါတယ်လွှာရာ"

"နင်ပြာပြာ့ကို အရယူချင်တယ်မဟုတ်လားညက် ... ပိုပြီးကြိုးစားပြရမယ်လေ ပြာ့အတွက်လို့ စဉ်းစားလိုက်"

နင့်အတွက် စဉ်းစားမယ်ဆိုရင်ရောလွှာ ... လက်ခံမှာလား၊ ငါ့ကိုအထင်သေးလွန်းနေတဲ့ မိန်းမတစ်ယောက်အတွက် ငါဘယ်တော့မှ မကြိုးစားတော့ဘူး။ နင့်အတွက်ပဲ။

"အား ... လွှာ ငါအရမ်းချမ်းလာတယ်၊ ဟီး ... အီး ...





အား"

"ဟဲ့ ... ဘယ်လိုဖြစ်ရပြန်ပြီလဲ နင်ကလဲ တစ်မျိုးပြီးတစ်မျိုး၊ ငါဘာလုပ်ပေးရမလဲ ရေနွေးပူပူလေးသောက်မလား၊ ဒုက္ခပါပဲ"

"ငါ့ကို ဖက်ထားပေးပါလွှာ၊ အရမ်းချမ်းနေတယ် အီး ... ဟီး ဟီး"

"နင်ကလည်းဟာ"

ညက်၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်နေ၍ လွှာစိုးရိမ်တကြီးနှင့် ညက်၏ခန္ဓာကိုယ်အား ဖက်ထားလိုက်သည်။

"ဟား ... ဟား ... ဟား လွှာ နင်အရမ်းတုန်းတာပဲ၊ ငါကနောက်နေတာပါ"

"ဟယ် ... ကောင်စုတ်ညက် တကယ်ပါပဲ ဒါနောက်စရာလားဟဲ့ ... တော်ပြီ ငါပြန်တော့မယ်"

ဖြူစင်တဲ့လွှာ့ကို ညက်မလိမ်ချင်ပေ။

မျက်နှာလေးရဲရဲနှင့် သူ့ကိုထုရိုက်၍ထသည်။

ငါညနေမှ ပြန်လာခဲ့မယ်။ စားစရာတွေ ဝယ်လာမယ်ဆိုပြီး ပြန်သွား၏။ ညက် စိတ်တွေ ရွှင်လန်းတက်ကြွ ပျော်သွားသည်။

ဂု

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဒက်ဒီပြန်လာတော့မည်ဖြစ်၍ လွှာ မပျော်နိုင်။

မာမီပြောတာကတော့ ကိုသတိုးနဲ့စေ့စပ်ရမယ်တဲ့။

လက်ထပ်ဖို့ကိစ္စက အေးအေးဆေးဆေး သမီးဆန္ဒအတိုင်းပဲ ဖြစ်စေရမယ်တဲ့။

ပြာပြာ့ကို ပြောပြလိုက်သည်။

"ငါနဲ့ကိုသတိုး စေ့စပ်တော့မယ် ပြာပြာ နင်ဘယ်လိုလုပ်မှာလဲ၊ ဒက်ဒီပြန်လာတော့မယ်လေ"

"နင်ဘာမှမပူပါနဲ့ ကိုသတိုးကိုငါ ချုပ်ထားနိုင်တယ်၊ နင့်ကို ငြင်းစေရမယ်"

"ဒက်ဒီက အတင်းအကျပ်စီစဉ်ရင် ငါမသိဘူးနော် ..."

"စိတ်ချပါဆိုဟာ"

လွှာကတော့ ညဏ်ကလွဲပြီး ဘယ်သူ့ကိုမှမချစ်နိုင် ...





ကိုသတိုးကိုယ်တိုင်က ပြာပြာ့ကိုစိမ်းနေသည်။

"လွှာ နင်ကိုသတိုးနဲ့ လုံးဝမစေ့စပ်နဲ့နော် အချိန်ဆွဲထားလေဟာ"

"ဒက်ဒီ့ကို မာမီရောငါရော ကြောက်ရတယ်ဟာ၊ ဘယ်လိုလုပ်ရမလဲ"

"နင်တကယ်ပဲ ကိုသတိုးကို မချစ်နိုင်ဘူးလားလွှာ"

"ဟင့်အင်း"

"ညဏ့်ကိုရော"

"ဟာ နင်ကလဲ ညဏ်ကနင့်ကိုချစ်တာပါ"

"နင်ကရော ညဏ့်ကိုချစ်လားလို့ မေးနေတာပါ"

"မသိဘူး"

"အကောင်းဆုံးကလေ နင်ညဏ့်ကို ခိုးပြေးလိုက်"

"ဘာပြောတယ်"

ပြာပြာ နင်ရောညဏ်ရော တကယ့်ကိုအတ္တကြီးတယ်။

ငါ့ကို ဘာထင်နေလဲ။

ညဏ်ကသာ ငါ့ကိုခိုးမယ်ဆိုရင် ငါလိုက်သွားမှာပဲ။

"နင်ညဏ့်အပေါ် သံယောဇဉ်တွယ်နေတယ်ဆိုတာ ငါသိတယ်လွှာ၊ ကြိုးစားလေ ကိုသတိုးကငါ့ကိုယူချင်မှာ မဟုတ်ပါဘူးဟာ၊ နင်ကဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



“တော်ပြီဟာ ကိုသတိုးကိုရအောင်လုပ်ဖို့က နင့်ကိစ္စပဲ ငါနဲ့ မဆိုင်တော့ဘူး”

ဒယ်ဒီ့စကားကို … မာမီရောလွှာရော ငြင်းပယ်ခွင့်မရှိ။

ကိုသတိုးက တောင်းဆိုနေတာလည်း ဖြစ်နိုင်သည်။

စိတ်ရှုပ်လိုက်တာ ဉာဏ်ကတော့ မာမီ့အယောက်အပ့်နှင့် သင်တန်းတွေတက်နေ၏။

ဉာဏ် အရမ်းကြိုးစားနေတာပဲ။

ပြာပြာ့ကိုရဖို့ မဟုတ်လား။

“ပြာပြာကတော့ ကိုသတိုးကိုရဖို့ နည်းမျိုးစုံကြံစည်တော့မယ်၊ ဉာဏ်နင်ကတော့ အစွမ်းကုန်ကြိုးစားနေတာပဲ၊ ကောင်းပါတယ်၊ နင့်ဘဝအတွက်လေ”

လွှာ ခံစားနေရသည်။

အိပ်ယာထဲမှာ တခွေခွေ။

မာမီက ကံကြမ္မာပဲလေတဲ့။

သမီးပညာရေးအတွက် မာမီတိုက်ပွဲဝင်ပေးပါ့မယ်တဲ့။

စေ့စပ်တာက လက်ထပ်တာမှမဟုတ်တာတဲ့။

ဘယ်လိုပဲဖြစ်ဖြစ် လွှာ့မှာ ပိုင်ရှင်ရှိနေတာမျိုး မကြိုက်။

“လွှာကတော့ လွတ်လပ်နေချင်တယ်မာမီ၊ အနှောင်အဖွဲ့ကြီးရှိနေတာကို မကြိုက်ဘူး၊ လူ့အခွင့်အရေးကို ဒီလောက်နားလည်





ပေးနိုင်တဲ့ ဒယ်ဒီကသမီးကို ချုပ်တာလွန်တယ်”

ဒေါ်နော်လီလည်း သမီးကိုချည်နှောင်ထားတာမျိုးမကြိုက်ပါဘူး။

မိမိဘဝမှာလည်း ငယ်ငယ်ရွယ်ရွယ်နှင့် စေ့စပ်ထားခြင်းခံရပြီး လက်ထပ်လိုက်ရတဲ့အဖြစ်။

အချစ်ဆိုတာလည်း မရှိခဲ့ဘဲနှင့်ခံစားမှုကင်းမဲ့စွာ ယောကျ်ားထားရာနေ စေရာသွားခဲ့သည်။

“ကဲပါကွယ် ထ … အိပ်ရာထဲမှာပဲ ခွေမနေနဲ့၊ ဉာဏ့်အတွက် သင်တန်းကြေး သွားပေးပေးစမ်းပါ၊ မာမီ နည်းနည်း နေမကောင်းလို့”

“ဟုတ်”

ဉာဏ့်ဆီသွားဖို့ အခွင့်အရေးကြုံလာ၍ လွှာပျော်သွားရသည်။

“နင်းဆီတို့ အိမ်ထောင်ရေးလည်း မကောင်းဘူးလေ၊ မာမီ ကူညီရမယ်၊ ကိုနန္ဒဖောက်ပြန်နေတယ်၊ ဘယ်သူမှန်းမသိဘူး၊ အပိုဝင်ငွေတွေရတာလည်း နင်းဆီကိုမပေးဘူးတဲ့”

သူမကသိနေသည်။

ပြာပြာ့အမေနဲ့လေ …

လွှာတွေ့ခဲ့တာပဲ ပြောရမှာခက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သိသွားရင် အရမ်းရှက်သွားမှာပဲ ...

"သမီးသွားလိုက် ဉာဏ်တို့ကိုခေါ်ပြီး တစ်ခုခုသွားစားလေ၊ သမီးတို့ သူငယ်ချင်းတွေ မဆုံဖြစ်ကြတာကြာပြီ မဟုတ်လား၊ သမီး ထိုင်းမှိုင်းနေလို့ မဖြစ်ဘူးနော်"

"ဟုတ်"

မာမီက လွှာပျော်စေရန် မုန့်ဖိုးတွေအများကြီးပေးလိုက်သည်။

အန်တီနှင်းဆီကိုပဲ ပေးလိုက်မယ်။

အင်ကြင်းလေး ကျောင်းစရိတ်ကလည်း ရှိနေသေးသည်။

သူမ ရောက်သွားတော့ အန်တီနှင်းဆီပဲ ရှိနေ၏။

ဉာဏ်အရမ်းကြိုးစားနေသည်ဟု အန်တီကပြောသည်။

"လွှာ"

"ရှင်"

"ဉာဏ်လေ အရမ်းကြိုးစားနေတယ်၊ အောင်စာရင်းထွက်တော့မယ်လေ ... ကျေးဇူးတင်ပါတယ် နော်လီရှိလို့ပေါ့"

စကားတွေပြောပြီး အန်တီနှင်းဆီ ငိုနေသည်။

"သားလေးလိမ္မာမှ ဒင်းအဖေကဖောက်ပြန်နေတယ် လွှာရယ် ... အန်တီ့မှာ တိုင်ပင်စရာ သမီးပဲရှိတာ"

"မငိုပါနဲ့ အန်တီရယ်၊ အန်ကယ်နန္ဒဖောက်ပြန်တာ ဟုတ်ပ





လား"

"ဘယ်သူနဲ့မှန်းမသိပေမယ့် ဟုတ်တယ်၊ ခြေလှမ်းအရမ်းကျက်နေတယ်၊ ဉာဏ်လည်းသိသင့်သလောက်သိတယ်၊ အတီအကျကြီးဖြစ်အောင်တော့ အန်တီ မစုံစမ်းဘူး သားကြောင့်လေ"

ပြာပြာ့အမေနှင့်နှင့်အဖေ ဖောက်ပြန်နေတာသိရင် နင်ရူးသွားလိမ့်မယ် ဉာဏ်။

လွှာတားဆီးပေးချင်တယ်။

သူငယ်ချင်း ယောကျ်ားလေ။

ပြီးတော့လည်း သမီးသူငယ်ချင်းရဲ့အဖေ။

"ဉာဏ်ပြန်လာတော့မယ်လွှာ၊ သမီးခဏစောင့်နော်၊ အန်တီ ညစာအတွက် ဈေးသွားဝယ်ဦးမယ်၊ အခုတလော ပွဲမဖြစ်ဘူး၊ ဟင်းချက်ဖို့တောင်မရှိတာ သမီးအပိုပေးလို့ ညစာစီစဉ်ရမယ်၊ သား သမီးတွေကို စိတ်အားမငယ်စေချင်တာပါ"

ဉာဏ့်အမေ ထွက်သွားသည်။

ပြာပြာတို့ သားအမိကြောင့် ဉာဏ်ရော အန်တီနှင်းဆီပါ ဒုက္ခသောကတွေ ခံစားနေရတာပဲ။

ပြာပြာ နင့်အမေ ဘာတွေလုပ်နေလဲဆိုတော့လည်း သူ့ဟာသူ ဘာပဲလုပ်လုပ်တဲ့ စိတ်မဝင်စားဘူးတဲ့။

ငါ့အတွက်အသုံးစရိတ်ရရင် ပြီးတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာလည်း သိပ်ပြီးသိပုံမရပေ။

ဉာဏ် ပြန်လာသည်။

"မေ့မေရော လွှာ၊ နင်ဘယ်တုန်းကရောက်နေတာလဲ"

"စောစောကပဲလေ မာမီကနင့်အတွက် သင်တန်းကြေးလာ

ပေးခိုင်းလို့"

ငွေကြေးချမ်းသာပေမယ့် မာနမရှိပဲ သူတို့မိသားစုအပေ

သံယောဇဉ်ကြီးတဲ့ ပန်းနုလွှာပါ။

သူ မှားသွားတယ်။

ပြာပြာ့ကို ချစ်မိနေခဲ့တာလေ။

ဒါပေမယ့် … လွှာရယ် နင်နဲ့ငါ မတန်ဘူးလို့ အရင်ထဲ

ထင်ထားခဲ့မှာပါ။

"ဉာဏ်"

"ဟင်"

"ငါနဲ့ကိုသတိုးစေ့စပ်ရတော့မယ်၊ ဒက်ဒီပြန်လာရင်ပေ

အချစ်မပါပဲနဲ့တော့ ယောကျ်ားတစ်ယောက်ကို မယူချင်ပါဘူး"

"စေ့စပ်တာပဲဟာ ကိုသတိုးမှာက ငြင်းပယ်စရာအကြောင်း

လည်းမရှိဘူးထင်တယ်"

"ကောင်စုတ်ဉာဏ် အတ္တကြီးတယ်၊ နင့်အချစ်ပြာပြာနဲ့ လွှာ

ရင်ပြီးရော မဟုတ်လား"





လွှာ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်လာသဖြင့်

ဉာဏ်စိတ်ထိခိုက်မိသည်။

နင့်အတွက်ပါ လွှာ။

ပြာပြာ့ကြောင့် … မဟုတ်ပါဘူး။

ငါ့ရင်ထဲမှာ ပြာပြာဆိုတာ မရှိတော့ဘူး။

လွှာပဲ ရှိတယ်။

"နင်ကအဲဒီအတွက် စိတ်ညစ်နေတာလား … အရမ်းရယ်ရ

တယ်ဟာ၊ အချစ်ကိုမခံစားချင်ပါနဲ့၊ ငါ့ကိုပဲကြည့်လေ"

ဉာဏ်တို့မိသားစု အခြေအနေကလည်း ပို၍ချွတ်ခြုံကျလာ

သည်။

ဖေဖေ့သတင်း သဲ့သဲ့ကြားရတာက ဖေဖေရှုပ်နေတယ်တဲ့။

နင်တို့ဘဝနဲ့ တခြားစီပဲလွှာ။

နာမည်ပျက်တွေနဲ့ပါ။

"ဉာဏ်တို့ အပြင်ထွက်ကြမလား … နင် ငိုတော့မယ်ထင်

တယ်၊ မေမေပြန်လာတာနဲ့ တို့နှစ်ယောက် အပြင်ထွက်မယ် နင်

သွားလေ"

"တကယ်လိုက်စားမှာလား ဉာဏ်"

"စားမယ်"

"ဟယ် … မာမီကလည်းပြောတယ် … စိတ်ညစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



မရှာဘူးတဲ့"

လွှာ့ကို ပျော်စေချင်မိသည်။

သူ့အမြဲတမ်း အနိုင်ကျင့်လာခဲ့တဲ့ မိန်းကလေးပါ။

ကိုသတိုးနှင့် စေ့စပ်တော့မယ်ဆိုတော့လည်း ညက်အသည်း တွေကွဲအက်သွားတာ လွှာမသိလို့ပါ။

ကိုသတိုးနှင့် စေ့စပ်ပြီးလျှင် သူပိုင်ဆိုင်ခွင့်မရှိနိုင်တော့။

ချစ်ရတဲ့လွှာနှင့်လည်း ချစ်ချင်သည်။

မေမေပြန်လာတော့ ပြောပြီးအပြင်ထွက်ခဲ့ကြ၏။

ညက်ကိုလွှာက ကားမောင်းသင်မလားတဲ့ ကားမောင်း တတ်တာလည်း ပညာတစ်ခုဟု ပြောသည်။

"လွှာသင်ပေးမယ်လေ ... ညဘက်ဆိုရင် လူရှင်းတယ် ရွှေညက် နင်ကားမောင်းတတ်တော့လည်း ဒရိုင်ဘာလုပ်မှာ့ _ ရွှေမင်းသမီး ပြာပြာ့ဆီမှာလေ"

"လွှာတို့ အိမ်မှာဆိုရင်တော့သင်မယ်"

"အမယ်လေး ရွှေညက်ရယ်၊ မခိုင်းရက်ပါဘူး ငါတို့အိမ်က လူတွေအားလုံး ကားမောင်းတတ်တာပဲ၊ ညီပြာညက်ရဲ့ အပါးတော် မြဲ ကိုယ်ရံတော်တပ်မှူးလေး လုပ်ဖို့သာ စဉ်းစားပါ"

"တော်ပါတော့ လွှာ"

ထိန်းချုပ်ထားတဲ့ သူ့စိတ်တွေလွှတ်သွားရသည်။





လွှာ့ကိုယ်လေးကို ဆတ်ခနဲဆွဲယူ ပွေ့ဖက်ထားမိ၏။

လွှာက မရုန်း။

"ငါ ပြာပြာမဟုတ်ဘူးနော် ရွှေညက်၊ ဘာလုပ်မလို့လဲ ... လွှတ်လေ"

ရုန်းလည်းမရုန်းပဲနဲ့ လွှတ်လေဟုပြောနေသည်။

သူကလဲ မလွှတ်။

မထင်မှတ်ပဲ လွှာ့ကိုသူနမ်းမိသွား၏။

လွှာ့ကိုချစ်တယ်ဟု ပြောမထွက်။

ညက်တော်တော် အသုံးမကျတဲ့ကောင်ပဲ။

လွှာ့ကို အနိုင်ကျင့်မိပြန်ပြီ။

"ဖယ်နော်ညက်၊ တကယ်ပါပဲ အရူးလိုကောင်"

သူလွှတ်ပေးလိုက်သည်။

ငါ့ဘက်ကဘာပဲလုပ်လုပ် ခွင့်ပြုမယ်ဆိုတာ သိနေပါတယ် ...

ဒါပေမယ့် ...

မလုပ်သင့်ဘူးလို့ထင်တယ်။

နင့်ကိုအရ မယူရက်ဘူး။

နင်ဒုက္ခရောက်မှာ စိုးရိမ်တယ်။

နင့်ရဲ့လှပခမ်းနားတဲ့အနာဂတ်တွေကို ငါမဖျက်ဆီးရက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"Sorry လွှာ၊ ငါ့စိတ်တွေက ပြာပြာ့အကြောင်းကြားရရင် ပေါက်ကွဲချင်တယ်၊ ပြာပြာအမှတ်နဲ့ပါ"

လွှာကားကို ဆက်မောင်း၍မရတော့။

လက်တွေ တဆတ်ဆတ်တုန်ရီနေရင်း ဒေါသတွေလည်း ဖြစ်ရသည်။

ပြာပြာအမှတ်နဲ့ပါတဲ့။

လုပ်ချင်တာလုပ်တယ်။

ပြောချင်တာတွေပြောတယ်။

ငါကရော နင်လုပ်သမျှဘာဖြစ်လို့များ စိတ်မဆိုးရတာလဲ၊

ခွင့်လွှတ်နေမိရတာလဲ။

"လွှာ နင်ပေးတဲ့အပြစ်ကိုငါခံပါ့မယ်၊ နင်သတ်မယ်ဆိုရင်လည်း ငါသေမယ်၊ လုပ်ချင်တာလုပ်ပါ၊ နင့်ကိုငါစော်ကားမိသွားတယ်၊ ငါချစ်တာပြာပြာပါ"

"လူယုတ်မာ ခွေး ... နင် ... နင် လူမဟုတ်ဘူး၊ ကားပေါ်ကနေဆင်း ငါမှားတာ၊ ငါပျော့ညံ့တာ၊ ငါနဲ့ထိုက်တန်တာ ကိုသတိုးလေ၊ နင့်ချစ်သူလည်း မဟုတ်ပဲနဲ့ ... နင်ဘာဖြစ်လို့ နမ်းရတာလဲ ကားပေါ်ကဆင်း နင်နဲ့ဘယ်တော့မှ မပတ်သက်တော့ဘူး ..."

ညဏ်ကတောင်းပန်ပြီး ကားပေါ်ကဆင်းသွားသည်။

လွှာလည်း ဒေါသဖြစ်ဖြစ်နှင့် ကားကိုမောင်းထွက်လာမိပြီး





ကောင် လမ်းမကြီးပေါ်မှာ မှောင်မှောင်မဲမဲနှင့် အရက်တွေ သောက်နေရင် ခက်မယ်။

စိတ်ကပူပြီး ကားကရပ်သွားသည်။

"နင် ... နင် ငါ့ကိုချစ်တယ်လို့ပြောဖို့ ... ဒီလောက်အထိ န်လေးနေရလား ... ညဏ် ဘာဖြစ်လို့လဲ၊ ငါကပြာပြာ့ထက်မသာ ာ ဘာရှိလို့လဲ၊ ငါလည်းချောတာပဲ မပြင်မဆင်လို့ဟဲ့"

ညဏ်လိမ္မာနေပြီးမှ လွှာ ဥပေက္ခာမပြုနိုင်ဘူး။

သူ ပြာပြာ့ကို အရူးအမူးချစ်နေတာလည်း လွှာသိနေတာပဲ။

တစ်သက်လုံး ခွင့်လွှတ် သည်းခံလာပြီးမှတော့ ကားကို နောက်ကြောင်းပြန်ကွေ့လိုက်သည်။

ညဏ်က ဘတ်စ်ကားမှတ်တိုင်ရဲ့အမိုးအောက်က ကျောက် မှာ တစ်ယောက်ထဲ ထိုင်နေ၏။

သူမကားလေးက သူ့အနားမှာ ထိုးရပ်သွားသည်။

"ရွှေညဏ် လာ ပြန်တက် ... နင့်ကို ပြန်ပို့ပေးမယ်"

"ရပါတယ် ... နင်ပြန်တော့ ငါကယောကျ်ားလေးပဲ မပူနဲ့ ဘတ်စ်ကားစီးပြီး ပြန်မယ်"

"လာစမ်းပါ ကားပေါ်ပြန်တက်၊ နင်လည်းဘာမှမစားရသေး ဘူးမဟုတ်လား၊ ငါလည်းမစားရသေးဘူး ဆာနေပြီ သွားစားကြ မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် လွှာကပဲအလျှော့ပေးကာ ညာဏ့်လက်မောင်းကို အတင်းဆွဲထူပစ်သည်။

"နင် လွှာ့ကို တစ်သက်လုံးအနိုင်ကျင့်ပါ၊ လွှာကလည်း စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ကိုသတိုးနဲ့စေ့စပ်ပြီးရင် လွှာလည်း နိုင်ငံခြားကို ဒယ်ဒီနဲ့လိုက်သွားရမှာမို့ နင့်ရဲ့အနိုင်ကျင့်တာတွေကို ခံရမှာ မဟုတ်တော့ဘူးလေ … ငယ်ဘဝဖြတ်သန်းလာခဲ့ရတဲ့ လွမ်းဆွတ်တမ်းတဖွယ် အမှတ်တရလေးအဖြစ် သိမ်းထားပါ့မယ်"

လွှာ့လက်ကလေးကို ညာဏ်တင်းတင်းလေးပြန်၍ ဆုပ်ကိုင်ထားမိသည်။

ညာဏ်ဆိုတဲ့ အသုံးမကျတဲ့ကောင်ကို သံယောဇဉ်ဖြတ်ပစ်လိုက်ပါတော့ ပန်းနုလွှာရယ် …

နင့်ဘဝအတွက် ဘယ်လိုမှ ဂုဏ်ကျက်သရေ မတိုးနိုင်တဲ့ကောင်ပါ။

ညာဏ်အခုမှ နောင်တတွေ ရနေပါတယ်။

ပြာပြာ့ထက် လွှာက သူ့နှလုံးသားထဲ နက်နက်ရှိုင်းရှိုင်း တိုးဝင်ချစ်မိသွားရတဲ့ ချစ်သူဖြစ်နေသည်။

က

အခန်း ( ၁၆ )

"လွှာက ကိုကို့ကို မချစ်ဘူး၊ လွှာချစ်နေတာ ညာဏ်လေ"

"ဘာပြောတယ် ပြာပြာ၊ မဖြစ်နိုင်တာဘဲ ညာဏ့်လိုကောင်လေးက ဘာအသုံးကျလို့လဲ အရည်အချင်းလည်းမရှိဘူး … လွှာ့လို မိန်းကလေးတစ်ယောက်က မဖြစ်နိုင်ဘူး၊ မင်းရော ညာဏ့်ဆိုရင် ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ် ရွေးချယ်မလား … ပြော"

"မရွေးချယ်ပါဘူး ပြာပြာက ချမ်းသာချင်တာလေ၊ ဒီကောင်ကပြာပြာ့ကို အသေကြိုက်တာ လုံးဝအနားတောင် အကပ်မခံဘူး"

လွှာလွှာက ညာဏ်ဆိုတဲ့အသုံးမကျတဲ့ကောင်ကို ရွေးပါ့မလား။

မဖြစ်နိုင်တာပဲ သူချစ်တာက လွှာလေးပဲ။

ပြာပြာ့ကိုတော့ ငယ်ရွယ်တဲ့ မိန်းကလေးဖြစ်နေတဲ့အပြင် သူ့ကိုအမိဖမ်းမှာလည်း ကြောက်၍ ပြဿနာမရှာအောင် အလိုက်



www.burmeseclassic.com

www.burmeseclassic.com



အထိုက်စောင့်ရှောက်ပေးနေခြင်းဖြစ်သည်။

"လွှာကတော့ ပြာပြာနဲ့ စိတ်ချင်းလုံးဝမတူဘူးကိုကို၊ စိတ်နုတယ် ညာဏ်တို့မိသားစုအပေါ် သံယောဇဉ်ရှိတယ်၊ ညာဏ်မှညာဏ်ပဲ"

ပြာပြာကတော့ ကိုကို့စိတ်တွေ ယိမ်းယိုင်တွေဝေသွားစေရန် ချွန်တွန်းလုပ်ပစ်နေသည်။

ပြာပြာ့ဘဝမှာ ကိုကို့ကို ဖြားယောင်းသိမ်းသွင်းနိုင်ဖို့က အဓိကပဲ။

အရှက်မရှိလို့ မဟုတ်ပါဘူး ...

တခြားရွေးချယ်စရာ မရှိတော့လို့ ...

"ပြာပြာ သက်သေပြမယ်လေ၊ လိုက်ခဲ့ ..."

"ဘယ်ကိုလဲ ပြာပြာ"

"တစ်နေရာရာကိုပေါ့"

ပြာပြာခေါ်ဆောင်ရာနောက်သို့ သူလိုက်လာခဲ့ရသည်။

လမ်းဘေးအမှောင်အောက်မှာ ... ကားလေးတစ်စီးရပ်ထား၏။

မီးရောင်အောက်မှာ ကောင်လေးနဲ့ ကောင်မလေး တစ်ယောက် လက်ချင်းတွဲလျက် ရပ်နေသည်။

"တွေ့လား ညာဏ်နဲ့လွှာလွှာ ဘယ်လောက်ချစ်ကြလဲ"





"ဟုတ်တယ် လွှာလွှာပဲ ... ကားကိုဆက်မောင်း ပြာပြာ"

"တွေ့ပြီမဟုတ်လား ကိုကို"

သတိုး အတော်လေး စိတ်ထိခိုက် ကြေကွဲနေရသည်။

လွှာလေးရယ် မင်းကိုလည်း ကိုကို မပြစ်မတင်ချင်ပါဘူးကွာ။

"ဘယ်လိုလဲကိုကို အရမ်းကြေကွဲရပြီလား"

သူကလွှာ့ရဲ့ ဒက်ဒီ့ဆီမှာ တောင်းဆိုခဲ့တာပါ။

သူ့ဘဝမှာ သက်တူရွယ်တူ ဂုဏ်ရည်တူတဲ့ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည် နေတဲ့ကြားမှ လွှာ့ကိုမြင်မြင်ချင်းပဲ ချစ်မိသွားရသည်။

သတိုးဒက်ဒီရဲ့ကျေးဇူးတွေ မကင်းသောကြောင့် လွှာ့ဒက်ဒီ လက်ခံလိုက်ရ၏။

သူ့မိဘတွေအရှိန်အဝါနှင့် အကြပ်ကိုင်အရယူဖို့ ကြိုးစားခဲ့တာပါ။

"ကိုကို"

"ဟင်"

"စိတ်ညစ်သွားပြီလား၊ ကိုကို့ကိုမချစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ဘဝတစ်သက်လုံး လက်တွဲမှာလား၊ ပြာပြာက ကိုကို့ကို အရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြာပြာ"

"ကိုကို"

"ပြန်ကြမယ်"

"ကိုကိုကလည်း ပြာပြာနဲ့အချိန်တွေကို ဖြုန်းစမ်းပါ၊ ကိုကို ပျော်ချင်လားဟင် ကလပ်သွားမလား"

"ဟင့်အင်း ကိုကိုမသွားဘူး၊ ဝါသနာလည်းမပါဘူး၊ ပြန်ကြမယ်ပြာပြာ"

"ကိုကို ... ဘာဖြစ်နေတာလဲ၊ ပြာပြာ့ကိုအထင်သေးနေတာလား၊ အဆင့်မရှိတဲ့ကောင်မလေးဆိုပြီး အထင်သေးချင်တာလား"

"ကိုကိုတောင်းပန်ပါတယ် ပြာပြာ၊ မင်းလိုအပ်တာတွေကို ကိုယ်ဝယ်ပေးမယ်၊ ပြာပြာနဲ့တော့မဖြစ်ဘူး ကိုကိုပြန်ပို့ပေးမယ် နော်"

"မပြန်ဘူးကွာ"

"ပြာပြာ မင်းဘာလိုလဲပြော၊ ကိုကို့ကို ဒီအဆင့်ထက်ပိုပြီးတော့ မမျှော်လင့်နဲ့"

ကိုကိုက အတင်းပြန်သည်။

ပြာပြာ့ကိုတော့ အသုံးစရိတ် ပေးခဲ့ပါရဲ့။

ဘာလုပ်ရမှာလဲ။

ဖိုးလပြည့်စာပေ



အသုံးမကျတဲ့ ပြာပြာ့ဘဝ ...

ကိုကို အရမ်းရက်စက်တယ်။

သူမအား အဖက်အတန်သလိုလို လုပ်တဲ့ကိုကို့ကို ပြာပြာ ဒေါသထွက်မိသည်။

"ရှင်ကြီးတစ်နေ့သိမယ်၊ ပြာပြာ့ကို ဘာအောင်းမေ့နေလဲ"

သူမအိမ်ပြန်ရောက်လာတော့ မေမေကအလှအပတွေ ပြင်နေသည်။

"ဒါကဘယ်သွားမလို့လဲ မေမေ၊ သမီးကို ဒီလောက်အထိ စိတ်ချနေတာလား"

"ပြာ သမီးလေး ... မေမေပွဲရှိလို့ပါ၊ သမီးလေးပြာ ဘာလိုချင်လဲပြော"

"ပြာ ဘာလိုအပ်နေလဲဆိုတာ မေမေ မသိဘူးလား"

"သမီးလေး ပြောလေ"

"နိမ့်ကျလွန်းတဲ့ ကျွန်မဘဝကို မြင့်တင်ချင်တယ် ... မိုးထိအောင်လေ မေမေဘာလုပ်ပေးမလဲ"

ဒေါ်ကြည်ပြာလည်း သမီးညိုပြာညက်အတွက် အစွမ်းကုန် လုပ်ဆောင်ပေးခဲ့တာပဲ။

ဘဝက မြင့်တက်မလာခဲ့ဘူး။

မိမိအပြစ်တွေပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်တော့ဘူးလေ။

နစ်သွားပြီ အစွန်းဆုံးပဲ မဟာအဝီစိအထိ။

"မေမေ ..."

"မအော်နဲ့ပြာပြာ၊ ပတ်ဝန်းကျင်ရှိတယ်၊ သမီးလိုအပ်တာက မိုးအထိဖြစ်နေရင် မေမေ မတတ်နိုင်ဘူးနော်"

"မေမေရယ် သမီးကိုနည်းနည်းလေး ဂရုစိုက်ပါဦး"

"နွံထဲနစ်ခဲ့ရတာဟဲ့၊ ကျေးဇူးမကန်းနဲ့"

ပြာပြာ ငိုပစ်ချင်သည်။

ရတာမလို ... ပြာလိုအပ်နေတာ မရနိုင်တဲ့ဘဝ ပြာပြာ့မှာ ဘာဂုဏ်ဒြပ်မှ မရှိဘူး။

အဖေမဲ့ အမေက ပျော်သလိုနေတယ်။

ပြီးတော့ ပြာ့ကိုပုံချမယ်။

တာဝန်က ဘယ်သူ့မှာရှိနေတာလဲ။

"ညည်း အတွင်းကနေ တံခါးပိတ်ထား၊ တို့အိမ်ကလုံတယ်၊ ညည်းဖွင့်မပေးရင် ဘယ်သူမှဝင်လာလို့မရဘူး၊ မေမေ ညဉ့်မနက်ဘူး ပြန်လာမယ်"

မေမေ့ကို ပြောမနေချင်တော့ ဘာထူးမှာလဲ။

ပြာပြာက အသုံးမကျတဲ့သမီး ဖြစ်ရသေးသည်။

စိတ်ညစ်တယ် ...





ပြာပြာလည်း အပြင်ထွက်လည်ရင် ကောင်းမလားပဲ။

အဖော်မရှိရင်လည်း ဉာဏ်ကိုခေါ်သွားမယ်။

"တော်ပါပြီ ဒီကောင်နဲ့တော့ မတွဲချင်ပါဘူး ... ဉာဏ်က အတည်ယူနေမှာ နင့်ကိုတော့ငါ ဘယ်တော့မှမရွေးချယ်ဘူးဉာဏ်၊ နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်တော့၊ ဘာလုပ်ရမှာလဲဟဲ့"

မေမေက စောစောပြန်လာခဲ့မယ် ... ဘယ်မှမသွားနဲ့ဟု မှာပြီး ထွက်သွားသည်။

ပြာပြာတစ်ယောက်ထဲ ကျန်ရစ်ခဲ့၏။

ကိုကို့ဆီဖုန်းဆက်တော့ မကိုင်ပေ။

ရှင်ကြီးက ကျွန်မကို မတူမတန်ဘူး ထင်နေတာပေါ့လေ။

မုန်းစရာကောင်းလိုက်တာ။

လွှာ့ဆီ ဖုန်းဆက်သည်။

"လွှာ ... ကံကောင်းသူကြီး၊ နင့်ကို အရမ်းအားကျတယ်သိလား"

"ဘာဖြစ်နေတာလဲ ပြာပြာ"

"နင် အိမ်ရောက်ပြီလား"

"မရောက်သေးဘူး"

"ဉာဏ်နဲ့လား"

"အင်း ... ဒါပေမယ့် ငါတို့ကရိုးရိုးသားသားနော်၊ နင်သိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ငါ ကိုသတိုးနဲ့ စေ့စပ်ရတော့မယ်ဆိုတော့ အရမ်းစိတ်ညစ်နေလို့လေ၊ မေမေက အပြင်ကားမောင်းထွက်လေ့ကျင့်ခိုင်းလို့ ညဏ်ကိုအဖော်ခေါ်ခဲ့တာပါ"

"ဘာရိုးသားတာလဲ နင်တို့နှစ်ယောက် ကားတစ်စီးနဲ့ အမှောင်ထဲမှာလေ၊ မပြောလိုက်ချင်ဘူး ငါတွေ့တယ်"

"ဟင် ... နင် ... နင် ကိုသတိုးကို ခေါ်လာခဲ့တာမဟုတ်လား"

"အင်း"

"ကောင်းတာပဲ"

လွှာလွှာကို ပြာပြာ မနာလိုဖြစ်နေမိသည်။

နင် ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ အပြောင်းအလဲမြန်တဲ့ကောင်ပဲ။

စိတ်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲချင်နေ၏။

နှောက်ယှက်ချင်တဲ့စိတ်တွေ ဖြစ်လာရသည်။

"လွှာ"

"ပြော"

"ညဏ်ကို ဖုန်းပေးလိုက်"

"အေး"

ညဏ်က ဖုန်းကိုပြောင်းကိုင်ပြီး ဟဲလိုဟု ... အေးစက်စက်





ဖြေသည်။

"ညဏ် နင်ဇလာခဲ့ ပြာတစ်ယောက်ထဲ အရမ်းပျင်းနေလို့ အိမ်ကိုလာခဲ့မလား မေမေကညဉ့်နက်မှာ"

"ကိုယ်မလာတော့ဘူး ပြာပြာ၊ ညဏ်က နင်အပျင်းပြေဆော့ကစားလို့ရတဲ့ သံပတ်စက်ရုပ်မဟုတ်ဘူးနော်"

"ဘာပြောတယ် နင်ကအပြောင်းအလဲမြန်လိုက်တာ၊ ခုချက်ချင်း လွှာ့ဆီပြောင်းသွားပြီလား နင်ပဲ ငါ့ကိုရူးမတတ်ချစ်တယ်ဆိုတာနဲ့ ... သစ္စာမရှိတဲ့ကောင်"

ညဏ် ဖုန်းပိတ်ပစ်လိုက်သည်။

လွှာက မျက်လုံးပြူးလေးနှင့် ပြာပြာ ဘာဖြစ်နေတာလဲဟု မေးနေ၏။

ညဏ် မဖြေချင်။

ပြာပြာ စိတ်ပုတ်လွန်းသည်။

"နင့်ကိုခေါ်တာလားဟင် ... ညဏ်"

"အင်း"

"သွားလေ နင်သွားချင်တယ်မဟုတ်လား၊ ငါ့ကိုအားမနာနဲ့ ညဏ်၊ ပြာပြာ့ကို နင်ချစ်တာမဟုတ်လား"

"ပြန်မယ်လွှာ"

ပြာပြာတစ်ယောက် မနာလိုဖြစ်ပြီး ညဏ့်ကိုခေါ်တာ ...



www.burmeseclassic.com

www.burmeseclassic.com



လှှာလည်းသိသည်။

ကိုသတိုးကိုလည်း ခေါ်လာပြခဲ့၏။

ပြဿနာတော့ တက်ပြီ။

လှှာနဲ့ညဏ်က ချစ်သူတွေမှမဟုတ်ကြသေးတာ။

"လှှာ"

"ဟင်"

"နင့်ခေါင်းထဲမှာ ဘာမှမထားနဲ့နော်၊ ညဏ် အတွက်ကြီး
စဉ်းစားမနေနဲ့ဦး၊ အဓိက လှှာအဆင်ပြေဖို့ပဲ၊ ကိုယ်ပြာပြာ့ကို မ
တော့ဘူး၊ ကိုယ့်ဘ၀အတွက် ကိုယ့်မိသားစုအတွက် သားကြီး
ဦးစားပေး စဉ်းစားရမယ်"

"ညဏ်ရယ် နင့်မှာအဲဒီလိုဆန္ဒတွေ ဖြစ်လာတာ လှှာ အရ
၀မ်းသာတာပဲ၊ ဘာပဲဖြစ်ဖြစ်လေ နင်မှန်တယ်၊ တစ်နေ့ကျရင် နင်
ချင်တဲ့ ဆန္ဒတွေဖြစ်ရမယ် သေချာတယ်"

သူ လှှာ့ကို စူးစူးစိုက်စိုက်လေး ကြည့်မိနေသည်။

တန်ဖိုးရှိတဲ့ မိန်းကလေး လှှာ့မျက်နှာလေးကပြုံးနေ၏

ညဏ်ကောင်းစားမှာကို လှှာကပဲ အလိုလားဆုံးဖြစ်သည်

"သွားတော့လှှာ ငါဘတ်စ်ကားစီးပြီးပြန်မယ်၊ စိတ်မပူ
ငါက ဘ၀သမား"

"နင်တစ်ယောက်ထဲ စိတ်မချဘူး၊ ရန်ဖြစ်နေဦးမယ်၊ ကာ





ါတက်ပါ ငါလိုက်ပို့ပေးမယ်"

"သွားပါဟာ နင့်ဟာနင် ငါတစ်ယောက်ထဲနေခဲ့ချင်လို့"

"ပြီးရော ရန်မဖြစ်နဲ့တော့နော်၊ သည်းခံလိုက်ပါ နင့်မိဘတွေ
တွက် စဉ်းစားနော်ညဏ် ... နင့်အမေလေ အရမ်းစိတ်ထိခိုက်
ကြွကွဲနေရတယ်၊ နင်ကသားကြီး ... လိမ္မာစမ်းပါ"

"ကဲ သွားပါတော့ ဆရာမကြီးရယ်၊ ဆုံးမစကားတွေက
ဆက်မပြတ်တော့ပါလား၊ စိတ်ချသွားပါ၊ အစ်မကြီးလှှာ ပြောတဲ့
တိုင်းနေထိုင်ပါ့မယ်"

"စေတနာနဲ့နော် ... ဟွန်း"

ညဏ် ရယ်မောနေသည်။

လှှာကတော့ စိတ်မချပေမယ့်လည်း ပြန်လာခဲ့ရ၏။

အိမ်ရောက်တော့ ကိုသတိုးက ရောက်နေသည်။

"လှှာ ... ကားလျှောက်မောင်းနေတာဆို ညဏ်နဲ့လား"

"ဟုတ်တယ်လေ ကိုသတိုးရော ပြာပြာ့ကို ဘယ်မှာထားခဲ့
ဟင်"

"အဟက်"

"ဘာရယ်တာလဲ"

"မင်းသူငယ်ချင်း ပြာပြာ့ကို ကိုယ်ကကြိုက်မယ်ထင်လား၊
သူအနေနဲ့လည်း တွဲနေမယ်မထင်နဲ့နော်၊ မင်းနဲ့ညဏ်သော့လို



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ”

တကယ်ပါပဲ ...

ကိုသတိုးက ပြာပြာကို မချစ်ပေ။

သေချာပါတယ်။

လွှာ့ကိုပဲ အရယူတော့မယ်ထင်တယ်။

“လွှာ”

“ရှင်”

“အပြင်သွားမယ်”

“လွှာ အခုပဲပြန်လာတာလေ”

“ကိုကိုနဲ့မှ မဟုတ်တာ”

“ဟာ ... ပင်ပန်းနေပြီ အိမ်မှာပဲစကားပြောလေ”

“ဘာဖြစ်လို့လဲ ညဏ်တွေ့သွားမှာ ကြောက်လို့လား”

ကိုသတိုးကို မော့ကြည့်မိသည်။

ညဏ်နဲ့စွပ်စွဲနေတာလား။

လွှာ စိတ်ညစ်နေမိ၏။

ကိုသတိုးအပေါ် မိတ်ဆွေတစ်ယောက်အနေနှင့်ပဲ သံယော

ဇဉ် တွယ်မိနေသည်။

“မင်းနဲ့ညဏ်”

“လွှာမစဉ်းစားသေးပါဘူး၊ လွှာတို့ ပညာဆက်သင်ရဦးမေ





ိုကို့လို အရွယ်ဆိုမှ”

“လွှာဘာဖြစ်လို့ ရှက်နေတာလဲ၊ အမှောင်ထဲမှာ ငယ်ရွယ်တဲ့

ောင်လေးနဲ့ကောင်မလေး အချစ်အကြောင်းမဆွေးနွေးကြဘူး

ဲ့လား”

“တော်ပါတော့ကိုကို ... ပြောချင်တာဘာလဲ ပြောပါ၊ ညဏ်

လွှာက ငယ်ငယ်လေးထဲက ဒီအတိုင်းပဲနေထိုင်လာခဲ့ကြတာပါ၊

ာချင်းကလဲ သူငယ်ချင်းတွေလေ”

လွှာ့စိတ်တွေက သူ့ဆီမှာ ရှိမနေနိုင်ကြောင်း သတိုးသိနေ

ည်။

သတိုးနဲ့ဆို အပြင်သွားဖို့ အကြောင်းအမျိုးမျိုးပြပြီး ငြင်းဆန်

တတ်၏။

သတိုးကလည်း မကြီးမငယ်နှင့် ချစ်စကားပြောရမယ်ဆို

ာ့လည်း ရှက်နေသည်။

“ကိုကို့မှာ ပြောစရာတွေတော့ အများကြီးရှိတယ် လွှာလေး

ယ်၊ ဒါပေမယ့် မပြောတော့ဘူး၊ ဘာပြောချင်နေလည်းဆိုတာ လွှာ

း စဉ်းစားကြည့် ကိုကိုပြန်မယ် ... လွှာလေး နားတော့”

“အင်း”

လွှာက မတားပေ။

သူရှိနေတာပင် စိတ်ပျက်နေပုံပင် ...



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်သင့်ပြီ။

ကိုကိုတော့ ဆွေးပြီ။

ပန်းနုလွှာ မင်းမျက်နှာလေး ပျက်နေတာ ငိုတော့မလိုပဲ

သူကလဲ လွှာလေးကိုချစ်မိနေသည်။

လူငယ်တစ်ယောက်နဲ့ ပြိုင်ပြီးလုလို့ ဖြစ်နိုင်မလား ... သူ

ရှုံးဖို့ သေချာနေ၏။

ဉာဏ်ချစ်တာ ပြာပြာနော်ဟုပြောတော့ လွှာက. သိပါတယ်

ဆိုပြီး အပေါ်ထပ်သို့တက်သွားသည်။

ခန်း ( ၁၇ )

"ရှင်ဘာတွေဖြစ်နေတာလဲ၊ ကျွန်မကိုပြောစမ်း၊ ရှင် မိန်းမ

စ်ယောက်နဲ့ တွဲနေတယ်ဆိုတာ သတင်းတွေပြန့်နေပြီ ကျွန်မတို့

ရှင်းမယ်"

"မိန်းမ ကျေးရူးပြုပြီး ကိုယ့်ကိုစိတ်ညစ်စရာတွေ မပြောပါနဲ့

ကွာ၊ ဟုတ်တယ် ကိုယ်မှားသွားတယ်၊ မင်း ခွင့်မလွှတ်နိုင်ဘူး

တ်လား"

"ဘယ်သူနဲ့လဲပြော"

"မင်းသိတော့ရော ဘာထူးမှာလဲ ... မသိချင်နဲ့တော့"

"ဒီမှာ ... ရှင်ကနောက်မိန်းမတစ်ယောက်နဲ့ ဖောက်ပြန်ရ

င် လုပ်ငန်းရှင်သူဌေးကြီးလား၊ ပိုက်ဆံတွေ ဘယ်လောက်ချမ်း

နေလို့လဲ၊ မိသားစုတာဝန်ကို ရှင်ဘယ်လောက်ကျေလဲ"

"မင်းကြောင့်ပဲ ယောကျ်ားကို အမြဲတမ်း ဆူပူပြောဆိုနေလို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကိုယ့်ကိုချော့မြှူပြုစုတဲ့ မိန်းမနဲ့တွေ့တော့ သာယာမိတာပဲ"

"ဩော် ... ရှင်ဖောက်ပြန်တာ ကျွန်မအပြစ်လား ... ပြော

စမ်းပါ၊ ကျွန်မမှာ အကြွေးပတ်ချာဝိုင်းပြီး ဘဝကိုရုန်းကန်နေခဲ့ရတာ

ပဲ၊ ဖောက်ပြန်ချင်တဲ့ယောကျ်ားက ဖောက်ပြန်တာပဲ၊ မဖောက်ပြ

တဲ့ယောကျ်ားက မဖောက်ပြန်ဘူး၊ နော်လို့ယောကျ်ားကိုကြည့်"

"မင်း အဲဒီလိုနှိုင်းယှဉ်ပြီး ကိုယ့်ကိုအထင်သေးစကားပြော

နေတာကိုက စိတ်ပျက်တယ်၊ မင်းကွာချင်လား ကွာမယ် ... ဘယ်

အချိန်ကွာမလဲ ပြောလေ"

"ရှင်အိမ်ပေါ်ကနေ ဆင်းသွား ... ဘာလုပ်မှာလဲ အခုလည်း

ကျွန်မတစ်ယောက်ထဲ ဘဝကိုရုန်းကန်နေရတာပဲ၊ မထူးတော့ဘူး

ရှင် အဲဒီဟာမနဲ့ပဲနေ"

"ကောင်းပြီလေ၊ ငါပြန်မလာတော့ဘူး ... ငါ့ကိုပြုစုယု

ပေးမယ့် မိန်းမကိုပဲ ရှာကျွေးတော့မယ် ... သွားပြီ"

"သွား ... သွား ... ဘယ်တော့မှ ပြန်မလာနဲ့ ကျွန်မတ

ယောက်ထဲပဲ နေမယ်"

ကိုနန္ဒထွက်သွားမှ ဒေါ်နှင်းဆီမေ မျက်နှာကိုလက်ဝါး

အုပ်၍ ကြမ်းပြင်ပေါ်ထိုင်ချကာ ချုံးပွဲချ ငိုပြစ်လိုက်သည်။

"အီး ... အီး ... ဟီး ... ဟီး"

"အဟင့် ... ဟင့်"

ဗိုးလပြည့်တာပေ



"အီး ... အီး"

"ဟင် မေမေ ဘာဖြစ်လို့ငိုနေရတာလဲ ... သားပြန်မလာလို့

လား"

သားအသံကြောင့် အထိတ်တလန့်နှင့် မော့ကြည့်မိသည်။

သားသိသွားရင် ရှက်စရာကောင်းလိုက်တာ။

မိမိကိုယ်ကိုမိမိ မထိန်းချုပ်နိုင်တာပဲ။

"ဟင် ... သား ... ညက်"

"မေမေ ဘာဖြစ်လို့လဲ၊ ညက်ကို့ကိုပြောပါ"

"ဘာမှမဟုတ်ပါဘူး"

တစ်ခါတစ်လေ မေမေ အရမ်းဝမ်းနည်းကြေကွဲမှုတွေ ခံစား

ရရင်တစ်ယောက်ထဲ ငိုချင်လာတယ်။

"အားမငယ်ပါနဲ့မေမေ သားကြီးရှိပါတယ် ... အရင်တုန်းက

ဆိုးခဲ့ပေမယ့် အခုနောင်တတွေရနေပါပြီ"

"အမယ်လေး သားကြီးရယ် ... မေမေ ဝမ်းသာလိုက်တာ၊

မေမေ အားရှိပါပြီ၊ ဘဝကိုရုန်းကန်ကြမယ် ... သားကြီး လိမ္မာရင်

မေမေ အားမငယ်တော့ဘူး"

ဖေဖေကြောင့် မေမေခံစားနေရတာကို ညက်သိနေသည်။

စောစောက ဖေဖေ ထွက်သွားတယ်။

ဖေဖေက လူရိုးလူအပါ။

ဗိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ ဆူညံပူညံ လုပ်တာတွေရော မိန်းမတစ်ယောက်က မြူဆွယ်ဖြားယောင်းတာလည်း ဖြစ်နိုင်သည်။

"မေမေ ဘာမှမဖြစ်ပါဘူးသား၊ အိပ်တော့လေ လှသာလေး ရော"

"ပြန်သွားပြီ"

"လှသာလေးတို့ သားအမိနှစ်ယောက်လုံးက မေမေတို့အပေါ်မှာ ကောင်းကြတယ်၊ သားကြိုးစားနော်"

"စိတ်ချပါ မေမေလည်းအိပ်တော့လေ၊ ဖေဖေရော"

"မသိပါဘူး ... သားဖေဖေ ခြေလှမ်းတွေပျက်နေတယ် ... မေမေ ဘာဆက်လုပ်သင့်လဲဟင်"

"ဘာဆက်လုပ်ရမှာလဲ ယောကျ်ားပဲ မေမေရာ၊ ထားလိုက်ပါ ... ကွဲတာကွာတာတွေ မလုပ်ပါနဲ့ ခဏပါ"

မိမိကဖြင့် ကွာမယ်ပြောပြီး အိမ်ပေါ်ကတောင် မောင်းချပစ်လိုက်တယ်။

သားကမကွာပါနဲ့တဲ့ အဖေ့လုပ်ရပ်ကို သိပေမယ့် သားက လိမ္မာလာမှ မိသားစုပြိုကွဲပြီး စိတ်ဒဏ်ရာ မရစေလိုပေ။

မိမိလိုက်ရှာမယ်။

ပြာပြာ့ အမေကနှစ်သူ ...

မိမိနှင့်လည်း သူငယ်ချင်းဆိုတော့ အကျိုးအကြောင်း ပြော





ပြအကူအညီ တောင်းရမယ်။

"သား ... အိပ်တော့ မင်းအားရှိမှဖြစ်မယ်၊ ညီမလေး အိပ်နေတယ်၊ ကြည့်ထားလိုက်"

"မေမေ ဘယ်သွားမလို့လဲ ... မိုးချုပ်နေပါပြီ မသွားနဲ့နော်"

"ခဏလေးပါ ပြာပြာ့အမေနဲ့ ပွဲတစ်ခုဆိုင်ထားတယ်၊ မကြာပါဘူး ပွဲဖြစ်မဖြစ်ဘဲ ပြောဆိုပြီးပြန်လာမယ်"

"မြန်မြန်တော့ ပြန်လာနော်၊ သိပ်အရေးမကြီးရင် မသွားပါနဲ့၊ ပြာပြာ့အမေ မရှိဘူးထင်တယ်"

"ဟင် ... သားကဘယ်လိုလုပ်သိလဲ"

"ပြာပြာပြောတာပါ၊ လှသာနဲ့အတူတွေ့ကြတာလေ၊ အိမ်မှာ ပြာပြာတစ်ယောက်ထဲတဲ့"

"အင်းလေ မေမေခဏတော့ စောင့်ကြည့်မယ်၊ သွားပြီ"

ဒေါ်နှင်းဆီမေ ယောကျ်ားကိုဒေါသနှင့် စိတ်လိုက်မာန်ပါ ပြောပြီးမှ နောင်တတွေ ရနေမိသည်။

ကိုနန္ဒက ငွေမရှာနိုင်တာပဲ ရှိတာ။

ရိုးသား၏။

မာနရှိတဲ့လူ။

မိမိကြောင့်လည်း ဖြစ်နိုင်တယ်။

ကွာရှင်းဖို့အထိ လုပ်လို့မဖြစ်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ယောကျ်ား ရှားရလား။

မိန်းမတွေများ ပိုက်ဆံမရှာနိုင်တဲ့ ယောကျ်ားကိုများ ဘာရလို့ ပြုစုလုပ်ယနေရတာလဲ ကိုနန္ဒမှာ လခပဲ ရှိတာပါ။

"ဒီမိန်းမ ဘယ်လိုမိန်းမမျိုးလဲ၊ တခြားဝင်ငွေကောင်းတဲ့သူကို မရှာဘဲနဲ့များ သူများအိမ်ထောင်ရေး ပြိုကွဲအောင်"

ကိုနန္ဒကများ လူပျိုကြီးလို့ပြောထားတာများလား။

မိမိကိုယ်တိုင် မပြတ်နိုင်။

ဒီယောကျ်ားဘယ်လောက်ပဲ မိမိအပေါ်အနိုင်ကျင့် ဗိုလ်ကျပါစေ မိမိသည်းခံပေါင်းသင်းလာတာပဲ ပြာပြာတို့အိမ် ရောက်လာသည်။

"ပြာပြာ. မေမေရော"

"မရှိဘူးအန်တီနှင်းဆီ အပြင်သွားတယ် ... ဘာကိစ္စရှိလို့လဲဟင်"

"ပွဲဆိုင်ထားလို့ပါ မေမေနဲ့တွေ့ချင်လို့"

"အပြင်သွားတယ် ခဏပဲလို့ပြောတယ် ... အန်တီနှင်းဆီ ဖုန်းဆက်ကြည့်လေ"

"ဟုတ်သားပဲ ကြည့်မှာဖုန်းရှိတာပဲ၊ သူကမှ ပွဲစားပီသသေးတယ်၊ ဖုန်းငှားကိုင်နိုင်တယ်လေ"

"သမီးဆက်ပေးမယ်နော်"





ကြည့်ပြာ့ဖုန်းကို ပြာပြာကဆက်ပေးပြီး အန်တီရော့ဟု ပေးတော့ နားထောင်လိုက်စဉ် ဆူညံနေတဲ့သီချင်းသံတွေကို ကြားနေရသည်။

"ကြည်လား ... နှင်းဆီပါ၊ ဘာသံတွေလဲဆူညံနေတာပဲ၊ ကလပ်လား အပြင်ထွက်ခဲ့လေ ... အရေးကြီးတယ် ထွက်ခဲ့ပါ"

"အေး"

နှင်းဆီဖုန်းဆက်၍ ဒေါ်ကြည်ပြာ အထိတ်တလန့်နှင့် ... ပြေးထွက်လာခဲ့သည်။

"နှင်းဆီ ပြောလေ"

"နင်ဘယ်မှာလဲကြည် အခုငါအရေးတကြီးတွေ့ချင်တယ်၊ နင့်ဆီက အကူအညီလိုချင်တယ်"

"ငါပြန်လာတော့မှာပါ ဘာအကူအညီလဲ ရင်ထဲထိတ်လိုက်တာဟယ် ပြောလေ ... "

"အကျိုးအကြောင်းတွေက အများကြီးရှင်းပြရမှာဟဲ့၊ နင့်ကိုစောင့်နေမယ်၊ နင်ပြန်လာခါနီးပြီလားကြည်"

"စောင့်ရမှာဟဲ့ နင်ပြောလေဘာကိစ္စလဲ ... ပြောမှသိရမှာ"

"ငါ့ယောကျ်ားကိစ္စပါ သူနဲ့ငါစကားများကြတယ်၊ အခုလိုက်ရှာမလို့"

"ဒါများဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါစိတ်တွေအရမ်းပူနေတယ်၊ ငါကလည်း စိတ်လိုက်မာန်ပါ ကွဲမယ်လို့ပြောမိတယ်၊ အိမ်ကမောင်းချလိုက်တာ"

"အေး ... ငါနောက်ကျမယ် စောင့်မနေနဲ့တော့၊ မနက်ကျမှ နှင့်ဆီလာခဲ့မယ်ပြန်တော့ ... ငါလည်းစုံစမ်းပေးထားမယ်"

"အေး ... ကျေးဇူးပဲဟယ်၊ ကူညီပါဦး ကြည်ရယ်နော်"

"စိတ်ချပါ"

နှင်းဆီဖုန်းချသွားမှ ဒေါ်ကြည်ပြာ သက်ပျင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်ရသည်။

ကိုနန္ဒက အနားရောက်လာ၏။

မိမိက အကျိုးအကြောင်း ပြောပြလိုက်မိသည်။

"နှင်းဆီ လိုက်ရှာနေတယ်၊ ကြည်တို့ ဘယ်လိုလုပ်ကြမလဲ ဟင်"

"ကိုယ်တို့ရပ်သင့်ပြီ ကြည်"

"ဟင် ... ဘာပြောတယ်၊ ရှင်က ကျွန်မကို စွန့်ပစ်မယ်ပေါ့ လေ"

"ကိုယ့်မိသားစုကို ပြတ်လို့မဖြစ်ဘူး၊ ကိုယ့်မှာသားနဲ့သမီးရှိ တယ်၊ ကြည့်သမီးနဲ့လည်း သူငယ်ချင်းတွေလေ၊ ရပ်ကြရအောင် ကိုယ်လည်း မိသားစုကိုမခွဲနိုင်ဘူး"

"မိသားစုကိုလား ... နှင်းဆီကိုလား၊ ကြည့်ကိုချစ်တယ်ဆို





ကြည့်ပဲကိုနန္ဒကို ပြုစုယုယပေးတာဆို၊ ရှင့်မိန်းမက အပြောကြမ်း ပြီး ဘာမှနားလည်မှု မရှိဘူးဆို"

နန္ဒ စိတ်ပျက်မိသည်။

သူ့စိတ်တွေ ခြောက်ခြားနေခဲ့ရတာ ကြာပြီပဲ။

ရပ်ချင်နေခဲ့၏။

ဒါပေမယ့် နောက်ဆုတ်မရ။

ကြည်ပြာက ဇွတ်ကြီး တွယ်ကပ်နေသည်။

"ဟုတ်ပါတယ် ကိုနန္ဒအမှားတွေပါကွာ၊ ဒါပေမယ့် ဆန္ဒကို ဦးစားမပေးသင့်ဘူး၊ ကိုယ်တို့ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင် ဖြစ်ရမယ်ကြည်၊ ကိုယ်တို့ဖောက်ပြန်နေတာ နှင်းဆီမသိခင် လမ်းခွဲ လိုက်တာ အကောင်းဆုံးပဲ"

"မခွဲနိုင်ဘူး ... ခဏလေး မတွေ့ကြပဲနေမယ်၊ ကြည့်ကိုပစ် မသွားပါနဲ့နော် ယောကျ်ား"

"ဟာကွာ ... ကြည့်ကလဲ"

ယောကျ်ားဟုခေါ်လိုက်၍ ဦးနန္ဒ လန့်သွားရသည်။

ကြည်က တဖြည်းဖြည်း ပိုင်စိုးပိုင်နင်း ဖြစ်လာတာကို မိမိ ကြောက်လာမိ၏။

ပတ်ဝန်းကျင်ကသိသွားရင်လည်း မကောင်းပါဘူး။

"ပြန်ကြမယ်ကြည် ... တော်ကြာ နှင်းဆီလိုက်ရှာနေရင်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး၊ မင်းလည်းပြန်တော့"

တကယ်တမ်းပြန်စဉ်းစားကြည့်တော့ မိမိချစ်ရတာက ... နှင်းဆီပါ။

ဘယ်လောက်ပဲ ပြဿနာရှာနေပါစေ၊ မိမိအပေါ်တော့ ချစ်ကြောက်ရိုသေသူ ဖြစ်သည်။

"ပြန်ပါ့မယ် ကြည့်ကိုတော့ အဆက်အသွယ်မဖြတ်နဲ့နော်၊ ရှင်နဲ့ကလင်မယားပဲ"

ဒေါ်ကြည်ပြာပြောပြီး စိတ်တွေလည်းညစ်လာသဖြင့် ... ဘီယာတွေသောက်ပစ်နေမိသည်။

ကိုနန္ဒက တားနေ၏။

မိမိကတော့ တစ်ခွက်ပြီးတစ်ခွက်။

လောကကြီးထဲမှာ မိမိဘဝအဆင်ပြေတာ ဘာမှမရှိ။

ယောကျာ်းရိုတုန်းကလည်း အနှိပ်စက်ခံရတယ်။

စိတ်မွန်းကြပ်လို့ သေတော့မယ်။

ယောကျာ်းဆုံးတော့ ... မိမိ ထင်တိုင်းကြဲပြီး နေလာတာ ဘဝပျက်ရမယ့်အထိပဲ။

သမီးလေး ညိုပြာညက်အတွက် လိုအပ်တာတွေ သူမှုးတန်းတူရှာဖွေ ဖြည့်စွမ်းပေးရင်း အကြွေးတွေကပိုင်း၊ စိတ်လေပြီး လောင်းကစားလုပ်မိသွားသည်။





ကိုနန္ဒနဲ့တွေ့မှ အားအင်တွေပြည့်လာရတာပါ။

ယဉ်ကျေးမှုရှိတဲ့လူ ရိုးသားအေးဆေး၏။

မိမိအကြောင်းတွေ ရင်ဖွင့်ရင်းနဲ့ ငိုစွန်း လွန်ကျူးသွားရသည့်အထိပင်။

ကိုနန္ဒ ဖွတ်ပြန်သွားသဖြင့် မိမိလည်း ပြန်လာခဲ့ရ၏။

အိမ်ရောက်တော့ သမီးမျက်နှာလေးက စူပုတ်တင်းနေသည်။

"မေမေ ဘယ်ကနေပြန်လာတာလဲ"

"ကောင်မစုတ်လေး နင်ကအမေလား ... ငါပြန်လာချင်တဲ့ နေရာကနေပြန်လာတာ ဘာဖြစ်လဲ"

"မေမေလွန်နေပြီ ... သမီးတစ်ယောက်ရှိသေးတယ်ဆိုတာတောင် မေမေ့ခေါင်းထဲမှာ ရှိသေးရဲ့လား"

"မရှိဘူး ... နင်ထင်ချင်သလိုထင် နင်ဟာလေ မအေ့ဒုက္ခကိုမသိတဲ့ သမီးတစ်ယောက်ပဲ"

"အန်တီနှင်းဆီယောကျာ်းနဲ့ ဖောက်ပြန်နေတဲ့မိန်းမက ဘယ်သူလဲ မေမေနဲ့လား ... "

"ဘာ ... "

ဒေါ်ကြည်ပြာ အထိတ်တလန့်နှင့် ... ခေါင်းထဲမှာ မိုက်ခနဲပြာဝေသွားရကာ ရှေ့မှာရှိတဲ့ပန်းအိုးကို ထိမိပြီးကျကွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချလွမ်း … လွမ်"

"ဘာတွေလာပြောနေတာလဲ ကောင်မစုတ်လေး၊ ငါနဲ့ဘာမှ မဆိုင်ဘူးနော် … နှင်းဆီယောကျ်ားကို ငါကကြိုက်စရာလားဟဲ့"

မေမေက ပန်းအိုးကွဲတွေကိုခွကျော်ပြီး အိပ်ခန်းထဲဝင်သွားသည်။

အခုတလော မေမေအလှတွေပြင်ကာ အပြင်ပဲထွက်နေ၏။

ပြာလည်း အကွဲအရှတွေကို မသိမ်းတော့ … မေမေလုပ်နေရင် ပြာလည်းလုပ်မယ်ဟု ပြောပစ်သည်။

"အန်ကယ်နန္ဒနဲ့တော့ လုံးဝမပတ်သက်နဲ့နော်မေမေ၊ သမီးရှက်တယ်၊ လောကကြီးထဲမှာ ပြာပြာ့အတွက် နေစရာမရှိအောင် မလုပ်ပါနဲ့"

"ဟဲ့ကောင်မလေး အိပ်တော့ … စကားမများနဲ့ နင်လည်း လွတ်လွတ်လပ်လပ်ပျော်သလိုနေ၊ နင်ကအပျို ကိုယ့်ဘဝကို မပျက်စီးပစ်နဲ့ မပိုင်ရင်ခြင်တောင်မရိုက်နဲ့နော်၊ နင့်အသားပဲနာမှာ"

"မကြားချင်ဘူး မကြားချင်ဘူး … ပြာပြာ့ကို ဘာမှဆက်မပြောနဲ့နော် … နုံချာသေးသိမ်တဲ့ဘဝ ဆင်းဆင်းရဲရဲနေရတာကို အမုန်းဆုံးပဲ"

"နာငြီးတယ်ဟေ့"

ဒေါ်ကြည်ပြာ နားနှစ်ဖက်ကိုလက်ဝါးတွေနှင့် ပိတ်ပစ်လိုက်





ည်။

မိမိအမှားတွေ ဆက်တိုက်လုပ်မိနေ၏။

ကိုနန္ဒပြောသလို ရပ်တန်းကရပ်ပစ်သင့်လားပဲ။

နှင်းဆီတို့ နော်လီတို့ သိသွားရင် မိမိလုပ်ရပ်က သူများ ်တွေးခွက်ထဲ မျောရမယ့်အဖြစ်။

လူမှုရေး ဖောက်ပြန်တာလောက် အရှက်ရစရာရှိမလား။

သမီးလေးလည်း အရမ်းသနားစရာကောင်းပါတယ်။

တစ်ယောက်ထဲ မျက်ရည်တွေ စီးကျလျှက် … ။

www.burmeseclassic.com

အခန်း ( ၁၈ )

"ကိုယ်မှားပါတယ် နှင်းဆီရယ်၊ နောက်မဖြစ်စေရပါဘူး ... မင်းကသာ မိန်းမကောင်းပီသတဲ့ မိန်းမပါ"

"တော်ပါ ... ကျွန်မကသားသမီးတွေအတွက် ရှင့်ကိုမ... ရှင်းချင်တာနော်၊ ဖောက်ပြန်တဲ့ယောကျ်ားတွေကို မုန်းတယ်"

"မမုန်းပါနဲ့ကွာ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်မှားတာ... မင်းမှာ အပြစ်မရှိပါဘူး ... ကိုယ့်မိသားစုအတွက် ကြိုးစားပြီးစီး... ရှာပါတော့မယ်ကွာ"

"ဝမ်းသာပါတယ် ကိုနန္ဒရယ်၊ မိသားစုမှာအခြေမခိုင်သေးတာ... သမီးလေးကလည်း ငယ်သေးတယ်၊ သားကတော့ လိမ္မာလာ..."

"ကိုယ့်ကိစ္စ သားသိလား ... ဘာပြောသေးလဲ"

"ယောကျ်ားပဲ ဒီလောက်တော့ရှိမှာပါတဲ့၊ မကွာရှင်းပါနဲ့... သားကခွင့်လွှတ်ပါတယ်"





"ကိုယ်အရမ်းရှက်စရာကောင်းတယ် ... မလုပ်သင့်တာကို ...ုပ်မိတယ်ကွာ"

တကယ်ဆို သားသူငယ်ချင်းရဲ့အမေနှင့် မဖြစ်သင့်ပေ။

သား မျက်နှာကို ဘယ်လိုကြည့်ရမလဲ။

တွေးမိလေ ရှက်စရာကောင်းလေပဲ။

"ကိုယ်မလုပ်တော့ပါဘူးနှင်းဆီ၊ မင်းစိတ်ပူမနေပါနဲ့တော့"

"ကိုနန္ဒရယ် ဝမ်းသာလိုက်တာ၊ အရမ်းဝမ်းသာတာပဲ ကျွန်မ ...ည်း ရှင့်ကိုမခွဲနိုင်ပါဘူး"

"နှင်းဆီရယ်"

သူ့ဇနီးကို ကြင်ကြင်နာနာနှင့် ပွေ့ဖက်ထားမိသည်။

ဘယ်လိုလုပ်ရမလဲ။

ကြည်ပြာက ရမှာမဟုတ်။

မိမိကို တွယ်ကပ်နေမှာပဲလေ။

သားသိသွားခဲ့ရင် ဆက်မတွေးရဲတော့။

"မနက်ကျရင်ကျွန်မ ထမင်းအစောကြီး ထကြော်မယ်နော်၊ ...သားစုအတူတူ စားကြမယ်"

"ကောင်းတယ်မိန်းမ ... ကိုယ်လည်း အဖေတစ်ယောက် ...နေနဲ့ တာဝန်ရှိပါတယ် ... မာနတကြီး ထားနေလို့ မဖြစ်ဘူး"

"အမယ်လေး ယောကျ်ားရယ်"



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဘဝလေး ပြန်၍စည်းစည်းရုံးရုံး ဖြစ်သွားရတာ ပျော်မိသည်။

မနက်မိုးလင်းတော့ ... ဒေါ်နှင်းဆီထမင်းကျော်ပြီး မိသား နံနက်စာဝိုင်းလေး ပြင်လိုက်သည်။

"သားရောသမီးရော လာစားကြလေ၊ မိသားစုထမင်းဝိုင်း လေ၊ နောက်ဆိုမေမေတို့မိသားစုမှာ စိတ်ညစ်စရာတွေ မရှိတော့ ဘူး၊ ကိုယ်တာဝန် ကိုယ်ကျေရမယ်"

"သားကိုလည်း ဖေဖေတောင်းပန်ပါတယ်၊ မိသားစုတာဝ မကျေခဲ့ဘူး ..."

"ဖေဖေရယ် ဖြစ်ပျက်ခဲ့တာတွေအားလုံး မေ့ပစ်လိုက် သားလည်း လိမ်လိမ်မာမာနေပါ့မယ်၊ သားကြီးဖြစ်တဲ့ဉာဏ်ကလ နေချင်သလိုနေခဲ့တာပါ"

"အမယ်လေး ... ဘယ်သူ့အပြစ်မှပြောမနေနဲ့တော့ နော ပိုင်း ကိုယ့်တာဝန်ကိုယ်ယူ ပျော်ပျော်နေထိုင်ကြမယ်၊ ဒါပဲနော်"

ဦးနန္ဒကတော့ ... မိသားစုအပေါ် အရင်ကနှင့်မတူအော တာဝန်ယူနိုင်ဖို့ ဆုံးဖြတ်ထားပေမယ့် မိမိလုပ်ထားတဲ့ပြစ်မှုက မ သေးပေ။

သားကြီးအရှုပ်ရောက်မှ အရုက်ရစရာ။

ဂုဏ်သိက္ခာ မဲ့စရာတွေ ဖြစ်ရသည်။





"ကိုယ်ကုမ္ပဏီကို သွားတော့မယ်၊ စိတ်အေးအေးနေပါ နှင်းဆီရယ်၊ ကိုယ်ကစပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပါ့မယ်"

"သားလည်း တာဝန်ယူသင့်တာတွေ ယူနိုင်အောင်ကြိုးစား မယ်၊ မေမေမပူပါနဲ့တော့ ညီမလေးအင်ကြင်းကိုပဲ စောင့်ရှောက် ထိန်းသိမ်းပေးပါ"

"အမယ်လေး အားရှိလိုက်တာ ... နှင်းဆီတို့ကံကြမ္မာတက် လာပြီပေါ့"

"ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟင်း"

မိသားစုတွေရယ်မော ပျော်ရွှင်နေကြသည်။

ဦးနန္ဒကုမ္ပဏီကို ထွက်လာခဲ့၏။

မိသားစုကို ကတိပေးထားခဲ့ပေမယ့် မိမိက မရှင်းနိုင်သေး ပေ။

ထင်ထားတဲ့အတိုင်းပင် ကုမ္ပဏီရှေ့မှာ ကြည်က စောင့်နေ သည်။

"ကိုနန္ဒ ကျွန်မတို့အပြင်သွားမယ်၊ ခွင့်ယူလိုက်"

"မဖြစ်ဘူး ကြည်ပြာ၊ မင်းလည်း ရပ်တန်းကရပ်ပါတော့၊ ကိုယ်တို့သားသမီးတွေ မျက်နှာထောက်ထားကြရဦးမယ်လေ"

"ကျွန်မရှင့်ကို မခွဲနိုင်ဘူး၊ ကျွန်မသေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးပြာပြာ့အတွက် မင်းမစဉ်းစားတော့ဘူးလား ... ကိုယ်တို့တွေ ဆက်မမှားသင့်ဘူး၊ ရပ်လိုက်ကြရအောင်"

"ကြည် စိတ်ဖြေလို့ မရသေးဘူး၊ ဒီနေ့တစ်နေ့ထဲပါ ကျွန်မနဲ့ အတူတူနေပေးပါ"

"ဒုက္ခပါပဲကွာ"

"ရှင်ငြင်းနေမယ်ဆိုရင်တော့ ... ကျွန်မ နှင်းဆီဆီ ဖုန်းဆက်လိုက်မယ် နင့်ယောကျ်ားငါ့ကိုပေးပါလို့"

"မင်း ... မင်း"

ကိုနန္ဒ ဘယ်လိုလုပ်ရမှန်းမသိတော့ ကြည်ပြာ့ကိုကြည့်ရတာ စိတ်မှန်ပုံမရ။

ဒုက္ခပါပဲ ...

ဘယ်လိုမှတောင်းပန်တာလည်း မရတဲ့အဆုံး သူလိုက်လျော ခဲ့ရသည်။

တည်းခိုခန်းတစ်ခုကို ရောက်သွားကြ၏။

မိမိဘယ်လောက်ပဲ လုံခြုံစိတ်ချရတဲ့နေရာကို ရွေးခဲ့ပေမယ့် သားသူငယ်ချင်း လွှာလွှာနှင့်သွား၍ဆုံကြသည်။

"ဟိုမှာ လွှာလွှာ၊ မင်းပုန်းနေ ကိုယ်အလုပ်ကိစ္စနဲ့လာတာလို့ ပြောပြီး နှုတ်ဆက်မယ်၊ ရှောင်သွားလို့ မကောင်းဘူးလေ"

"အင်း ... အင်း ... ကျွန်မ သန့်စင်ခန်းထဲ ဝင်နေမယ်"





"လွှာလွှာ မရှိမှ ထွက်လာခဲ့နော်"

ဦးနန္ဒထွက်ပြီး သူတို့ဘက်ကိုလျှောက်လာ၏။

လွှာလွှာနှင့် လူတစ်ယောက်ကို နှုတ်ဆက်ရသည်။

"လွှာလွှာ ဘယ်ကိုလာတာလဲ"

"အန်ကယ်နန္ဒပါလား ... အတော်ပဲ လွှာပြောစရာရှိလို့ပါ၊ ကိုကိုအရင်ပြန်နှင့်နော်၊ ဒါလွှာတို့ကို စာသင်ပေးနေတဲ့ကိုသတိုးပါ၊ သူကဒီတည်းခိုခန်းမှာ ရှယ်ယာပါတယ်လေ၊ ဒါကြောင့် လမ်းကြုံဝင်လာခဲ့ကြတာပါ"

ဉာဏ့်အဖေနှင့်ပြာပြာ့အမေကို ... လွှာအစောကြီးထဲက မြင်သည်။

ကိုသတိုးက အတင်းခေါ်လာ၍ မာမီကလည်း အတင်း လိုက်သွားခိုင်း၍ လွှာလိုက်ခဲ့ရ၏။

သူ့ပိုင်ဆိုင်မှုတွေကို ပြသခြင်း ဖြစ်သည်။

"အန်ကယ်"

"ဟင်"

"အန်ကယ်နန္ဒနဲ့ အန်တီကြည်ပြာ့ကိုလွှာ သိနေတာ ကြာပါပြီ"

"လွှာလွှာ ... မင်း ... မင်း"

"လွှာလွှာ ဘယ်သူ့ကိုမှမပြောပါဘူး၊ ဒါပေမယ့် တားဆီးချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်”

“လွှာ အန်ကယ်လည်း နောက်ထပ် မပတ်သက်ဖို့ ဆုံးဖြတ်ထားပါတယ်၊ သမီးအန်တီနဲ့ညဏ့်ကိုလည်း ကတိပေးထားပါတယ်၊ ဒါပေမယ့်လေ … ကြည်ပြာကလက်မခံချင်သေးဘူး၊ အန်ကယ်ယောက်ျားဖြစ်ပြီး တာဝန်မဲ့တာမဟုတ်ပါဘူး၊ ဖြည်းဖြည်းချင်းရပ်မှဖြစ်မယ်ထင်တယ်”

ပြာပြာတို့ သားအမိအကြောင်းကို လွှာလွှာအသိဆုံးပင်။ လုပ်ချင်တာလုပ်တဲ့သူတွေ။

“အန်ကယ်”

“ပြောပါ”

“ညဏ်အရူးအမူးချစ်နေတဲ့ မိန်းကလေးက ပြာပြာပဲ”

“ဘာ”

“ရပ်သင့်ပါတယ် တစ်ရက်တလေတောင် ဆက်မတွဲသင့်ပါဘူး၊ ဘယ်သူမှမသိခင်လေ”

“သားညဏ်ချစ်တာ ပြာပြာ … ဟုတ်လားသမီး”

“ဟုတ်ပါတယ်”

“ပြာပြာနဲ့တော့ သားကိုအန်ကယ် သဘောမတူနိုင်ဘူး”

“ပြာပြာကလည်း မမှန်းပါဘူး၊ အန်ကယ်သွားပြီး မတားဆီးပါနဲ့ ငြင်းပြီးသွားပါပြီ၊ ဒါပေမယ့်လေ … ညဏ်သိသွားရင်”





“အန်ကယ်သိပါတယ်၊ သမီးသတိပေးတာ ကျေးဇူးတင်ပါတယ်ကွယ်၊ ညဏ်လိမ္မာနေပါပြီ တော်ကြာစိတ်ဒဏ်ရာမရစေချင်ဘူး”

“ပြာပြာက အန်ကယ့်သားကို ငြင်းလိုက်တာလား၊ အထင်သေးပြီး ငြင်းပစ်လိုက်တာမဟုတ်လား”

“ပြီးခဲ့တာတွေ ထားလိုက်ပါတော့အန်ကယ်၊ လွှာလည်း ဘယ်သူ့ကိုမှ မပြောပါဘူး … စိတ်ချပါ၊ အန်ကယ်တို့ အကျိုးကို အလိုလားဆုံးဖြစ်နေတယ်လေ”

“လွှာလေးရယ် … လိမ္မာလိုက်တာကွယ်၊ ညဏ့်ကိုလည်း နော်လီက ကူညီထောက်ပံ့ပေးထားတာ အန်ကယ်သိပါတယ်”

“သမီးပြန်တော့မယ် အန်တီကြည်ပြာ့အလိုကို မလိုက်စေချင်ဘူး၊ ဖြတ်လိုက်ပါ”

“ကောင်းပါပြီ သမီးရယ် … ”

လွှာလွှာလေးက ဗိုက်ဆံချမ်းသာပေမယ့် မာန်မာနမရှိပဲ မိမိတို့မိသားစုအပေါ် စေတနာအပြည့်နှင့်ကူညီပေးခဲ့သည်။

သားညဏ်က ပြာပြာ့ကိုမှ သွားပြီးကြိုက်တယ်ကွာ။

လွှာလွှာလေးကို မချစ်ဘူး။

အင်းလေ … သားညဏ်လည်း လွှာလွှာ့ကို ဘယ်လိုမှမှန်းရဲမှာ မဟုတ်ဘူး … ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန္ဒ"

"ဟင် ... ကြည်ပြာ"

"လွှာလွှာ ဘာပြောသွားလဲဟင်"

"ကိုယ်တို့အကြောင်းတွေကို သိသွားပြီ၊ သူတွေ့တာနှစ်ခါ ရှိနေပြီတဲ့"

"အမယ်လေး ... သမီးကိုသွားမပြောလို့ တော်ပါသေးရဲ့"

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးပဲ၊ ကိုယ်တို့ရပ်သင့် နေပြီ၊ ကိုယ့်သားနဲ့မိန်းမလည်း သိသွားနိုင်တယ်ကြည်ပြာ"

"ဟုတ်တယ် ကြည်ပြာလည်း မှားပါတယ်၊ ကျွန်မတို့ ထပ် ပြီး မမှားကြတာပဲ ကောင်းပါတယ် ... ပြန်ကြစို့နော်"

"မင်း နောင်တရတာကို အရမ်းဝမ်းသာပါတယ်၊ အရင်ကလို ပဲ မိတ်ဆွေတွေအဖြစ် နေထိုင်ကြရအောင်ပါ"

"အင်းပါ"

ကြည်ပြာ့ဘက်ကနေ နောက်ဆုတ်ဖို့ဖြစ်သွား၍ မိမိစိတ် အေးသွားရသည်။

လွှာလွှာ့ကျေးဇူးပဲ။

လူကြီးဆန်လိုက်တာ ...

လွှာလွှာလေးကိုတော့ ချစ်မိနေ၏။

မိမိဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မှ ဖြစ်မည်။

ဖိုးလပြည့်တာပေ



ကုမ္ပဏီသို့ အမြန်ဆုံးပြန်လာခဲ့သည်။

"ဟူး ... လွှာလွှာလေးကို မျက်နှာပူစရာကောင်းလိုက်တာ၊ ရှက်စရာကြီး ငါမှားသွားတယ်၊ ကြည်ပြာ့လိုမိန်းမမျိုးကိုမှ ငါသွား ကြိုက်မိတယ်လို့"

ဦးနန္ဒ နောင်တရလို့မဆုံးတော့။

ခေါင်းချွေးတွေလည်း ထွက်ပူနေ၏။

သားညဏ်ကိုတော့ သူပြောတာတွေ ညဏ်မသိပါစေနဲ့။

စိတ်တွေ ပူလောင် ယောက်ယက်ခတ်နေသည်။

ဤ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

တက္ကသိုလ်ဝင်တန်း အောင်စာရင်းတွေထွက်တော့ လွှာလွှာက ဘာသာစုံဂုဏ်ထူးနှင့်အောင်သည်။

ညဏ်သော်က နှစ်ဘာသာ ဂုဏ်ထူးနှင့်အောင်ခဲ့၏။

ပြာပြာကတော့ ကျသည်။

"ပြာပြာ နင့်အတွက် စိတ်မကောင်းပါဘူးဟယ် ... နောက်နှစ်တော့အောင်မှာပါ၊ ကြိုးစားနော်"

"နင်တို့ကို ငါအရမ်းမုန်းတာပဲလွှာလွှာ၊ ငါ့ဘဝက ဘာဖြစ်လို့အရှုံးတွေနဲ့ပဲ ရင်ဆိုင်နေရတာလဲ၊ ညဏ့်လိုကောင်တောင် အောင်တယ် ... နင်ကတော့ ညဏ်ပါအောင်တော့ အရမ်းပျော်နေမှာပေါ့နော်"

"ဟုတ်တယ် ညဏ်အောင်တာတော့ ငါပျော်တယ်၊ သူက ယောကျ်ားလေးလေ၊ ကိုယ့်သူငယ်ချင်းပဲဟာ ... "





"တော်ပြီဟာ ငါ့အိမ်ဘယ်သူမှမလာနဲ့ အားပေးနှစ်သိမ့်စရာလည်းမလိုဘူး၊ ညဏ်ဆိုတဲ့ကောင်ကို လုံးဝမမြင်ချင်တာ၊ မလာစေနဲ့ လာပြီးနှစ်သိမ့်နေသလိုလိုနဲ့ ငါ့အရှက်ကိုခွဲနေကြတဲ့ဟာ"

"ပြာပြာ နင်ထင်တာမှားနေပြီ"

"မှားမှားမှန်မှန်ဟာ၊ ထွက်သွားကြ ... ဘယ်တော့မှလာမတွေ့ကြနဲ့ ငါမတွေ့ချင်ဘူး"

ပြာပြာ အော်ဟစ်မောင်းထုတ်နေ၍ လွှာလွှာပြန်လာခဲ့ရသည်။ ပြာပြာစိတ်ပုတ်မ အမြဲတမ်းအူပုတ်တယ်။

ညဏ်လည်း မရှိပေ။ လွှာ အိမ်ပဲ ပြန်လာခဲ့သည်။

"လွှာ့ကိုဝမ်းသာစရာစကား ထပ်ပြောရဦးမယ်၊ မနက်ဖြန် ဒယ်ဒီ ပြန်ရောက်လိမ့်မယ်"

"ဟွန်း"

"ဘာဖြစ်လို့လဲ သမီးလွှာ၊ မျက်နှာကြီးက ဆူပုတ်နေတာပဲ"

"ကိုသတိုးနဲ့စေ့စပ်ဖို့ သမီးသဘောမတူနိုင်ဘူးမာမီ ... သမီးချစ်တဲ့သူကိုလည်း သမီးလုံးဝလက်မထပ်နိုင်ဘူး၊ သမီးမြန်မာပြည်မှာပဲနေမယ်၊ သမီး ဆေးကျောင်းတက်မယ်နော်"

"မာမီကတော့ သမီးသဘောဆန္ဒအတိုင်းပဲ ဖြစ်စေချင်တာပါ ဒါပေမယ့် ဒက်ဒီကဘယ်လိုစီစဉ်မလဲ ... မိဘကကောင်းမယ်လို့စီစဉ်တာ လက်ခံရမယ် ... လောလောဆယ် သမီးလေးက မောင်



www.burmeseclassic.com

www.burmeseclassic.com



သတိုးနဲ့ လက်ထပ်ရမှာမှမဟုတ်တာ၊ အချိန်တွေရှိပါသေးတယ်၊ ဖူးစာရှင်ဆိုတာ ဘယ်သူမှသတ်မှတ်ပေးလို့ မရပါဘူး၊ သမီး နဖူးမှာ စားတမ်းထိုးပေးပြီးသားပါ"

"ဟင်"

"နောက်မှ တဖြည်းဖြည်းနဲ့ သမီးသိလာပါလိမ့်မယ်ကွယ်"

ဒယ်ဒီ့ဆန္ဒကို မာမီဘယ်နည်းနဲ့မှ မလွန်ဆန်နိုင်ဘူးဆိုတာ လွှာသိသည်။

လွှာ မပျော်နိုင်တဲ့အပြင် ငိုချင်နေသည်။

ဉာဏ်ရော နေနိုင်တယ်။ အောင်စာရင်းလည်း သူ့ဟာသူ သွားကြည့်တယ်။ လွှာ့ဆီကို မလာဘူး။

နင့်ပြာပြာ ကျလို့ နင်ဘယ့်ချောင်မှာသွားပြီး မျက်ရည်ကျ နေလဲ ရွှေဉာဏ်။

"မောင်သတိုးလာတယ် သမီးလေး ... အလိုက်အထိုက် ဆက်ဆံနော်၊ တကယ်တော့ ... မောင်သတိုးကသမီးကို ချစ်တယ် လေ"

ဒေါ်နော်လီကလည်း သမီးဒယ်ဒီနှင့်သမီး ပဋိပက္ခဖြစ်မှာ စိတ်ပူမိသည်။ မောင်သတိုးက လက်ခံသင့်တဲ့သူပဲလေ ...

သမီးက ငယ်ရွယ်သူဖြစ်နေတော့ လက်မခံနိုင်ပဲဖြစ်နေ၏။ ပြီးတော့လည်း မိမိစိတ်ပူတာက ဉာဏ့်ကိုများချစ်နေတာ





လား ...

"မောင်သတိုးလာလေ၊ ဒီမှာမင်းညီမ ဘာသာစုံဂုဏ်ထူးပါ တယ်၊ ဆေးကျောင်းတက်ချင်တယ်လို့ ပြောနေတယ်လေ"

"ကောင်းတာပဲ၊ လွှာလေးလုပ်ချင်တာလုပ်ပါစေ၊ ကိုကိုက တော့ အားပေးတယ်"

မာမီက ကိုကိုလာသည်နှင့် အကြောင်းတစ်ခုခုပြပြီး ထွက် သွားသည်။ လွှာ ထိုင်ငိုချင်လိုက်တာ။

ကိုကိုကလည်း ဘာဖြစ်လို့များ လွှာ့ကိုမှရွေးချယ်ရတာလဲ။

"လွှာ"

"ရှင်"

"ကိုကို့ကို ဒီလောက်အထိပဲ မချစ်ဘူးလား ... "

"ရှင်"

"မင်းမပျော်ဘူးမဟုတ်လား ကောင်မလေး ... ကိုကိုသိ တယ်နော်"

"ကျွန်မကတော့ လွတ်လပ်မှုကိုသဘောကျတယ်၊ လောက ကြီးထဲမှာ လွတ်လပ်စွာ ပျံသန်းချင်သေးတယ်"

"စေ့စပ်ထားတာပဲ"

"ကိုကို"

"အန်ကယ်ပြန်လာမှ လူကြီးတွေသဘောတူထားတာက ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်လေ"

"ဟွန်း"

"ကောင်မလေး ကိုကို ဘာပေးရမလဲ … အရမ်းဂုဏ်ယူ
တယ်၊ ဆုလာဘ်ချီးမြှင့်ချင်တယ် ပြော … "

"မလိုချင်ပါဘူး လွှာ့မှာ အရာရာပြည့်စုံနေတာပဲ"

လွှာလေးက သူ့ကိုမချစ်နိုင်ဘူးဆိုတာ သတိုးသိနေသည်။

သူလည်း အတင်းမကြပ်ကြီး ရယူပိုင်ဆိုင်ဖို့မလုပ်ချင်။

အရမ်းတော်တဲ့ ကောင်မလေးတစ်ယောက်ကို ပျော်ရွှင်စေ
ချင်သည်။

"မနက်ဖြန် အန်ကယ်ဆန်နီ့ကိုကြိုရမယ် … မကြာခင်ကိုကို့
မိဘတွေ ရောက်လာကြလိမ့်မယ်"

"ဟင်း … သူတို့က ဘာလာလုပ်ကြမှာလဲ"

သူမ အထိတ်တလန့်နှင့် ကြောက်လန့်တကြားပြောလိုက်
သဖြင့် သတိုးတဟားဟား အော်ရယ်ပစ်မိသည်။

"လူကြီးတွေ ရောက်လာတယ်ဆိုမှတော့ မင်းဘာလုပ်မလဲ
ဆိုတာ ဉာဏ်ကောင်းတဲ့ပန်းနုလွှာပဲ စဉ်းစားလေ"

"ဟွန်း"

လူကြီးတွေရောက်လာပြီး စေ့စပ်တော့မယ်ဆိုတာ သိလိုက်
သည်။





ဘယ်တတ်နိုင်မလဲ လွှာလက်ခံလိုက်ဖို့ကလွဲပြီး တခြားမရှိ
နိုင်။ စာမေးပွဲအောင်တာ လုံးဝမပျော်ရွှင်ပဲဖြစ်နေရ၏။

ကိုကိုကတော့ ရယ်နေသည်။

"ပြာပြာ ကျတော့ စိတ်မကောင်းဘူးကွာ … ကိုကိုလည်း
ကူညီနိုင်သလောက် ကူညီခဲ့တာပဲ၊ မင်းလည်းအားပေးပါ"

"လွှာ သွားအားပေးတာပဲ … သူကအော်ထုတ်တယ်လေ၊
ပြာပြာ့ဘဝက သနားစရာကောင်းပါတယ်၊ ကိုကိုသွားသင့်တယ်"

"မသွားပါဘူး … ပြာပြာက ကိုကို့ကို အမိဖမ်းတော့မယ်၊
ဝေးဝေးနေတာ အကောင်းဆုံးပဲ"

"ပြာပြာက ကိုကို့ကိုချစ်နေတာလေ၊ ကိုယ်ချစ်ကိုမရှာနဲ့တဲ့
ကိုကို စိတ်ညစ်ရလိမ့်မယ်"

"ကောင်မလေး … စကားပြောတာ အရမ်းလည်ပါလား"

ကိုကိုက သူမခေါင်းကိုပုတ်၍ ရယ်မောပြောဆိုနေသည်။

"ဟင် … ကိုသတိုးရောက်နေတာပဲ"

"ဟင် … ဉာဏ်"

"မင်းက ကိုသတိုးကား ရပ်ထားတာ မတွေ့တာလား …
တမင်ဝင်လာတာလား … ရွှေဉာဏ်"

"ဟာ … ကျွန်တော်က အရမ်းပျော်ပြီး ပတ်ဝန်းကျင်ကို
တောင် သတိမထားမိတာပါ … တကယ် မမြင်တာပါ ကိုသတိုး၊



www.burmeseclassic.com

www.burmeseclassic.com



ပြောကြပါ လွှာ့ကိုဂုဏ်ပြုဖို့ ရောက်လာတာလေ"

ညဏ် အားနာသွားမိသည်။

ကိုသတိုးရောက်နေတာ ညဏ် သတိမထားမိခဲ့။

လွှာနှင့်ကိုသတိုးတို့က ရင်းနှီးကျွမ်းဝင်နေပြီပဲ။

"လွှာ … နောက်မှနော်"

"ညဏ်"

"နေပါ … ငါ့ကိုအားနာစရာ မလိုပါဘူး၊ နားလည်ပါတယ်"

ညဏ်ပြန်သွားသည်။

သူမနှင့်ကိုသတိုးကို ဘယ်လိုထင်သွားမလဲ။

နင်ကဖြစ်စေချင်နေတာ မဟုတ်လား … ညဏ်။

"ငါ ပြာပြာ့ကို မချစ်တော့ဘူး၊ ငါ့ဘဝအတွက်ကြိုးစားရမယ် လူရှိန်အောင်လုပ်ရမယ်လွှာ"

ညဏ်ပြောတဲ့ စကားတွေကို လွှာကြားယောင်လာသည်။

ပြာပြာ့ကို မချစ်တော့ဘူးဆို၍ သူမအတွက် မျှော်လင့်ချက် အလင်းတွေ တောက်ပလာရ၏။

ဒါပေမယ့် … ကိုသတိုးနှင့်တွဲပြီး ရယ်မောနေတာ ညဏ် တွေ့သွားတယ်။

"ကောင်မလေး"

"အမယ်လေး … အား လန့်လိုက်တာကိုကိုရာ၊ ဘာလဲ"





"ဘာတွေစဉ်းစားနေတာလဲ ညဏ်ရောက်လာလို့လား … နောက်လည်း တွေ့လို့ရတယ်လေ"

ကိုကိုသတိုးနှင့် စကားပြောရတာ စိတ်မပါတော့။

ပြန်စေချင်မိသည်။

ဒက်ဒီဆူမည်ဆို၍ ကလန်ကဆန်လည်း မလုပ်ရဲ။

ကိုကိုနှင့်အတူတူရှိနေတာ လွှာစိတ်ညစ်လာရ၏။

ညဏ့်ဆီသွားချင်တယ် သူကလမ်းမှန်ပေါ် လျှောက်နေပြီပဲ ပြာပြာကလည်းညဏ့်ကို လက်ခံလာနိုင်တာပဲလေ။

"မနက်ဖြန်မှ ကိုကိုလာခေါ်မယ်နော် … ကောင်မလေး"

"ဟုတ်"

"ကိုကိုပြန်မယ်ဆိုလို့ အရမ်းပျော်သွားတဲ့ပုံပဲ"

"ပျော်တယ် အား … ဟို"

ကိုသတိုးပြန်သွားတာ လွှာ ကားနားထိပင်လိုက်မပို့တော့။

သူမတွေ့ချင်တာက ညဏ်ပဲ။

အရင်ကနှင့်မတူအောင် ညဏ့်ပုံစံက သေသပ်သန့်စင်နေသည်။

နင်က လူချောလေးပါညဏ်ရယ်။

အရပ်ကမြင့်မြင့် ဖြူနုနေတဲ့အသားအရည် တက်ကြွရှင်လန်းနေတဲ့ ညဏ့်ပုံရိပ်ကို သူမ နှစ်သက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဏ့်အိမ်နားက ဖုန်းကိုဆက်ပြီး ညဏ့်ကိုလာဖို့ပြောတော့ မလာတော့ဘူးတဲ့ ... လွှာ့ကိုဂုဏ်ယူတယ်တဲ့ သူငယ်ချင်း အောင်မြင်တာကို ပျော်ရတယ်တဲ့ ...

ပြီးတော့ ဖုန်းချသွားသည်။

"ဒါ ဘာသဘောလဲညဏ် ကိုကိုနဲ့လွှာ့ကို တစ်မျိုးထင်သွားတာလား ... သူငယ်ချင်းအောင်မြင်တာကို ပျော်တယ်တဲ့လား"

လွှာတစ်ယောက်ထဲတွေးပြီး ညဏ်နှင့်ဝေးဝေးမှာနေတာပဲ ကောင်းပါတယ်လေဟု စဉ်းစားမိသည်။

"နင်ချစ်တာက ပြာပြာပဲ၊ နင်ကြိုးစားမယ်ဆိုတာလဲ ပြာပြာအတွက်ပဲ ငါသိပါတယ်ဟာ၊ နင်ပြာပြာ့ကို မချစ်တော့ဘူးဆိုတာ အလကားပါ နင်ညာတာ၊ ပြာပြာအထင်ကြီးအောင် နင်လုပ်ပြမှာလေ"

သူမအပေါ် ညဏ်ဥပေက္ခာပြုနိုင်လွန်းသည်ဟု ထင်သည်။

ကိုသတိုးနဲ့လွှာ ဘာအကန့်မှမရှိပါဘူး။

ပြောရင်လည်း ညဏ်လက်ခံမှာမဟုတ်။

နင် ကိုသတိုးနဲ့ကြိုက်လိုက်ဟု ပြောရက်နိုင်တဲ့ကောင် ဓာမေးပွဲကို ဘာသာစုံဂုဏ်ထူးနှင့် အောင်ပေမယ့်လည်း လွှာ မပျော်ရွှင်နိုင်ပေ။

မျက်ရည်တွေက ဘယ်ကနေဘယ်လို ပြည့်ပြည့်လာပြီ





ဝါးပြင်လေးပေါ် လိမ့်ကျနေသည်။

"မနက်ဖြန် ငါ့ဒက်ဒီပြန်ရောက်တော့မယ်ညဏ်၊ မတွေးချင်ဘူး ... နင်နဲ့ပိုပြီးဝေးကွာသွားရတော့မယ် ထင်တယ်"

သူမကားမောင်းပြီး ညဏ့်ဆီသွားဖို့ စိတ်ကူးမိပေမယ့် ... မသွားချင်တော့။

ညဏ့်ကိုသံယောဇဉ် ဖြတ်ပစ်လိုက်ဖို့ပဲ ဆုံးဖြတ်မိနေသည်။

"နင့်ကို မချစ်ချင်တော့ပါဘူး၊ အသုံးမကျတဲ့ညဏ်သော်၊ နင့်ရင်ထဲမှာ ငါ့အပေါ်အချစ်ဆိုတာ ... ဘယ်တော့မှဖြစ်တည်လာမှာ မဟုတ်ဘူး၊ ငါ ကိုသတိုးနဲ့စေ့စပ်မယ်၊ ပြီးတော့ ... နိုင်ငံခြားကို ထွက်သွားမယ် ဒါပဲ"

လွှာ စိတ်တိုလာသည်။

ညဏ့်ကိုမုန်းချင်လာသည်။

သူမ ဆက်သွယ်တာတောင် မလာတော့ဘူးတဲ့ ... ညဏ့်အပေါ် သံယောဇဉ်ကြီးခဲ့ရတဲ့ လွှာ ရင်တွေ ကွဲအက်နာကျင်လာရ၏။ သူမ ဆေး ကျောင်းတက်ချင်တာ။

နိုင်ငံခြားကို မသွားချင်လို့ပါ။

ညဏ့်ကို မခွဲနိုင်လို့ ...။

"တော်ပါပြီ ရွှေညဏ်ရာ၊ ငါအားလုံးကို မေ့ပစ်လိုက်တော့မယ်၊ နင်နဲ့အဝေးဆုံးကို ငါထွက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ညကျော့ကြောင့်မခံစားဖို့ပဲ ... ဆုံးဖြတ်ထားသည်။

မာမီက ပြန်လာပြီး ပြာပြာ့အမေအကြောင်းတွေ ပြောတော့ လွှာပင် အံ့သြသွားရသည်။

"ပြာပြာ့အမေက အကြွေးတွေဝိုင်းပြီး အိမ်ရောင်းတော့မယ် ပြီးတော့လေ ... သမီးသိဖို့လည်း မကောင်းပါဘူး၊ ပြာပြာက မောင်သတိုးဆီ ဖုန်းတွေဆက်ပြီး အမိဖမ်းဖို့လုပ်နေတယ်"

မာမီက သမီးသိဖို့ မကောင်းပါဘူးဆိုလို့ အန်ကယ်နန္ဒနဲ့ အန်တီကြည်ပြာတို့ကိစ္စလားလို့ လန့်သွားတာပဲ။

ကိုသတိုးနဲ့ပြာပြာ့ ကိစ္စဖြစ်နေ၍ စိတ်သက်သာရာရသွားသည်။

"မောင်သတိုးက ပြာပြာ့ကိုဖုန်းတွေဘာတွေ ဝယ်ပေးထားတယ်ဆို"

"မာမီ့ကို ဘယ်သူပြောတာလဲ"

"မာမီ့မိတ်ဆွေ ပွဲစားတစ်ယောက်ကပြောပြတာ၊ ကြည်ပြာ သမီးညီပြာညက်က သူဌေးလေးတစ်ယောက်ကို ချိုင်နေတာတဲ့ မာမီ့ကိုပြတာ ကားက မောင်သတိုးကားပဲ၊ တခါတလေ အဲဒီကား က ပြာပြာတို့အိမ်ရှေ့မှာ အကြာကြီးရပ်နေတာတဲ့"

"ရိုးရိုးသားသားပါ မာမီရာ၊ ကိုသတိုးက သနားလို့ပါ၊ လွှာသိ ပါတယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေတော့ မဟုတ်ပါဘူး"





"အမယ်လေး ရွှေလွှာလေး ... ဒီကိစ္စ ပေါ့ပေါ့တွက်လို့ မရဘူးနော်၊ မာမီကတော့ ဒက်ဒီကိုပြောရမယ်၊ အခုရှုပ်မှနောင်ရှင်းတဲ့ ဒါက အလေးအနက်ထားရမယ်"

လွှာ ပျော်သွားရသည်။

ညကျော့ကို အရွဲ့တိုက်ချင်ပေမယ့်လည်း ကိုသတိုးနှင့်စေ့စပ်ထားဖို့တော့ လွှာငြင်းဆန်ပစ်ချင်၏။

ဒေါသတွေပြေသွားတိုင်း ညကျော့နှင့် ဝေးရမည့်အဖြစ်တွေကို လွှာ ရှောင်ရှားနေလိုခဲ့ရသည်။

ကိုသတိုးက ပြာပြာ့အပေါ် သဘောရိုးနှင့် ပတ်သက်နေ တာ လွှာသိသိကြီးနှင့် မာမီ့ကိုရှင်းပြဖို့ဝန်လေးနေ၏။

မတတ်နိုင်ဘူးလေ ...

လွှာ့ကိုချုပ်နှောင်ထားမယ့် ဘယ်လိုအခြေအနေမျိုးကိုမဆို လက်မခံနိုင်ပါဘူး။

နိုင်ငံခြားကို ထွက်သွားမယ်ဆိုရင်တောင် လွတ်လပ်တဲ့ မိန်းကလေး ပန်းနုလွှာတစ်ယောက်ထဲ သန့်သန့်လေး ဖြစ်နေစေ ချင်သည်။

၂၅

www.burmeseclassic.com

www.burmeseclassic.com



ပြာပြာ မာနတွေမချသေးပါလား။ မျက်ဝန်းတွေက ကြောင်စီစီနဲ့ အတ္တကြီးလွန်းသည်။

"လွှာ စေ့စပ်တော့မယ် ဉာဏ်သော် ... နင်က ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေတော့မှာလား"

"ငါနဲ့ဘာဆိုင်လို့လဲ သူ့ဟာသူ ဘယ်သူနဲ့ပဲ စေ့စပ်စေ့စပ်လေ ပြီးတော့ ... လွှာ့မာမီက ငါတို့မိသားစုကို ထောက်ပံ့စောင့်ရှောက်နေတာပါ၊ ငါလုံးဝ မနှောက်ယှက်ပါဘူး"

"လွှာက နင့်ကိုချစ်နေတယ်"

"ဘာ"

"နင်လည်း မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ ဉာဏ်သော်၊ နင် လွှာ့ကို မမုန်းရဲတာမဟုတ်လား၊ ငါကတော့ နင်နဲ့ဘဝတူလေ"

"တော်ပါတော့ပြာပြာရာ ... ငါတို့ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေ အားလုံး ရပ်လိုက်ကြရအောင် ... နင်ပြောင်းသွားမှာကို ငါစိတ်မကောင်းဘူး"

"ဟား ... ဟား ... ဟား"

"ဘာရယ်တာလဲ ... ပြာ"

"နင့်စကားကိုရယ်တာ"

"ငါ နင်နဲ့ပတ်သက်တာတွေ ဘယ်တော့မှသတိမရဘူး၊ အစထဲက ရပ်ထားတာပဲ၊ နင် ... နင် လွှာလွှာ့ကို ရအောင်ယူနိုင်ပါ



အခန်း ( ၂၀ )

"ဉာဏ်"

"ဟင် ... ပြာပြာ"

"ငါတို့ပြောင်းတော့မယ် ... နင့်ကို လာနှုတ်ဆက်တာပါ"

"လွှာ့ကိုရော"

"နှုတ်မဆက်ဘူး ... လွှာက ပြာချစ်တဲ့သူနဲ့ စေ့စပ်တော့မယ်၊ အဲဒါ ဉာဏ့်ကို အသိပေးချင်တာလည်းပါတယ် ... ပြာပြာတို့ အိမ်ရောင်းပြီး အကြွေးတွေဆပ်တယ်၊ မေမေကနယ်မှာပဲ သွားနေတော့မယ်တဲ့"

"နင် ... နင် မော်ဒယ်သင်တန်း မတက်တော့ဘူးလား"

"မတက်တော့ဘူး ... ငါတက္ကသိုလ်ဝင်တန်းကို အပြင်ကနေ ပြန်ဖြေမယ်၊ နယ်ကလေ ငါ့ဘဝကိုဘယ်တော့မှ အရှုံးမပေးဘူးဆိုတာ နင့်ကိုလာပြောတာ"

www.burmeseclassic.com



လျှက်နဲ့ ငါ့ကိုလက်စားချေချင်လို့ လှလှ့ကို တခြားယောကျာ်း လက်ထဲ ထိုးထည့်ပစ်တော့မယ်၊ ကိုသတိုးက ငါအရမ်းချစ်ရတဲ့ ယောကျာ်းပဲ"

"နင်ကငွေမက်တဲ့မိန်းမပဲ ပြာပြာ ... နင်ရှုံးတော့မယ်၊ အအိပ် အစားရော မှန်ရဲ့လား ... ဘဝဆိုတာ နင်ဖြစ်စေချင်တဲ့ဆန္ဒအတိုင်း မဖြစ်နိုင်ဘူးပြာပြာ နင့်ကို ငါပဲသုံးမှာ"

"ဘာပြောတယ် နင်ကများ၊ စောင့်ကြည့်နေ ငါ ကိုသတိုးကို ရအောင်ယူပြမယ်၊ ငါမရရင်လည်း ကိုသတိုးဘဝကို ဖျက်ဆီးပစ်မယ်"

"နင်မှားမယ်နော်ပြာပြာ၊ သတိထားစမ်းပါဟ ကိုသတိုးက နင့်ကိုပိုပြီး မုန်းသွားလိမ့်မယ် ... လှက နင့်အပေါ် ကောင်းခဲ့တဲ့ သူငယ်ချင်းလေ"

"လှလှ့ကို နင်ခိုးပြေးစမ်းပါ၊ သူက သူဌေးလေ နင့်ဘဝ လည်းနိုင်မယ်၊ ပြာပြာ့ကို ကူညီပါဉာဏ်ရယ်နော်၊ လှကနင့်ကို ချစ် နေတယ် ငါသိတယ်၊ လှကလေ ကိုသတိုးကိုတောင် ငါ့လက်ထဲ ထိုးထည့်ပေးခဲ့တာ၊ လှ လက်မထပ်ချင်ဘူးတဲ့၊ ချစ်လည်းမချစ်နိုင် ဘူးတဲ့ ငါ့ကိုပြောတယ်"

လှကဉာဏ့်ကို ချစ်ရင်လည်းချစ်နေနိုင်သည်။ သံယောဇဉ် ကြီးမားစွာ တွယ်တာနေတာကိုလည်း ဉာဏ်သိနေ၏။ ဒါပေမယ့် လည်း လှ့ဘဝလေး အနစ်မွန်းမခံနိုင်။ လောလောဆယ်မှာ ဉာဏ်





က အလကားကောင်ပဲ။

"ငါ လှ့ဘဝကို မနှစ်နိုင်ဘူးပြာပြာ ... နင်သွားပါတော့၊ ဂုဏ်သိက္ခာကျအောင် ငါဘယ်တော့မှ မလုပ်နိုင်ဘူး၊ ငါလည်း လှ့ ကို ချစ်တယ်၊ နင်ပြောသလိုပဲ မမုန်းရဲဘူး၊ ငါ့ကြောင့် လှနိမ့်ကျမှာ မလိုလားလို့ပဲ"

"ခွေးကောင် အသုံးမကျတဲ့ကောင် နင်စောင့်ကြည့်နေပါ ဉာဏ်သော်၊ ငါဘာလုပ်မလဲဆိုတာ သွားပြီ"

"ပြာပြာ"၊

ပြာပြာထွက်သွားသည်။ သူ့ကိုလုံးဝ လှည့်မကြည့်တော့။ ကိုသတိုးအတွက် စိတ်ပူတယ်။ ပြာပြာ ဘာတွေလုပ်မလဲ။ သူသတိ ပေးမှ ဖြစ်မှာပါ။ ဉာဏ် ... ကိုသတိုးဆီ ဖုန်းဆက်သည်။ ကိုသတိုးက သူလာတွေ့မယ်တဲ့။ ချိန်းထားတဲ့နေရာမှာ စောင့်နေရင်း သူ့စိတ် တွေ အလှုပ်ရှားကြီး လှုပ်ရှားနေသည်။

"လှက ဉာဏ်သော့်ကိုချစ်နေတယ်၊ ပြာ ပြောပြခဲ့တာလေ"

ပြာပြာပြောသွားတဲ့စကားတွေကို ဉာဏ်ပြန်ကြားယောင် လာရင်း ရင်ထဲမှာနာကျင်ကြေကွဲနေရသည်။ လှ့ရင်ထဲမှာ သူရှိနေ ခဲ့တာ သူလည်းသိနေခဲ့၏။ လှ့ကိုသူ့ဘဝထဲ ဆွဲခေါ်ဖို့သတ္တိမရှိဘူး။ မရက်စက်နိုင်လို့ပါ ...

"တိ ... တိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

ကိုသတိုးကား သူ့နားထိုးရပ်လာပြီး ကားပေါ်တက်လေဟု ပြောမှ သူယောင်ယောင်မှားမှားဖြင့် ကားပေါ်တက်သည်။ ကောင်းလိုက်တဲ့ကားကြီး အိစက်နေတာပဲ။ သူ့စိတ်တွေလည်း သိမ်ငယ်ခြောက်ခြားသွားရသည်။ အကောင်းဆုံးကော်ဖီဆိုင်ကြီးမှာ ထိုင်ကြ၏။ လွှာ့ဘဝက ကိုသတိုးနဲ့တွေ့မှ တင့်တယ်မှာပါ။ သူ့ကိုသူလည်း နောင်တတွေ ရနေမိသည်။

"ဉာဏ်သော် ... ပြောလေ ... မင်းကကိုယ့်ကို ဘာတွေ သတိပေးချင်နေတာလဲကွ"

"ပြာပြာ့ကြောင့်ပါ ... မနက်ကဉာဏ့်ဆီလာပြီး ကိုသတိုးနာမည်ပျက်အောင်လုပ်ဖို့ ခြိမ်းခြောက်သွားလို့ပါ၊ သူချိန်းရင်သွားမတွေ့ဖို့ပဲ ... တစ်ခုတော့ရှိပါတယ် ကိုသတိုးရာ၊ ပြာပြာ့ကိုလည်း အပြစ်မတင်ပါနဲ့နော်၊ ပြာပြာ့ဘဝကလည်း သနားစရာကောင်းပါတယ်၊ သူပြောင်းတော့မယ်တဲ့ အကူအညီတော့ပေးစေချင်ပါတယ်"

ဉာဏ်သော်လည်း စိတ်ခိုင်တဲ့ ယောကျ်ားပီသသူပင်။ ငယ်ရွယ်သူဖြစ်နေ၍ ပေါ့ပေါ့လေး နေထိုင်တတ်တာပဲရှိသည်။ လွှာ ချစ်နေတာက သူမနှင့် သက်တူရွယ်တူ ဉာဏ်သော်လေ။

"ဉာဏ်သော့်ကို တစ်ခုမေးမယ် မင်းစိတ်ထဲမှာ ရှိတဲ့အတိုင်း အမှန်ဖြေစေချင်တယ်ကွာ ... ကိုယ့်မေးခွန်းက အရေးကြီးလို့ပါ





အားနာစရာမလိုဘူးနော်၊ ပွင့်ပွင့်လင်းလင်းပြော"

"ဟုတ်ကဲ့ ... မေးပါ"

"ဉာဏ်သော့်ရင်ထဲမှာ ... လွှာလွှာ မရှိဘူးလား"

"ဗျာ"

"မင်း လွှာလွှာ့ကို ချစ်နေလားလို့မေးတာပါ"

"ဟို ... ကျွန်တော်"

"မင်းချစ်တာ ပြာပြာပါလို့ ဖြေမလို့လား"

"ဟုတ်ပါတယ်"

"လွှာ့ကိုတော့ မင်းလုံးဝ မချစ်ဘူးပေါ့ ဉာဏ်သော်"

"ကျွန်တော် အမှန်တိုင်းဖြေရရင် ကျွန်တော် အချစ်ဆိုတာကို ခံစားတတ်လာတဲ့အချိန်မှာ စတင်ချစ်မိရတဲ့မိန်းကလေးက ... ပန်းနုလွှာကိုပါပဲ"

"ဒါနဲ့များကွာ"

"ပန်းနုလွှာကို မမှန်းရဲလို့ပါ။ ပြီးတော့လည်း ကျွန်တော့်က အသုံးမကျတဲ့ကောင်လေ၊ ပန်းနုလွှာရဲ့ မြင့်မားလွန်းတဲ့ဘဝကို ဆွဲချပြီး ကျွန်တော့်ကြောင့်နိမ့်ကျသွားမှာကို မလုပ်ခဲ့ဘူး၊ ပြာပြာနဲ့က ဘဝတူတွေလေ ကျွန်တော်ပြာပြာ့ကိုပဲ ချစ်ဖို့ကြိုးစားခဲ့တာပါ၊ အဲဒါက အမှန်တရားပဲ ... ဒါပေမယ့် အခုချိန်ထိ လွှာလွှာ့ကိုချစ်ဖို့ အရယူဖို့ ဆန္ဒမရှိပါဘူး၊ ကိုသတိုး ဘယ်တော့မှ ဖွင့်ပြောပြမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကိုသတိုးနဲ့ပဲ သင့်တော်ပါတယ်၊ ကျွန်တော် လိမ္မာပြီး တိုးတက်အောင် ကြိုးစားမယ်ဆိုရင်တောင် ကိုသတိုးကို ဘယ်လိုမှီနိုင်မှာလဲ၊ ကျွန်တော် မမှီတဲ့ပန်းကို တုံးခုပြီး မလှမ်းချင်ဘူး၊ လွှာ့ကို အရမ်းချစ်လို့ပါ”

ဉာဏ်သော် မင်းကလေးစားစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါကွာ။ လွှာလွှာချစ်တာက မင်းပါပဲ။ ကိုယ်က အရမ်းကို ရှက်ဖို့ကောင်းနေပါပြီ။

“ကိုသတိုး လက်ထပ်ပါ … ကျွန်တော့်ရင်ထဲက အကြောင်းတွေက ထာဝရ သိမ်းထားမယ့်အကြောင်းတွေပဲ … လွှာ စိတ်တွေလွတ်ကျွတ်သွားစေဖို့ ကျွန်တော် ပြာပြာ့ကို အရယူမယ်၊ လက်ရှိမှာပြာပြာက ကျွန်တော့်ကိုအထင်မကြီးပေမယ့် တစ်နေ့နေ့မှာ … မိန်းကလေးအားကိုးနိုင်မယ့် ယောကျ်ားလေးဖြစ်အောင် ကြိုးစားမှာပါ။ ပြာပြာကတော့ ကျွန်တော့်ကို အထင်မကြီးဘူးထင်တယ်၊ ဒါဆိုလည်း နောက်တစ်ယောက်ရှာမယ်လေ”

ဉာဏ်သော် ရယ်မောပြောဆိုနေပေမယ့် ရင်ထဲမှာပေါက်ကွဲလုဖြစ်နေသည်။ သူပြာပြာ့ကိုပဲ ချစ်မိနေအောင်လုပ်ခဲ့မိတာ … လွှာလွှာ့အပေါ် သူ့စိတ်တွေတိမ်းညွတ်မှု ရှိမနေစေရန်ဖြစ်၏။ လွှာကို တကယ်တမ်းကျတော့ မစွန့်လွှတ်နိုင်။ သူ စွန့်လွှတ်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။





“ကိုသတိုးကိုတော့ လွှာ့ကိုချစ်ရဲ့လားလို့ မမေးတော့ပါဘူး၊ ကျွန်တော်စိတ်ချပါတယ် … လွှာ့ဘဝကို တင့်တယ်စေမယ့်သူလေပြီးတော့ လွှာ့မိဘတွေလည်း ဂုဏ်တက်စေမှာပါ”

“OK ကောင်းပါပြီဉာဏ်သော်၊ မင်းကိုတော့ ကျေးဇူးတင်တယ်ကွာ … ကိုယ်လေးစားသွားရတယ်၊ ကြိုးစားနော် ကိုယ် အားသုံး အကူအညီပေးမယ်၊ လွှာက သူ့သူငယ်ချင်းဉာဏ်သော် ရှင်လန်းတက်ကြွပြီး အောင်မြင်သွားမှ ပျော်မှာပါ သွားပြီ”

ဉာဏ်ထလိုက်သည်။ ကိုသတိုးနှင့် ဆက်ပြီးမျက်နှာချင်းဆိုင်နေ့ပင် အားမရှိတော့။ လွှာကလည်း သူ့ကိုချစ်နေခဲ့၏။ သူ … ပြာပြာ့ကိုပဲချော့မယ်။ ကိုသတိုးကို မနှောက်ယှက်စေရန်ပါ။ လွှာ့ကိုလည်းကိုသတိုးက ချစ်နေသည်။ ပြာပြာနဲ့တွေ့ရမယ် မနက်ဖြန်အိမ်ပြောင်းတော့မယ်။ နေရပ်လိပ်စာလေးတော့ မေးထားမှဖြစ်မယ်။ ပြာပြာ့အိမ်ရောက်သွားတော့ အဝမှာပင် … ဉာဏ့်ခြေလှမ်းတွေရပ်သွားသည်။

“ကိုယ်တို့ဆက်မမှားသင့်တော့ဘူး ကြည် … ကိုယ်တောင်းပန်ပါတယ်၊ ရပ်ကြရအောင် ကိုယ့်မိသားစုအပေါ် တာဝန်ကျေရမယ်၊ ကိုယ်တို့မှားခဲ့ကြတာတွေ ဆက်မလုပ်ပါရစေနဲ့”

ဖေဖေ့အသံပါလား … အန်တီကြည်ပြာက ငိုယိုပြီး မခွဲနိုင်ကြောင်း ပြောနေသည်။ ဉာဏ် သိပြီပဲ။ ဖေဖေနဲ့ဖောက်ပြန်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာ့အမေ။ ညာဏ် ခန္ဓာကိုယ်တစ်ခုလုံး ထူပူတုန်လှုပ်သွားရ၏။ မေမေသာသိသွားရင် ဆက်မတွေးရဲတော့။ သူ ပြန်လှည့်ဖို့ပြင်လိုက်၏။ ဖေဖေက ဆက်ပြောသည်။

"လွှာလွှာလေးလည်း သိနေတယ် ... လူကြီးတွေကို ပြန်မပြောလို့ပေါ့ လိမ္မာတဲ့ကလေးပဲ ... ကိုယ်တို့ဆက်မှားနေရင် လွှာလေးက နှင်းဆီကိုပြောပြမှာ သေချာတယ် ... ကိုယ်တို့ မေ့ပစ်ကြရအောင်ပါ ... မင်းမရပ်ရင် ကိုယ်နောက်ထပ် လာတွေ့မှာ မဟုတ်တော့ဘူး၊ ကိုယ့်မိသားစုဘဝနဲ့ ဘယ်အရာကိုမှမလဲနိုင်ဘူး ကြည်ပြာပါပဲ ..."

ညာဏ် လှည့်ထွက်လာခဲ့သည်။

ပြာပြာတို့ သားအမိနှစ်ယောက်လုံး စိတ်ဓာတ်တွေ ပျက်စီးနေကြတာပါလား။ လွှာ့လိုပဲညာဏ်လည်း မေမေ့ကို အသိပေးဖို့ပင် သတ္တိမရှိတော့ပေ ... သူ ဖေဖေ့ကိုအတင်းအကြပ် ရယူသွားမှာလည်း စိတ်ပူသည်။

"သား ... ညာဏ် မင်းဘယ်ကနေပြန်လာတာလဲ၊ ပြာပြာတို့အိမ်ကလား၊ မေမေလည်း အခုမှသိလို့ သွားနှုတ်ဆက်မလို့ပါ"

"ဘယ်သူမှမရှိကြဘူးမေမေ၊ သားပြန်လာတာပါ၊ အိမ်ပဲပြန်ကြရအောင်ပါ"

ညာဏ်နှင့်မေမေ ကံကောင်း၍ လမ်းတစ်ဝက်မှာ သွားနေ





သည်။ မေမေ့လက်ကိုဆွဲပြီး ညာဏ်အိမ်ပြန်ခေါ်လာခဲ့ရ၏။ မေမေ မသိတာပဲ အကောင်းဆုံးဟုထင်သည်။

"ကြည်ပြာ့သမီး စားမေးပွဲကျလို့ထင်တယ်၊ ဘယ်တတ်နိုင်မလဲလေ၊ မေမေတို့အားပေးရမယ်၊ နော်လီလည်း သူ့ယောကျ်ားပြန်လာလို့ မလိုက်လာတာ"

"မနက်ဖြန်မှပြောင်းကြမှာပါ မေမေ၊ သူတို့လည်းရှက်ပြီး မတွေ့ချင်လို့ ဘယ်သူ့ကိုမှမနှုတ်ဆက်တာ ထင်ပါတယ်၊ သူတို့ဟာ သူတို့ နေပါစေ မေမေရာ"

"သားလည်း ပြာပြာ့ကိုအားပေးနော်၊ မင်းအဖေကတော့ သားနဲ့ပြာပြာငြိမှာ စိတ်ပူနေတယ်၊ မေမေကတော့ ကိုယ့်သူငယ်ချင်းသမီးလေးပဲ ချစ်တယ်၊ အောင်စေချင်ပါတယ် ... ကိုယ့်သားကရော ဘာဟုတ်လို့လဲ၊ မင်းအဖေက သဘောမတူဘူးလို့ ပြောနေရသေးတယ်၊ အင်းလေ ... မေမေလည်း ပြာပြာ့အနေအထိုင်နဲ့ စိတ်ဓာတ်ကို မကြိုက်ပါဘူး ..."

"တော်ပါတော့မေမေရာ ... သူတို့လည်းပြောင်းတော့မယ်၊ ပြီးသွားပါပြီ၊ သားလည်း မေမေနဲ့ဖေဖေတို့ ဂုဏ်ယူရမယ့်သားတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်"

"ကတိနော်"

"ကတိ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကိုဖက်၍ ဉာဏ်တို့သားအမိ အိမ်ပြန်လာကြသည်။ ညီမလေးအင်ကြင်းက စာတွေကျက်နေ၏။ ညီမလေးက စာကြိုးစားသည်။ လွှာလွှာ့လိုပဲ ... မေမေက တပြုံးပြုံး ... အစ်ကိုကြီးတစ်ယောက်ရဲ့တာဝန်တွေကို သူတွေးမိနေသည်။

"တွေ့လား ... မင်းညီမလေး စာကြိုးစားတာ အရွယ်နဲ့မလိုက်ဘူးနော်သား ... အင်း သားတို့အဖေလည်း ပြောင်းလဲလာတယ်၊ မေမေ့ဘဝ ကံကောင်းလာတာပဲ"

မေမေ့ကိုနှစ်သိမ့်ပြီး သူ့အခန်းလေးထဲဝင်လာခဲ့သည်။ စိတ်ညစ်နွမ်းရှုပ်ထွေးစေတဲ့ အတိတ်ကအကြောင်းတွေကို ဉာဏ်လုံးဝမေ့ပစ်လိုက်ဖို့ပဲ ဆုံးဖြတ်ထားမိ၏။ လွှာ့ကိုတော့ မေ့မပစ်နိုင်။ နင့်ကိုအရမ်းသတိရ လွမ်းဆွတ်နေမိမှာပဲ ပန်းနုလွှာ ... တကယ်တော့ ဉာဏ့်နှလုံးသားထဲမှာ နာကျင်ကြေကွဲနေရပါတယ် လွှာရယ် ...

မင်းကိုသတိုးနဲ့စေ့စပ်ပြီး နိုင်ငံခြားကိုအပြီးအပိုင် လိုက်သွားမှာမဟုတ်လား ... ဉာဏ်ကတော့ လက်ရှိဘဝကို လက်ခံရမည်ဖြစ်ကြောင်း အသိတွေနှင့် ထိန်းချုပ်ပစ်သည်။

ဤ

အခန်း ( ၂၁ )

ဒယ်ဒီ့ကိုကြိုရတဲ့ ခရီးစဉ်လေးက လွှာအရမ်းပျော်ရွှင်ရမယ့်အစား မျက်ရည်တွေကဝဲဝဲလာပြီး ငိုချင်နေသည်။ ဒက်ဒီနှင့်မတွေ့ရတာ ဘယ်လောက်ကြာနေပြီလဲ အရမ်းပဲတွေ့ချင်နေခဲ့တာပါ။ ဘိုသတိုးလည်း ပါနေ၏။ သူမက အစ်ကိုတစ်ယောက်လို ခင်မင်ရတဲ့ ယောကျ်ားတစ်ယောက်နဲ့စေ့စပ်ဖို့ လုံးဝဆန္ဒရှိမနေပေ။ မာမီကတော့ ဒက်ဒီ့ရှေ့မှာ မျက်နှာကြီးပုတ်သိုးမနေဖို့ သတိပေးနေသည်။

"လွှာ့မျက်နှာကြီးက ပုတ်သိုးပြီး ဘာဖြစ်နေတာလဲ၊ ဒယ်ဒီ့ကို စိတ်ညစ်အောင်မလုပ်နဲ့နော်"

"အင်းပါ"

ပြုံးလို့မှမရတာ။ ငိုချင်နေသည်။ တကယ်ပါပဲ ကိုယ့်ထက်ငယ်တဲ့ကောင်မလေးမှာ ဘာအရည်အချင်းတွေ ရှိနေမှာလဲ။

"ဟော ... သမီးလေး၊ ဒက်ဒီထွက်လာပြီနော် ... မျက်နှာ

www.burmeseclassic.com



ကြီးက"

"အင်းပါ"

အင်းပါဟုပဲ ပြောနေနိုင်သည်။ ဒက်ဒီက အပြုံးတွေနှင့်ထွက်လာပြီး လွမ်းလိုက်တာသမီးရယ်ဟု ပွေ့ဖက်လိုက်၏။ မာမီ့ကိုပင် နှုတ်မဆက်။ ဒက်ဒီ့ဘဝမှာ လွှာက ဦးစားပေးအဆင့် ... ဒက်ဒီ စိတ်ချမ်းသာအောင် နေပါတော့မယ်လေဟုတွေးပြီး အပြုံးတွေ မွှေးမြူရသည်။

"သမီးလေး တော်တယ် ... ဘာသာစုံဂုဏ်ထူးထွက်အောင် ကြိုးစားလို့ ဖေမွေးရကျိုးနပ်ပြီကွာ"

လွှာလည်း အပြုံးတွေကို အနိုင်နိုင်ပြုံးပြပြီး ပြန်ဖက်ထားသည်။ လွှာမပျော်နိုင်။ မျက်ရည်တွေက ဘယ်ကနေဘယ်လို ရောက်လာကြမှန်း မသိပါဘူး။

"ဒက်ဒီ့ဆီက လိုချင်တာတောင်းနော်၊ ဘာမဆိုပဲ သမီးလေး ဆန္ဒရှိတာပြောနိုင်တယ်"

"အင်း ... ဒါဆိုပြောမယ်နော်၊ အိမ်ရောက်မှ ... "

"OK"

ပျော်လိုက်တာ။ သမီးလေးကြိုက်တာဆိုရင် ... ကိုသတိုး၏ စေ့စပ်ပွဲကို ဖျက်သိမ်းပေးပါဒက်ဒီဟု တောင်းဆိုဖို့ ဆုံးဖြတ်ထား သည်။





"နော်လီ့ကိုလည်း ကျေးဇူးတင်တယ်၊ သမီးလေးကို လိမ္မာယဉ်ကျေးပြီး ထူးချွန်အောင် ဆုံးမသွန်သင်နိုင်လို့လေ"

"သမီးလေးက လိမ္မာပြီးသားပါကိုယ်ရယ်၊ ထူးထူးထွေထွေ ဆုံးမစရာမှ မလိုတာ"

"မာမီကတော့ ... လုပ်ပြီ"

"ဟုတ်ပါတယ်အန်ကယ် ... လွှာက ဆုံးမစရာမလိုအောင်ပဲ လိမ္မာရေးခြားရှိပါတယ်၊ လေးစားပါတယ် ပန်းနုလွှာ"

ကိုသတိုးအသံကြားတော့ စောစောက အပျော်တွေပျက်ပြီး ငိုချင်သွားရပြန်သည်။ မကြာခင် စေ့စပ်ရတော့မယ်။ ပြာပြာကလဲ ပြောင်းရွှေ့သွားပြီ လွှာ့ကိုပင်နှုတ်မဆက်သွားခဲ့။ သူ့ရည်းစားကို လည်း မလုချင်ပါဘူး။ ပေးချင်တာ ... အိမ်ရောက်တော့ မိသားစု တွေဆုံညီပွတ်လောရိုက်အောင် စကားပြောဖြစ်ကြသည်။ ကိုသတိုး ပြန်သွား၍ လွှာလည်း စိတ်လွတ်လပ်သွားရ၏ ... ညစာစားပြီး မိသားစုဝင်တွေပဲ ထိုင်ကြတော့ ဒယ်ဒီကမေးသည်။

"သမီးလေးကို ဂုဏ်ပြုတဲ့အနေနဲ့ ဒယ်ဒီ့ဆီမှာ လိုချင်တာ တောင်းနိုင်တယ်နော်၊ ဘယ်လိုအရာမျိုးပဲဖြစ်ဖြစ်ပေါ့ ... တောင်း"

"တကယ်ပေးမှာလား ဒက်ဒီ ... သမီး ဘာတောင်းတောင်း လေ"

မာမီကလွှာ့ကို မျက်လုံးပြူးကြီးနှင့် လှမ်းကြည့်သည်။ လွှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတောင်းဆိုမလဲဆိုတာ မာမီသိထားပုံပင်။

"ကိုယ်ရယ် … သမီးလွှာမှာ ဘာမှတောင်းဆိုစရာ မရှိအောင် ပြည့်စုံနေတာပဲ၊ မတောင်းခိုင်းနဲ့တော့"

"တောင်းပါစေနော်ရာ၊ ကိုယ်တို့ရဲ့ အချစ်ဆုံးတစ်ဦးတည်းသော သမီးလေးပဲ တောင်းဆိုပါစေ … တောင်းလေ"

မာမီကတော့လွှာ့ကို … စိုးရိမ်တကြီးနှင့် ကြည့်နေသည်။ လွှာတောင်းဆိုကြည့်ရမှာပဲလေ။ ဒက်ဒီလုပ်ရပ်က လွှာ့ကိုချစ်ရာမရောက် နှစ်ရာရောက်နေတယ်ဟုပဲ ထင်သည်။

"ဒယ်ဒီ"

"ပြော"

"လွှာလေ … ကိုသတိုးနဲ့ စေ့စပ်ပွဲကိုဖျက်သိမ်းပေးပါလို့ တောင်းဆိုချင်ပါတယ် … သမီး ကိုသတိုးကိုမချစ်ဘူး၊ အစ်ကိုတစ်ယောက်လိုပဲ ခင်မင်တယ်၊ သမီးငယ်ပါသေးတယ်၊ အချုပ်အချယ်ကြီးနဲ့ မနေပါရစေနဲ့နော်၊ ဒယ်ဒီက လူ့အခွင့်အရေးသမားလေ"

သမီးရဲ့တောင်းဆိုမှုအတွက် ဒေါ်နော်လီ ထင်တဲ့အတိုင်းဖြစ်နေ၍ မတားဆီးနိုင်သလို ခင်ပွန်းဖြစ်သူကိုလည်း မျက်နှာပူသွားမိသည်။

"အဲဒါတော့ … ဘယ်လိုအကြောင်းနဲ့မှ ဒက်ဒီ ခွင့်မပြုနိုင်ဘူး သမီး"





"ဟင်"

"မောင်သတိုးရဲ့ တောင်းဆိုမှုကြောင့်ပဲ၊ လူကြီးတွေအားလုံး စီစဉ်ခဲ့ကြပြီးပြီ၊ မောင်သတိုးရဲ့မိဘတွေဆီမှာ ကျေးဇူးတွေရှိတယ်၊ ဒယ်ဒီ အခုလိုချမ်းသာလာတာ … မောင်သတိုးရဲ့ အဖိုးအဖွားတွေကြောင့်လေ၊ ဒက်ဒီ့ပညာရေးအတွက် ထောက်ပံ့ပေးခဲ့ကြတယ် … နိုင်ငံခြားကိုထွက်နိုင်ဖို့လည်း သူတို့ပဲငွေထုတ်ပေးပြီး ကူညီခဲ့ကြတာလေ"

ဒေါ်နော်လီကတော့ ထိုအကြောင်းတွေ မသိခဲ့။ ကိုဆန်နီ့ စီးပွားရေးတွေ အဆင်ပြေမှ မြန်မာပြည်ပြန်လာ၍ … လူကြီးချင်း တောင်းယူခဲ့ဖြစ်သည်။

"ဒက်ဒီက လူ့အခွင့်အရေးသမားပေမယ့် … မောင်သတိုးက လူကြီးတွေကတဆင့် တောင်းဆိုခဲ့တာကို ဘယ်လိုငြင်းရမလဲ၊ သမီးနဲ့ စေ့စပ်ထားရုံလေးပဲ … မောင်သတိုးကလည်း ငြင်းပယ်စရာအကြောင်းမရှိတဲ့ သူလေ … ဒက်ဒီနဲ့မာမီလည်း လူကြီးတွေစပ်ပြီး ပေးစားခဲ့ကြတာပဲ၊ ချစ်သွားကြတာပဲလေ"

လွှာ ဘာပြောလို့ရတော့မှာလဲ။ ဒက်ဒီ့စကားတွေက ဆုံးနေပြီ။ မာမီက သူ့မလက်လေးကို ဆုပ်ကိုင်ပြီး ဆက်မပြောဖို့ အချက်ပြနေသည်။

"ဒက်ဒီ ပြန်မာပြည်ကိုရောက်လာတာ ဒီကိစ္စပဲ၊ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



မောင်သတိုးမိဘတွေ ပြန်လာလိမ့်မယ်၊ မျက်နှာပျက်အောင် မလုပ်စေချင်ဘူး သမီးရယ် …”

ဒက်ဒီလည်း စိတ်မကောင်းပါဘူး သမီးလေးရယ်။ သမီးလေး ဘ၀ကိုရင်းပြီး ကျေးဇူးဆပ်ရတာလည်း အဓိပ္ပါယ်မရှိဘူးလို့ ဒယ်ဒီသိနေပါတယ်။ သမီးပြောသလိုပဲ ဒက်ဒီက လူ့အခွင့်အရေးသမားပါ။ မောင်သတိုးက သမီးကို မြင်မြင်ချင်းပဲ သဘောကျပြီးတောင်းဆိုခဲ့တာလေ။ သမီးမျက်နှာလေး ညှိုးရော်နေတော့လည်း ဦးဆန်နီ စိတ်မကောင်းဖြစ်ရသည်။

“ဒက်ဒီ ရောက်ကာစကွယ်၊ သမီးကလည်း မောင်သတိုးက သမီးကိုချစ်တယ်လေ၊ ကိုယ်လည်း အနားယူပါတော့ … ဒီကိစ္စကို နော်လီ့တာ၀န်ထားပါ”

“သမီးလေးဆန္ဒကို မဖြည့်စွမ်းပေးနိုင်တာ … ဒယ်ဒီ့ဘ၀မှာ ဒီတစ်ခါပဲ ရှိတာနော်၊ ထပ်ပြီးတော့ မတောင်းဆိုပါနဲ့တော့ကွာ”

ဒက်ဒီ ထသွားသည်။ လွှာမျက်ရည်တွေဝဲလာကာ ငိုချင်နေ၏။ မာမီက လွှာ့အနားကပ်ထိုင်သည်။

“သမီးလွှာ … မာမီပြောတဲ့စကားကို သေချာနားထောင်ပါ၊ သမီးရဲ့သူငယ်ချင်း ညဏ်ရဲ့ဘ၀ကို တိုးတက်အောင်မြင်စေချင်တယ်နော်”

“အင်းလေ … အဲဒါနဲ့ဘာဆိုင်လို့လဲ မာမီရာ”





“ဆိုင်တယ်လေ ညဏ့်ကိုမာမီက ထောက်ပံ့ကူညီချင်တယ်၊ ဒက်ဒီမြန်မာပြည်မှာ စီးပွားရေးတွေလုပ်ရင် ညဏ့်အတွက် အခွင့်အရေးကောင်းတွေ ရလာနိုင်တယ်လေ … သမီးက ဒက်ဒီ မလွဲသာမရှောင်သာလို့ စီစဉ်ရမယ့်ကိစ္စကို ငြင်းဆန်နေရင် သမီးဒက်ဒီ ဒေါသတွေ ပေါက်ကွဲလိမ့်မယ်၊ ဒက်ဒီ့ကို အကြပ်ရိုက်အောင် မလုပ်ပါနဲ့ သမီး လက်ခံပေးပါ”

ဒေါ်နော်လီ ရိပ်မိနေတာက ညဏ့်အပေါ် … သမီးလွှာ တိမ်းညွတ်နေတယ် ဆိုတာပါပဲ။ ညဏ်တောင် မိမိတို့မိသားစုတွေ အကြပ်မရိုက်စေရန် ညဏ့်ကြောင့် ဂုဏ်သိက္ခာမမဲ့စေရန် ထိန်းသိမ်းနေကြောင်းလည်း ဒေါ်နော်လီ သိထားခဲ့သည်။ ညဏ်နှင့် သဘောမတူစရာ မရှိပေ။ ငယ်သူငယ်ချင်းတွေပဲ။ ခွေစပ်ထားတိုင်းလည်း လက်ထပ်ကြရတာမှ မဟုတ်တာ။ ချစ်သူတိုင်းလည်း လက်ထပ်ခွင့်ရချင်မှရကြတာလေ။

“သမီးကံကြမ္မာလို့ပဲ မှတ်ယူပြီး၊ ဒယ်ဒီ့ဆန္ဒတွေကို … လိုက်လျှောစေချင်တယ်လွှာ၊ ထပ်ပြီးငြင်းဆန်တဲ့ စကားလုံးတွေ အပြုအမူတွေ မလုပ်ပါနဲ့နော်၊ မာမီတောင်းပန်ပါတယ်”

“မာမီရယ်”

မာမ့ီရင်ခွင်ထဲ တိုးဝင်ပြီး လွှာငိုပစ်မိသည်။ မာမီနဲ့လွှာက သူငယ်ချင်းလို တရင်းတနှီးနေကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး သွားအိပ်တော့၊ ငိုမနေနဲ့နော် မျက်နှာလေး မို့အစ်နေမယ်၊ ဒက်ဒီ့ကို သနားပါကွယ်"

"ဟုတ်ကဲ့ပါ မာမီ"

မာမီ့ရင်ခွင်ထဲကနေ ... လွှာထွက်လာခဲ့မိသည်။ အိပ်ယာပေါ်ရောက်တော့မှ လွှာဘယ်လိုမှ ထိန်းချုပ်ထားနိုင်စွမ်းမရှိပဲ ... မျက်ရည်ပူတွေက လိမ့်ဆင်းကျလာရ၏။ ညဏ်ရယ် ... မာမီ့စကားကိုပဲ လွှာနားထောင်လိုက်ပါတော့မယ်။ ညဏ့်ဘဝရှေ့ရေးအတွက်လေ လွှာ့ရဲ့အိပ်မက်လေးထဲက ရွှေမင်းသားလေးအဖြစ်ပဲ ... ထားလိုက်တော့မယ်။ လွှာဆုံးဖြတ်လိုက်ပါပြီ။ ဒက်ဒီ့ဆန္ဒအတိုင်း ကိုသတိုးနှင့်စေ့စပ်ဖို့ပဲ ဖြစ်သည်။ ညဥ့်နက်မှ လွှာအိပ်ပျော်သွား၏။ အိပ်မက်ထဲမှာ ညဏ်က ရွှေမင်းသားလေးဖြစ်နေပြီး လွှာက သရဲမလေး ဖြစ်နေသည်။

"လွှာရေ ... သမီးလေးလွှာ ... ထတော့လေ၊ မောင်သတိုးရောက်လာတယ်၊ အပြင်ထွက်မလို့တဲ့ မျက်နှာသစ်၊ အဝတ်အစားလဲပြီး ထွက်လာခဲ့နော်"

မာမီကနှိုးနေ၍ လွှာလူးလဲထပြီး စိတ်တွေရှုပ်ထွေးသွားရပေမယ့် သူမဆုံးဖြတ်ချက်အတိုင်း ကျေကျေနပ်နပ် လက်ခံဖို့ပဲ စဥ်းစား၍ ရေချိုးပြင်ဆင်ကာ ရွှင်ရွှင်လန်းလန်းလေး ထွက်လာခဲ့သည်။

"ဟိတ် ကောင်မလေး ... မနေ့ကနဲ့မတူတော့ဘူး၊ အရမ်းရွှင်





လန်းနေတာပါလား၊ ကိုကိုတို့ မနက်စာ သွားစားကြရအောင်"

"ဟုတ်"

"ကိုကို လူကြီးတွေကို ပြောပြီးပြီလား"

ကိုသတိုးနောက်သို့ လွှာ အသာတကြည်ပဲ လိုက်လာခဲ့မိသည်။ လွှာက ပြုံးပြုံးရွှင်ရွှင်ဖြစ်နေ၍ ဒက်ဒီနှင့်မာမီလည်း ပြုံးရယ်အေးချမ်းနေကြပုံပင်။ သူမ ကိုသတိုးနောက် လိုက်လာခဲ့၏။ မနက်စာစားဖို့မှာကြပြီး ကိုသတိုးက သူမအား စိုက်ကြည့်နေကာ စကားတစ်ခွန်းပြောလိုက်၍ လွှာ အလန့်တကြားနှင့် တအံ့တသြမော့ကြည့်မိသည်။

"လွှာလေးနဲ့စေ့စပ်ပွဲကို ကိုကို့ဘက်ကနေ ဖျက်သိမ်းလိုက်ပြီနော်၊ နိုင်ငံခြားမှာရှိကြတဲ့ ကိုကို့မိဘတွေလည်း မလာကြတော့ဘူး၊ ကိုကို အကြောင်းကြားထားပြီးပြီလေ"

"ဟင် ... ဘာဖြစ်လို့ ဖျက်သိမ်းလိုက်ရတာလဲ ကိုကို ... ကျွန်မဒက်ဒီ ဘယ်လိုလုပ်မလဲ၊ လူကြီးတွေမျက်နှာပျက်ရမယ်လေ"

ဒက်ဒီ့ထက် ညဏ်အတွက်တွေးပြီး စိုးရိမ်တကြီး ဖြစ်သွားရသည်။ မာမီက ညဏ့်အနာဂတ်အတွက် ... ဒက်ဒီ့ကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်နဲ့ဟု မှာထားတာပါ။

"ကိုကို့ မိဘတွေကလည်း လွှာကငယ်နေတော့ သိပ်ပြီးသဘောမတူချင်ကြဘူးလေ၊ ကိုကိုက အတင်းအကြပ်တောင်းဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကိုကိုလည်း သေသေချာချာ ပြန်စဉ်းစားကြည့်တော့ မဖြစ်နိုင်ဘူးလို့ထင်လာတယ် ... အသက်အရွယ်ချင်းက ကွာနေတယ်လေ၊ ဒက်ဒီကလည်း ကျေးဇူးတွေ ဆပ်ချင်လို့သာလက်ခံခဲ့တာ ဆန္ဒသိပ်မရှိပါဘူး"

"ဒက်ဒီကို ဘယ်လိုပြောရမလဲဟင်၊ လွှာ့ကို စိတ်ဆိုးလို့ မဖြစ်ဘူးနော်"

"ကိုကိုမနက်က အစောကြီးလာပြီး ကိုကိုနဲ့လွှာ့သူငယ်ချင်း ပြာပြာတို့ ရှုပ်မိပါတယ်၊ လွှာလည်းသိနေတယ်လို့ ပြောလိုက်တယ်"

"ဟင် ... ကိုကိုနဲ့ပြာပြာ တကယ်ပဲရှုပ်တာလား၊ ရပ်ကွက်ထဲမှာတော့ အရမ်းပြန့်နေတယ်နော် ... မာမီတောင် သတင်းကြားထားတယ်"

"ကောင်မလေး မျက်နှာကြီးက ပြုံးသွားလိုက်တာ"

"ကိုကိုရယ် ပြာပြာ့ကိုပဲ ယူလိုက်ပါနော်၊ သနားပါတယ်"

"ကိုကို့ကိစ္စပါ၊ မင်းအခုပျော်သွားပြီ မဟုတ်လား ... "

သတိုးလည်း ပြာပြာ့ကို လုံးဝမပတ်သက်လိုတော့။ သူ့အတွက် ငယ်ရွယ်သူတွေဖြစ်နေ၍ နောက်ဆုတ်လိုက်ဖို့ပဲ ဆုံးဖြတ်ထားသည်။ လွှာလေးပျော်နေ၏။ သတိုးလည်း ကျေနပ်မိသည်။

"ဒီသတင်းကို မင်းညဏ်သော့်ဆီ သွားပြောသင့်တယ်လွှာ၊ ကိုကို လိုက်ပို့ပေးမယ်"





"အို ... ဘာဆိုင်လို့လဲ၊ လွှာမပြောချင်ပါဘူး"

ကိုကိုက ပြုံးပြုံးကြီးနှင့်ကြည့်ပြီး ... ညဏ်တို့အိမ်ရှေ့မှာ ကားရပ်ပေးကာ သူငယ်ချင်းတွေ အေးအေးဆေးဆေးစကားပြောကြ။ ကိုကိုသွားပြီဟုပြော၍ ကားကိုပြန်မောင်းထွက်သွားသည်။ ကားရပ်သံကြောင့် ညဏ်ကထွက်လာ၏။ သူမက ညဏ့်အနားပြေးသွားမိသည်။

"ညဏ် ... ဟဲ့ ရွှေညဏ်၊ ငါလေနင့်ကို ဝမ်းသာစရာ ပြောရဦးမယ် သိလား ... ကိုကိုကလေ စေ့စပ်ပွဲကိုဖျက်သိမ်းလိုက်ပြီ"

"ဟာ ... တကယ်လားလွှာ၊ ဝမ်းသာလိုက်တာ တကယ်လား"

"တကယ်ပေါ့ ငါလေပျော်လို့သေတော့မယ် ... ငါလွတ်လပ်သွားပြီ"

"ကိုယ်လည်းအရမ်းပျော်တယ်၊ နောက်နှစ်ပေါင်းများစွာ ... ညဏ်သော်နဲ့ပန်းနုလွှာ အနာဂတ်ကို ပျော်ရွှင်စွာပျိုသန်းနိုင်ကြပြီ"

ပြီးတော့မှ ... နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် စေ့စေ့ကြည့်ပြီး ... ဘာဖြစ်လို့ အရမ်းကြီးအတိုင်းအဆမရှိအောင် ပျော်နေကြရတာလဲဟု မေးမိပြီး ... တစ်ယောက်ကိုတစ်ယောက် လက်ညိုးထိုးကာ ကြောင်ဟုပြိုင်တူပြောမိရင်း ရယ်မောဖြစ်ကြသည်။ တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး အားကစား



www.burmeseclassic.com

www.burmeseclassic.com



ကွင်းဘက် လမ်းလျှောက်ရအောင်ဟု စိတ်ကူးတူညီစွာ ပြောမိကြပြန်၏။ အပျော်တွေက ဉာဏ်သော်နှင့်ပန်းနုလွှာတို့၏ ရင်ထဲသို့ အတိုင်းအဆမရှိ တိုးဝင်လျက် ... ။

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com